## အခန်း(၅၈၇) - သဘော တူညီချက်တစ်ခု ထွက်ပေါ်လာခြင်း။

သူတို့ငါးယောက်သည် ရေတွင်းထဲမှ အပြင်မထွက်ခင် သူတို့၏အော်ရာများကို ဖုံးကွယ်ခဲ့ပြီး အထွတ်အထိပ် ဓါတ်ကြွင်းများကို အသက်သွင်းလိုက်ကြသည်။

သူတို့သည် ဟင်းလင်းပြင်ထဲ မထွက်ခင် ခိုးဝင်၍ လွတ်မြောက်အောင် ထွက်ပြေးနိုင်ရန် ကြိုတင်ပြင်ဆင်လာခဲ့ကြသည်။

သူတို့၏ ခါတ်ကြွင်းများသည် အင်ပါယာအဆင့်အောက် မွန်းစတားများကို ဖုံးကွယ်ထားနိုင်သော်လည်း အင်ပါယာအဆင့် မွန်းစတားများကိုတော့ အတိုင်းအတာ တစ်ခုအထိ ဖုံးကွယ်ထားနိုင်လိမ့်မည်။

သူတို့ ငါးယောက်သည် ရေတွင်းထဲမှ ထွက်လာပြီးနောက် ဟင်းလင်းပြင် အပျက်အဆီးအတွင်းမှ လမ်းကြောင်းအတိုင်း လျှောက်လာကာ ဝင်ပေါက် အနားသို့ ရောက်လာကြသည်။

မကြာခင် အပျက်အဆီးနေရာထဲမှ ထွက်သွားရန် လိုအပ်သည်။

နေဝင်၍ ကောင်းကင်က မည်းမှောင်လာသောအခါ သူတို့နှင့် မီတာတစ်ရာခန့်ဝေးသောနေရာတွင် မွန်းစတားများစွာ လှည့်ပတ်သွားလာနေကြပြီ။

"အင်မော်တယ်အဆင့် မွန်းစတား နှစ်ကောင်"

ရီကျန်းသည် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများက သူတို့ကို အနှောက်အယှက်မပေးနိုင်သောကြောင့် ပိုမို အစွမ်းထက်သော

မွန်းစတားများကိုသာ ရှာဖွေခဲ့သည်။ မကြာခင် အင်မော်တယ်အဆင့် မွန်းစတား လေးကောင်ကို သတိထားလိုက်မိသည်။

ဟင်းလင်းပြင် အပျက်အဆီး နေရာထဲတွင် ကောင်းကင်ကြီး မည်းမှောင် လာသည်နှင့်အမျှ မွန်းစတားများက ပို၍ ပို၍ ထွက်ပေါ်လာကြသည်။ အများစုက မြေပြင် အက်ကွဲကြောင်းများထဲက ထိုးထွက် လာကြခြင်းပင်။ ဤဟင်းလင်းပြင် အပျက်အဆီး နေရာထဲတွင် မွန်းစတားမျိုးစုံ ရှိသည်။ အသားများနှင့် ဖွဲ့စည်းထားသော

မွန်းစတားများအပြင် သန့်ရှင်း မီးလျှံအဆင့်မှ အင်မော်တယ် အဆင့်ထိ အရိုးစုများလည်း ရှိသေးသည်။ လူသားအသွင်ရှိသော မွန်းစတားများလည်း ရှိသော်လည်း မွန်းစတားများသည် ရန်ဘက်များ ဖြစ်ပုံရပြီး သူတို့အချင်းချင်း တွေ့သည်နှင့် တိုက်ခိုက်ကြသည်။

"ဒီဝိညာဉ် အမျိုးအစား အရိုးစု မွန်းစတားတွေက ဒီဟင်းလင်းပြင် စစ်ပွဲ အပျက်အဆီးထဲမှာ နေထိုင်ခဲ့တဲ့ ဒေသခံတွေ ဖြစ်ရမယ်။ အသားတွေရှိတဲ့ မွန်းစတားတွေက မျက်လုံးတုကြီး

ပွင့်လာပြီးတဲ့ နောက်မှ ရောက်လာကြတာ ဖြစ်နိုင်တယ်”

လျှန်ယုရှင်းက သတိထားမိပြီး ခန့်မှန်းချက်တစ်ခု ထုတ်ပြောလိုက်သည်။

လင်းဟွမ်သည် အစကတည်းက ခြေထောက်များ သခင်၏ မှတ်ဉာဏ်များကြောင့် သိရှိထားသဖြင့် ခေါင်းငြိမ့်ပြလိုက်သည်။

ဝိညာဉ်အမျိုးအစား မွန်းစတားများမှာ ဒေသခံ မွန်းစတားများ ဖြစ်ရုံသာမက အရိုးစုများနှင့် အသားရှိသော မွန်းစတားများ ကြားတွင်လည်း

ပြိုင်ဆိုင်မှု အားကောင်ပုံပင်။ ထိုအတောအတွင်း၌ အရိုးစုများသည် အသက်ရှင်သန်ဖို့ စားသောက်ရန်အတွက် အဓိကအားဖြင့် သားရဲမွန်းစတားများကို အမဲလိုက်ပြီး သတ်ဖြတ်ကြသည်။

"ကြည့်ရတာတော့ ငါတို့ ရောက်နေတဲ့ ဒီစစ်အခြေစိုက် စခန်းအပျက်ထဲကို ဒီမွန်းစတားတွေ မလာရဲကြဘူး ထင်တယ်"

ရီရီယွီအတွက် ထူးဆန်းနေသည်။

"ဒါက ခြေထောက်များသခင်ရဲ့ နယ်မြေဖြစ်လိမ့်မယ်။ ခြေထောက်များ သခင်က အင်မော်တယ်အဆင့် (၃) ဆိုပေမယ့် သူ့ရဲ့အဆိပ်က အင်မော်တယ် အဆင့် (၆) အောက်မှာရှိတဲ့ မွန်းစတားတွေ အားလုံးအတွက် ခြိမ်းခြောက်မှုပဲ။ အဲ့ဒီတော့ သူနဲ့ ဘယ်သူမှ ရင်ဆိုင်ချင်မှာ မဟုတ်ဘူး။ သူက ဒီစစ်အခြေစိုက်စခန်းရဲ့ ဆရာကြီးပဲ"

ရီကျန်းက သူ့ခန့်မှန်းချက်ကို ထုတ်ပြောလိုက်သည်။

"အခုလောလောဆယ်တော့ မွန်းစတား အရေအတွက်က တိုးပြီးရင်း တိုးလာနေတယ်"

လီလန်သည် ပို၍ ပို၍ များပြားလာသော မွန်းစတားများကို ကြည့်ရင်း စိုးရိမ်လာသည်။ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများအပြင် အင်မော်တယ်အဆင့် မွန်းစတား အရေအတွက်လည်း တိုးများလာသည်။ ယခုလက်ရှိ သူတို့မြင်နိုင်သော မြင်ကွင်းထဲမှာပင် အင်မော်တယ်အဆင့် မွန်းစတား ဆယ်ကောင်ခန့် ရှိနေသည်။

"အင်ပါယာအဆင့် မွန်းစတားတွေကို မတွေ့ရသေးပေမယ့် အင်မော်တယ် အဆင့် မွန်းစတား အရေအတွက်ကို ကြည့်ရတာတော့ သွေးရဲရဲလေးရဲ့ စုံစမ်းစစ်ဆေးမှုက မမှားနိုင်ဘူး။ ဒါက တကယ့်ကို အဆင့် (၄) ဟင်းလင်းပြင် အပျက်အဆီး နေရာပဲ"

လျန်ယုရှင်းက မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

"ငါတို့ ကြည့်ပြီးပြီလို့ ထင်တာပဲ။ မြေအောက်ထဲ ပြန်သွားရအောင်"

ယခုမူ လင်းဟွမ်သည် သူတို့က ဟင်းလင်းပြင် အပျက်အဆီးနေရာမှာ မည်မျှ အန္တရာယ်များကြောင်း သိသွားသည်ကို မြင်လိုက်လျှင် စိတ်အေးသွားသည်။

လူတိုင်းက ခေါင်းငြိမ့်လိုက်ပြီး စတင်၍ နောက်ပြန်ဆုတ်ကြသည်။

ထိုစဉ် လီလန်က သစ်ကိုင်းခြောက်တစ်ခုကို ရုတ်တရုတ်တက် နင်းမိပြီး ဖျောက်ခနဲ အသံ မြည်သွားသည်။

မွန်းစတား နှစ်ကောင်၏ လှုပ်ရှားမှုက ရပ်တန့်သွားပြီး သူတို့ရှိရာသို့ လှမ်းကြည့်လာသည်။

မွန်းစတားအချို့က တုံ့ဆိုင်းသွားသော်လည်း သူတို့ အနီးသို့ မလာခဲ့ကြပေ။

သို့သော်လည်း ရွှေရောင်မီးလျှံအဆင့် မွန်းစတား နှစ်ကောင်ကမူ တုံ့ဆိုင်းသွားပြီးနောက် သူတို့ ရှိရာဘက်သို့ သတိကြီးစွာထား၍ လျှောက်လာကြသည်။

"သွားပြီ"

အားလုံးက ထိုအတိုင်း တွေးလိုက်မိကြသည်။

လင်းဟွမ် ဘာမှ မလုပ်ရသေးခင် လန်စန်လော့က သူ့သဘောနှင့်သူ အုပ်စုထဲမှ ခွဲထွက်ပြီး အပြင်သို့ ထွက်သွားသည်။ အနားကပ်လာသော မွန်းစတားနှစ်ကောင်ကို သတ်ဖြတ်ချင်သော မျက်လုံးများနှင့် စိုက်ကြည့်ပြီး အနားကပ်သွားသည်။

မွန်းစတားများ၏ လျှောက်လာနေခြင်းက ရပ်တန့်သွားသော်လည်း လန်စန်လော့က သူတို့၏ တုန့်ပြန်မှုကို မ စောင့်ဆိုင်းတော့ဘဲ ဓါးကို ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်ရာ

မွန်းစတားခေါင်းနှစ်လုံး လွင့်ထွက်ပြီး သွေးများ ပန်းထွက်သွားသည်။

အနီးအနားရှိ မွန်းစတားများနှင့် အင်မော်တယ်အဆင့် မွန်းစတားများ အပါအဝင် မွန်းစတားအားလုံးက လန်စန်လော့ကို ကြောက်လန့်စွာ ကြည့်လိုက်ကြသည်။

လန်စန်လော့က ပတ်ဝန်းကျင်ရှိ မွန်းစတားများကို ခပ်တည်တည် စိုက်ကြည့်ပြီး မွန်းစတား အလောင်းနှစ်ခုကို ဆွဲယူကာ နဂိုနေရာသို့ ပြန်ဆုတ်လာသည်။

မကြာခင် မွန်းစတားများသည် ထိုနေရာမှ စတင် ထွက်ခွာသွားကြသည်။ သူတို့ဘက်သို့ လှမ်းကြည့်နေသော အင်မော်တယ်အဆင့် မွန်းစတားများ ရှိသော်လည်း ချက်ချင်း အဝေးသို့ အကြည့်လွှဲသွားပြီး တိုက်ခိုက်မည့် အစီအစဉ် မရှိကြသေးပေ။

လင်းဟွမ်မှလွဲ၍ ကျန်သည့်လူအားလုံး တုန်လှုပ်သွားကြသည်။ လန်စန်လော့ကို ဤကဲ့သို့ လုပ်ဆောင်ရန် သွေးရဲရဲလေးက တောင်းဆိုခဲ့ခြင်းပင် ။ အကယ်၍ လူသားများ ကိုယ်ထင်ပြလိုက်လျှင်

မွန်းစတားများက စက္ကန့်မဆိုင်းဘဲ တိုက်ခိုက်ကြမှာ သေချာသည်။

သို့သော်လည်း လန်စန်လော့ ဖြစ်သွားသောအခါ ပုံပြင်က ကွဲပြားသွားသည်။ မွန်းစတားများက အနီးအနားတွင် အစွမ်းထက်သော မွန်းစတားတစ်ကောင် ပေါ်လာခြင်းမျှသာဟု တွေးထင်ကြလိမ့်မည်။ ဤနယ်မြေသည် ခြေထောက်များသခင် ပိုင်ဆိုင် ခဲ့ဖူးသောကြောင့် လန်စန်လော့ ပေါ်လာခြင်းမှာ အစွမ်းထက်သော

အစောင့်တစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ယူဆလိုက်ကြသည်။

ဒါသည် အင်မော်တယ်အဆင့် မွန်းစတားများက အစောပိုင်း အဖြစ်အပျက်ကို လျစ်လျူရှုခဲ့သော အကြောင်းအရင်းလည်း ဖြစ်သည်။ လန်စန်လော့ကို မကြောက်သော်လည်း ခြေထောက်များသခင်ကို ကြောက်လန့်ကြခြင်းသာ....

"ကဲ အဆင်ပြေသွားပြီ၊ သွားကြစို့"

လင်းဟွမ်က အရာအားလုံး အဆင်ပြေကြောင်း အတည်ပြုပြီးနောက် သူတို့ကို မြေအောက်ထဲ ပြန်လည် ခေါ်ဆောင်သွားသည်။

လျှန်ယုရှင်းက မြေအောက် ပထမအထပ်ကို မိနစ်ပိုင်းလေးအတွင်း အေးခဲလိုက်သည်။ အခန်းထဲမှ အနံ့သက်ဆိုးများ ကင်းစင် သွားပြီးနောက် သိုလှောင်လက်စွပ်ထဲမှ အခင်းများကို ထုတ်ယူ၍ အတူတကွ ထိုင်လိုက်ကြသည်။

"အခုတော့ ဒါက အနည်းဆုံး အဆင့် (၄) ရှိတဲ့ ဟင်းလင်းပြင် အပျက်အဆီးဆိုတာ အတည် ပြုနိုင်ပြီ"

လင်းဟွမ်က ပထမဦးဆုံး ပြောလိုက်သည်။

"အနည်းဆုံး....."

လူတိုင်းက လင်းဟွမ်ကို လှမ်းကြည့် လိုက်ကြသည်။

"ဒီဟင်းလင်းပြင် အပျက်အဆီးထဲမှာ နတ်ဘုရားတစ်ပိုင်း မရှိဘူးလို့ မဆိုလိုဘူး။ ဒါကြောင့်

အခုလောလောဆယ် အထိပဲ အဆင့် (၄) လို့ သတ်မှတ်လို့ ရမယ်”

လင်းဟွမ်က ရှင်းပြလိုက်သည်။

“လင်းဟွမ်၊ မင်း ငါတို့ကို မပြောဘဲ ထိန်ချန်ထားတဲ့အရာ ရှိသေးလား။ မင်းသာ ငါတို့ကို သူငယ်ချင်းလို့ သတ်မှတ်ရင် မဖုံးကွယ်ထားသင့်ဘူး”

လျန်ယုရှင်းသည် လင်းဟွမ်၏ ထူးဆန်းသော အပြုအမူကို သတိထားမိသည်မှာ ပထမဦးဆုံး အကြိမ်မဟုတ်သောကြောင့် မနေနိုင်ဘဲ ထုတ်မေး လိုက်သည်။

"ကောင်းပြီလေ ဒီဟင်းလင်းပြင် အပျက်အဆီး အကြောင်း ပြောပြမယ်"

လင်းဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် ခေါင်းငြိမ့်လိုက်သည်။ လျန်ယုရှင်းက ဤဟင်းလင်းပြင် အပျက်အဆီး အကြောင်းကို အမှန်အတိုင်း ပြောပြရန် တွန်းအားပေးနေခဲ့သည်။ ဤဟင်းလင်းပြင် အပျက်အဆီးထဲတွင် နတ်ဘုရာတစ်ပိုင်း မွန်းစတားများနှင့် လျှို့ဝှက်ဆန်းကြယ်

မွန်းစတားရှိနေသည့် အကြောင်း သိသောအခါ စိတ်လှုပ်ရှား လာကြသည်။

"ဒါက အရမ်းအရေးကြီးတဲ့ သတင်းပဲ။ ဘာဖြစ်လို့ အစောကြီး ကတည်းက မပြောတာလဲ"

လီလန်က မေးခွန်းထုတ်လိုက်သည်။

"ငါလဲ အစောတုန်းက မသိဘူး။ ခြေထောက်များ သခင်ကိုတွေ့ပြီးမှ ဒီအကြောင်းကို သိခဲ့တာ။ သူ့ကိုသတ်ပြီးတာနဲ့ သူရဲ့မှတ်ဉာဏ်ကို ဖတ်လိုက်လို့လေ"

လင်းဟွမ်လည်း ကူကယ်ရာမဲ့နေသည်။

ထူးဆန်းလွန်းသော စကားသံ၊ သေဆုံးသွားသော မွန်းစတား၏ မှတ်ဉာဏ်ကို ဖတ်နိုင်သည့် စွမ်းရည်အကြောင်းကို ကြားလိုက်လျှင် သူတို့အားလုံး အံ့သြသင့်သွားကြသည်။

ယခုမှ လင်းဟွမ် လျှို့ဝှက်ထားရသည့် အကြောင်းအရင်းကို နားလည်လာကြသည်။

"ဒါဆိုရင် အမွေဆက်ခံတဲ့ မှတ်ဉာဏ်တွေရော ဖတ်လို့ရလား"

လီလန် သိချင်လာသည်။

"ချိတ်ပိတ်ထားတဲ့ မှတ်ဉာဏ် တွေကိုတော့ ဖတ်လို့မရဘူး"

လင်းဟွမ်သည် သွေးရဲရဲလေး၏ စွမ်းရည်က အံ့မခန်း ဖြစ်နေသဖြင့် အမှန်တရား တစ်စိတ်တစ်ပိုင်းကို ဖုံးကွယ်ထားချင်ခဲ့သည်။

"ဒီလောက်တောင် စွမ်းတဲ့စွမ်းရည်"

ရီကျန်းသည် ပြောလက်စ စကားကို ခေတ္တမျှ ရပ်တန့်ပြီးနောက် သူ့အတွေးကို စကားလုံး ပြန်စီလိုက်သည်။

"ငါတို့ လျှို့ဝှက်ထားရမယ်။ ငါတို့က လွဲရင် ဘယ်သူမှ မသိစေနဲ့"

"ဂူအောင်းနတ်ဆိုးတွေ ဆီကနေ ဒီဟင်းလင်းပြင် အပျက်အဆီးအကြောင်း ငါသိခဲ့တယ်။ ဒါပေမယ့် ခြေထောက်များသခင် အကြောင်းတော့ ဘာမှ မသိခဲ့ဘူး"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"မင်းရဲ့စွမ်းရည်နဲ့ ပတ်သက်ပြီး ငါတို့တွေ ထပ်မမေးတော့ဘူး။ အခု ပြောသင့်တာက ဒီဟင်းလင်းပြင် အပျက်အဆီးကို နောက်ထပ် လေ့လာသင့်လား။ နောက်ပြီးတော့ နောက်သုံးရက်ကြာရင် သွေးစတေးမှု စတင်မယ်လို့ မင်းပဲ ပြောခဲ့တာ မဟုတ်လား။ အဲ့ဒီတော့ ဒီသက်ရှိစစ်ပွဲကနေ လွတ်မြောက်နိုင်ပါ့မလား"

ရီကျန်းက မေးလိုက်ချိန်တွင်

"ဒီအခန်းထဲကိုတော့ မွန်းစတားတွေ မကျူးကျော်ရဲဘူး။ ပထမ အချက်က

ခြေထောက်များသခင်က ဒီမှာ နေတယ်။ ဒုတိယအချက်က ငါတို့ရဲ့ အငွေ့အသက်ကို ကောင်းကောင်း ဖုံးကွယ်ထားလို့ ငါတို့ရဲ့တည်ရှိမှုကို မွန်းစတားတွေ မသိနိုင်ဘူး။ ဒါပေမယ့် ငါတို့ကလည်း ထွက်သွားလို့ မရဘူး။ ညဘက်ကတော့ မွန်းစတားတွေ အမဲလိုက်တဲ့အချိန် ဖြစ်လို့ နေ့ဘက်မှပဲ ငါတို့တွေ ပြန်ပြီး အမဲလိုက်ရမယ်”

“သွေးစတေးမှုက သုံးရက်လောက် ကြာအုံးမှာ ဆိုတော့ အဲ့ဒီအချိန်ကျရင် မွန်းစတားတွေ ဒီကို ရောက်လာမှာ သေချာတယ်။ ဒါကြောင့်

ဒီမှာနေတာက ဉာဏ်ကောင်းရာ ကျတယ်လို့ ငါ ထင်တယ်။ ဝင်ပေါက်က ဒီလောက်လေးပဲရှိတော့ မွန်းစတားတွေ တစ်ခေါက်တစ်ခေါက် ဝင်နိုင်တဲ့ အရေအတွက် အကန့်အသတ် ရှိတယ်။ နောက်ပြီးတော့ ဒီမြေအောက် နေရာကိုလဲ အထူးပစ္စည်းတွေနဲ့ ပြုလုပ်ထားတော့ အင်ပါယာအဆင့် မွန်းစတားတောင် ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး။ ပထမဦးဆုံးအကြိမ် သွေးစတေးမှုကို ဖြတ်ကျော်နိုင်ရင် ငါတို့တွေ ဒီနေရာမှာ တစ်လလုံးလုံး ဘေးကင်းကင်း နေနိုင်လိမ့်မယ်”

လင်းပွမ်က သူ့အတွေးကို ထုတ်ပြောလိုက်ရာ

“ဒါပေမယ့် အင်ပါယာအဆင့် ဒါမှမဟုတ် အင်ပါယာအဆင့်ထက် ပိုမြင့်တဲ့ အဆင့်က ရောက်လာရင် ဘယ်လိုလုပ်ကြမလဲ။ ထွက်ပေါက်က တစ်ခုပဲ ရှိတယ်နော်။ အစွမ်းထက်တဲ့ မွန်းစတား ဝင်လာရင် ငါတို့ ချောင်ပိတ်မိပြီး ပြေးနိုင်မှာ မဟုတ်ဘူး”

ရီကျန်းက စိုးရိမ်နေသည်။

“ဒါကြောင့် လာမယ့်နှစ်ရက်မှာ နေရာအချို့ကို အနိုင်ယူပြီးတော့ ဟင်းလင်းပြင် ခါတ်ကြွင်းထဲမှာ

တည်နေရာ ချိတ်ဆက်ထားသင့်တယ်လို့ ငါ ထင်တယ်။ အဲ့ဒီလို အစွမ်းထက်တဲ့ မွန်းစတား ဝင်လာရင်တောင် နေရာကူးပြောင်းခြင်း ခါတ်ကြွင်း အသုံးပြုပြီး နောက်တစ်နေရာ သွားလို့ရတယ်။ ဒုတိယနေရာကို ကျူးကျော်လာရင် တတိယမြောက် နေရာကို သွားမယ်”

ဒါသည် သွေးရဲရဲလေးထံမှ ရရှိခဲ့သော အကြံ ဖြစ်သည်။

ထိုစကားကြားလိုက်သော် သူတို့၏ မျက်လုံးများ တောက်ပလာသည်။

“ဒီဟင်းလင်းပြင် အပျက်အဆီးနေရာထဲမှာ ရှိတဲ့ အင်ပါယာအဆင့် မွန်းစတား အရေအတွက်က အကန့်အသတ်နဲ့ ရှိမှာပဲ။ ငါတို့တွေ ဆီကို အင်ပါယာအဆင့် မွန်းစတားအားလုံး ရောက်လာတဲ့အထိ ကံဆိုးမယ်လို့တော့ ငါ မထင်ဘူး။ နောက်ပြီးတော့ မွန်းစတားတွေရဲ့ ခြေရာလက်ရာ စောင့်ကြည့်ဖို့ သွေးရဲရဲလေးလည်း ရှိတယ်။ ဒါကြောင့် ငါတို့တွေ ဒီပြိုင်ပွဲထဲက မထွက်သင့်ဘူး”

လင်းဟွမ်က သူတို့ကို သွေးဆောင်ဖြားယောင်းနေပြီး အတူတကွ ဖြတ်သန်းနိုင်လိမ့်မည်ဟု မျှော်လင့်နေသည်။

“ဒါ အကြံကောင်းပဲ။ ဒီတစ်ကြိမ်တော့ ငါက လင်းဟွမ်ဘက်ကပဲ”

လီလန်လည်း စိတ်လှုပ်ရှားသွားသည်။

“စွန့်စားရတာ တန်တယ်လို့ ငါ ထင်တယ်။ ငါတို့တွေ အဲ့ဒီညကို ဖြတ်ကျော်နိုင်တာနဲ့ တစ်လလောက် ဘေးကင်းပြီ”

ရိရိယွီကလည်း သဘောတူ ထောက်ခံသည်။

“ဒီအစီအစဉ်က အလုပ်ဖြစ်မယ်လို့ ထင်တယ်။ ဒါက အဆင့် (၅) ဟင်းလင်းပြင် အပျက်အဆီးပဲ။ ငါတို့ အဲ့ဒါကို ကျော်ဖြတ်နိုင်ပြီး နောက်ထပ် တစ်လလောက် နေမယ်ဆို ဆုလာဒ် ကောင်းကောင်းရမှာ သေချာတယ်”

လျှန်ယုရှင်းကလည်း ခေါင်းငြိမ့်လိုက်သည်။

“ဒါဆိုလဲ ကောင်းပြီလေ။ နည်းနည်းတော့ အန္တရာယ် များတယ်။ အစီအစဉ်ကလည်း

အဆင်ပြေတယ် ဆိုပေမယ့် ငါတို့တွေ အသေးစိတ် အချက်အလက်တွေတော့ ထပ်ဆွေးနွေးရမယ်”

ရီကျန်းက ခေါင်းမငြိမ့်ခင် ခေတ္တမျှ တိတ်ဆိတ်နေခဲ့သည်။

နောက်ဆုံး၌ ဆွေးနွေးမှုအချို့ ပြုလုပ်ပြီးနောက် သူတို့ငါးယောက်လုံး သဘောတူညီချက် တစ်ခု ရရှိခဲ့သည်။

## အခန်း(၅၈၈) - နတ်ဘုရားသတ် အမြောက်။

မကြာခင် သုံးရက် ကုန်ဆုံးသွားသည်။

လင်းဟွမ်သည် မြေအောက် တတိယအထပ်ရှိ ရောမ မွန်းစတားကြီး၏အလောင်းကို စိုက်ကြည့်ရင်း အမောတကော အသက်ရှူနေသည်။

အင်မော်တယ်အဆင့် (၄) တစ္ဆေပင့်ကူကို သတ်ဖြတ်ရန် သူ့ကံကြမ္မာစက်ဝိုင်း ခုနစ်ခုထဲမှ ကံကြမ္မာစွမ်းအားများကို အသုံးပြုခဲ့ရသည်။ ဒါသည်

သန့်ရှင်းမီးလျှံအဆင့်ကို တက်လှမ်းပြီးနောက် သူတွေ့ကြုံဖူးသမျှ မွန်းစတားထဲတွင် အစွမ်းအထက်ဆုံး မွန်းစတားပင် ။

ရီကျန်းနှင့် ကျန်သည့်လူများက သူထံ လျှောက်လာသောအခါ အသက်ရှူရခက်လာသဖြင့် မွန်းစတား အလောင်းကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

“မင်း အဆင်ပြေရဲ့လား”

လျန်ယုရှင်းက စိုးရိမ်တကြီး မေးလိုက်သည်။

“ငါ အဆင်ပြေတယ်။ ဒါပေမယ့် ကံကြမ္မာ စွမ်းအားတော့ တော်တော်လေး ကုန်သွားတယ်”

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်သည်။

“မင်းက အင်မော်တယ်အဆင့်လေး မွန်းစတား တစ်ကောင်ကိုတောင် သတ်နိုင်ဆိုတော့ ကြမ်းတမ်း လွန်းပါတယ်ကွာ”

လီလန်က အံ့ဩမှင်တက်စွာ ထအော်သည်။

“တစ္ဆေပင့်ကူရဲ့ အစွမ်းအထက်ဆုံး စွမ်းရည်က မွန်းစတား အလောင်းတွေကို ထိန်းချုပ်နိုင်တဲ့

အချက်ပဲ။ လမ်းတစ်လျှောက်မှာ တွေ့သမျှ မွန်းစတားတွေ အားလုံးကို ရှင်းပစ်ခဲ့တော့ သူ့ရဲ့ အရံအင်အားကို ရှင်းပစ်ခဲ့တာနဲ့ အတူတူပဲ။ အဲ့ဒါကြောင့် ဒီကောင်က အစွမ်းအထက်ဆုံး အခြေအနေမှာ မဟုတ်တော့ဘူး။ ဒါပေမယ့် အဆင့်တူ တခြား မွန်းစတားတွေနဲ့ တိုက်ခိုက်ရမယ်ဆို ငါ ကြိမ်းသေပေါက် သေလိမ့်မယ်”

လင်းဟွမ်သည် ယခုလက်ရှိ အချိန်၌ အင်မော်တယ် အဆင့် (၄) မွန်းစတားနှင့်

ကောင်းစွာတိုက်ခိုက်နိုင်ကြောင်း သိသည်။ သို့သော်လည်း အဆင့်တူ အခြားမွန်းစတားများနှင့် ယှဉ်လျှင် အားနည်းပြီး သတ်ဖြတ်နိုင်ရန် ခက်ခဲပေလိမ့်မည်။

"မင်းရဲ့ စွမ်းရည်က အင်မော်တယ်အဆင့် (၄) မွန်းစတား တစ်ကောင်ကို ကိုယ်တိုင် တိုက်ခိုက်နိုင်အောင် ကြမ်းတမ်းနေပြီ။ နောက်ပြီးတော့ မင်းက အဖြူရောင် မီးလျှံအဆင့်မှာပဲ ရှိသေးတယ်လေ"

ရီရီယွီက သူ့ကို နှစ်သိမ့်လိုက်သည်။

"ငါ အဆင်ပြေတယ်။ ငါတို့ အနားယူရင်း ဆုလာဒ်တွေ စုဆောင်းကြတာပေါ့"

လင်းဟွမ်က လေထုအလယ်တွင် တင်ပျဉ်ခွေ ထိုင်လိုက်ပြီး ရီရီယွီကို ခေါင်းငြိမ့်ပြလိုက်သည်။

ကျန်သည့်လူများက အောင်မြင်မှု ဆုလာဒ်များကို ရိတ်သိမ်းရန် သွေးရဲရဲလေးနောက်မှ လိုက်ပါသွားကြသည်။ ဆုလာဒ်များကို ရှာဖွေနေစဉ် လီလန်က ရုတ်တရုတ် အလန့်တကြား ထအော်သဖြင့် ကျန်သည့်လူများ ထိတ်လန့်သွားကြသည်။

မျက်လုံး မှိတ်ထားသော လင်းဟွမ်ပင် မျက်လုံးဖွင့်ပြီး လှမ်းကြည့်လိုက်သည်။

“မဖြစ်နိုင်ဘူး ဒါက တကယ်ပဲ နတ်ဘုရားသတ် အမြောက်တွေလား”

လီလန်က ကျယ်လောင်စွာ အော်ပြောလိုက်သည်။

လင်းဟွမ်သည် ထိုစကားကိုကြားလျှင် အံ့သြ သင့်သွားပြီး ချက်ချင်း နေရာကူးပြောင်းကာ သူတို့ထံ ရောက်ရှိသွားသည်။

ဒါသည် ရှုပ်ထွေးသော ရွှေရောင် အစီအရင်များနှင့် ပြုလုပ်ထားသော သုံးမီတာ ရှည်သည့် အနက်ရောင် အမြောက် တစ်လက်ပင် ။

ရီကျန်းနှင့် ရီရီယွီတို့သည် စိတ်မထိန်းနိုင်ဘဲ အမြောက်ကို လက်နှင့် ထိကြည့် ကြသည်။ သူတို့သည် စစ်တပ်မိသားစုတွင် မွေးဖွား လာခဲ့သောကြောင့် စစ်တပ်သုံး ခါတ်ကြွင်းများနှင့် ကောင်းကောင်း ရင်းနှီးနေကြသည်။ သူတို့ နှစ်ယောက်သည် အမြောက်ကို လက်နှင့် ထိပြီးနောက် စကားတစ်ခွန်းမှ မပြောကြပေ။

"ဒါက နတ်ဘုရားသတ် အမြောက်လား။ တစ်ခုခုတော့ ပြောပါဦး"

လီလန်က သူတို့နှစ်ယောက်ကို တိုက်တွန်းလိုက်သည်။

"ဘာမေးစရာ လိုသေးလို့လဲ နတ်ဘုရားသတ် အမြောက်ဆိုတာ ရှင်းနေတာပဲ"

ရီရီယွို့က မျက်စောင်းထိုးပြီး ပြောလိုက်သည်။

လီလန်သည် ရီရီယွို့၏ အတည်ပြုချက်ကို ကြားသောအခါ အံ့ဩ သင့်သွားသည်။

နတ်ဘုရားသတ် အမြောက်ကို ယခင်က မမြင်ဖူးသော်လည်း ထိုအကြောင်း ကြားဖူးသည်။

ဒါသည် လွန်ခဲ့သောနှစ်ပေါင်း (၈၀၀) ကျော်က လူသားများ ဖန်တီးခဲ့သည့် လက်နက်တစ်ခုဖြစ်ပြီး အစွမ်းထက်သော မွန်းစတားများကို သတ်ဖြတ်ရန် တီထွင် ဖန်တီးခဲ့ခြင်းပင် ။ ဒါသည် နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတားများကို သတ်ဖြတ်ရန် အဓိက ရည်ရွယ်၍ ဖန်တီး ခဲ့သောကြောင့် နတ်ဘုရားသတ် အမြောက်ဟု နာမည်တွင်ခဲ့သည်။

နတ်ဘုရားသတ် အမြောက် ဟူသောနာမည်မှာ အထာကျသော်လည်း မည်သည့် နတ်ဘုရား တစ်ပိုင်းကိုမျှ သတ်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ အစွမ်းအထက်ဆုံး တတိယ မျိုးဆက် နတ်ဘုရားသတ် အမြောက်ပင် နတ်ဘုရားတစ်ပိုင်းကို ဒုက္ခသာ ပေးနိုင်ပြီး မသတ်နိုင်ပေ။ သို့သော်လဲ လုံလောက်သော စွမ်းအင် သလင်းကျောက်များ ရှိပါက နတ်ဘုရားသတ် အမြောက်က အင်ပါယာအဆင့် မွန်းစတားများကို သတ်ဖြတ် နိုင်သည်။

ရီကျန်းသည် နတ်ဘုရားသတ် အမြောက်ကို သေသေချာချာ စစ်ဆေးပြီးနောက် မျက်မှောင် ကြုတ်သွားသည်။

"အစ်ကို ဒါက သုံးလို့မရဘူးလား"

ရီရီယွီသည် သူမအစ်ကို၏ အမူအရာကို သတိထားမိလျှင် ချက်ချင်း မေးလိုက်သည်။

"သုံးနိုင်သေးတယ် အနည်းဆုံး ငါတို့ တစ်ကြိမ်၊ နှစ်ကြိမ်လောက်တော့ ထပ်သုံး နိုင်သေးတယ်။ ဒီအမြောက်က တတိယမျိုးဆက်ဆိုတော့ အရမ်း အစွမ်းထက်တယ်။ မပျက်ခင် (၁၀)

ကြိမ်လောက်တော့ တောင့်ခံ နိုင်ကြတယ်။ ဒီအမြောက်ရဲ့ ပျက်ဆီးမှု အတိုင်းအတာအရ (၇) ကြိမ်၊ (၈) ကြိမ်လောက်တော့ အသုံးပြုခဲ့တာ ဖြစ်နိုင်တယ်။ ဒါကို အလယ်အလတ်အဆင့် ဝပ်ကျင်းထဲမှာ ရှိနေတော့ လူတစ်ယောက်ယောက် ကျန်ခဲ့တာ ဖြစ်လိမ့်မယ်။ ဒါကို တစ်ကြိမ်လောက် အသုံးပြု နိုင်ရင်တောင် တော်တော်လေး ဟုတ်နေပြီ။ နောက်ပြီးတော့ ဒီနေရာမှာ ရှိနေတာလည်း နှစ်ပေါင်း ကြာနေပြီ အခြေခံအားဖြင့်တော့ စုဆောင်း သိမ်းဆည်းမှု တစ်ခုအနေပဲ သိမ်းထားလို့ ရတော့မယ်”

ရီကျန်းက ခေါင်းခါလိုက်သည်။

"ဒါကို ငါ ယူမယ်။ ဒီတန်ဖိုးကို တွက်ချက်ပြီးတော့ ငါ ရမယ့်ဝေစုထဲက နှုတ်လိုက်"

ရီရီယွီက ပြောပြောဆိုဆို နတ်ဘုရားသတ် အမြောက်ကို သူမ သိုလှောင်လက်စွပ်ထဲ ပစ်ထည့်လိုက်သည်။

"ဟော့.... မင်း ဒါကို ဘယ်လို ပစ်ရမှန်းတောင် မသိဘဲနဲ့ ဘာလို့ယူမှာလဲ"

ရီကျန်းက ဤပစ္စည်းကို ရီရီယွီထက် ပိုလိုချင်သောကြောင့် စိတ်တိုသွားသည်။

“ဒါကို စုဆောင်းမှု တစ်ခုအနေပဲ သိမ်းထားလို့ရမယ်လို့ မင်းပဲ ပြောခဲ့တာ မဟုတ်ဘူးလား”

ရီရီယွီက ရီကျန်းကို စိုက်ကြည့်ပြီး ပြန်ပြောလိုက်သည်။

“ဒါပေမယ့် သုံးလို့ရနေတုန်းပဲ”

ရီကျန်း စိတ်တိုသွားသည်။

"ငါ မသုံးချင်ဘူး ငါသုံးလိုက်ရင် ပျက်ဆီးသွားလိမ့်မယ်။ ဒါကို စုဆောင်းမှု အနေနဲ့ပဲ သိမ်းထားလိုက်ရင် တန်ဖိုး ပိုမြင့်မားလိမ့်မယ်"

ရီရီယွီက အကြောက်အကန် ငြင်းနေသည်။

"မင်းက မိန်းမကောင်းလေးပါ။ မင်း လက်ထဲမှာထားရင် အသုံးမဝင်ဘူး။ မင်း အစ်ကိုဖြစ်တဲ့ ငါ့ကိုပဲ ပေးပါ"

ရီကျန်းက သူမကို စည်းရုံးလိုက်သည်။

"အဝေးသွားစမ်း။ ငါ ကလေး မဟုတ်ဘူး"

ရီရီယွီက ဒေါသတကြီး ပြန်အော်လိုက်သည်။

"လင်းဟွမ် ဒီပစ္စည်း"

ရီကျန်းသည် သူ့ကြိုးစားမှု ကျရှုံးသွားသည်နှင့် လင်းဟွမ်ကို အသနားခံသော အမူအရာဖြင့် လှမ်းကြည့်သည်။

"ဒါက မိသားစုကိစ္စ။ ငါလည်း ကြားသုံးကြားထဲ မဝင်ရဲဘူး။ ဒီပစ္စည်းက ငါနဲ့လဲမဆိုင်ဘူး။ မင်းတို့ပြဿနာ မင်းတို့ဘာသာ ဖြေရှင်း"

လင်းဟွမ်က လက်ကို တစ်ခါခါလုပ်ပြီး ပြောလိုက်သည်။

သွေးရဲရဲလေး၏ ရေတွက်မှု မပြီးမချင်း လူတိုင်းက နတ်ဘုရားသတ် အမြောက်အတွက် တိုက်ပွဲဝင်နေကြသည်။

"အင်ပါယာ နှလုံးသား လက်စွပ်က (၄,၁၁၂) ကွင်း။ အဆင့်မြင့်အဆင့် ခါတ်ကြွင်း (ကောင်းနေတဲ့အခြေအနေ) (၃၀၁) ခု၊ နတ်ဘုရားသတ် အမြောက်က တစ်လက်၊

အထွေထွေပစ္စည်းနဲ့ တခြားသတ္တု တချို့က (၅၂၈) ခု”

“ညနေ (၄) နာရီလည်းထိုးနေပြီ။ ဒီနေ့တော့ ဒီမှာပဲ အဆုံးသတ်လိုက်ရအောင်။ သွေးစတေးခြင်း စတင်ဖို့ (၃) နာရီတောင် မလိုတော့ဘူး။ ငါတို့က တိုက်ပွဲထဲမှာ ရုန်းကန်ရဦးမှာဆိုတော့ သွေးစတေးမှု မစခင် အနားယူရအောင်”

လင်းဟွမ်က နာရီကြည့်ပြီး ပြောလိုက်သည်။ နောက်ဆုံးတွင် သွေးစတေးမှု ဆိုသည့်စကားကို ကြားလျှင် ရီကျန်းနှင့်ရီရီယွီတို့၏ ငြင်းခုန်မှုက

ရပ်တန့်သွားပြီး လျှန်ယုရှင်းနှင့် လီလန်တို့၏ မျက်နှာပေါ်တွင် လေးလံသော အမူအရာများ ပေါ်လာသည်။

မကြာခင် ဂိုထောင်ထဲတွင် နေရာလွတ်တစ်ခု ရှာပြီး ဒီညစစ်ပွဲအတွက် ပြင်ဆင်ရင်း အနားယူနေကြသည်။

လွန်ခဲ့သော သုံးရက်လုံးတွင် လင်းဟွမ်နှင့် ကျန်သည့်လူများသည် အလယ်အလတ်အဆင့် ဝပ်ကျင်း လေးခုနှင့် သေးငယ်သော စစ်အခြေစိုက်စခန်း (၃) ခုကို သိမ်းပိုက်ခဲ့ပြီး

ထိုတည်နေရာ များကို နေရာကူးပြောင်းခြင်း ခေါတ်ကြွင်းနှင့် ချိတ်ဆက်ထားခဲ့ကြသည်။ သူတို့ ပုန်းအောင်းသော နေရာများကို မွန်းစတားများက မလာကြသဖြင့် ညစဉ်ညတိုင်း ကောင်းမွန်စွာ အိပ်စက်အနားယူ ခဲ့ကြသည်။

သူတို့ သိမ်းပိုက်ခဲ့သောနေရာ ခုနစ်ခုအပြင် အင်ပါယာအဆင့် မွန်းစတားနှင့် အင်မော်တယ်အဆင့်မှ မွန်းစတား နှစ်ကောင် ရှိနေသည့် အလယ်အလတ်အဆင့် တည်နေရာ တစ်ခုကိုလည်း တွေ့ရှိခဲ့သေးသည်။ သေသေချာချာ

တွေးပြီးနောက် ထိုနေရာသို့ မသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

အမှန်တကယ်ဆို လင်းဟွမ်သည် အင်မော်တယ်အဆင့် (၄) မွန်းစတား ရှိသည့် နေရာကို မရောက်ခင်က တိုက်ခိုက်ရန် တွေဝေနေခဲ့သည်။ ကတ်အကူအညီ မပါဘဲ တစ္ဆေပင့်ကူကို သတ်ဖြတ်ရန် ယုံကြည်ချက် မရှိပေ။ နောက်ဆုံး၌ ကံကောင်းထောက်မစွာဖြင့် သတ်ဖြတ်နိုင်ခဲ့သည်။

ဟင်းလင်းပြင် အပျက်အဆီးနေရာ ထဲတွင် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ပြီး လင်းဟွမ်နှင့် ကျန်သည့်လူများ ဂိုထောင်ထဲတွင် အနားယူနေရင်း ကောင်းကင်ကြီးက မည်းမှောင်လာခဲ့ပြီ။

ယခုအခါ ဟင်းလင်းပြင် အပျက်အဆီးထဲရှိ မြေပြင်ပေါ်တွင် မွန်းစတားများ ပြည့်နှက်နေသည်။ နေဝင်ပြီး နာရီအနည်းငယ် ကြာသောအခါ မွန်းစတားအရေအတွက်မှာ ပုံမှန်ထက် ဆယ်ဆကျော် ပိုများလာပြီး စည်ကားနေသည်။

“သွေးစတေးခြင်း စတင်တော့မယ်”

သွေးရဲရဲလေးက လင်းဟွမ်ကို ပြောလိုက်သည်။

## အခန်း(၅၈၉) - သွေးစတေးခြင်း အစ။

ဟင်းလင်းပြင် အပျက်အဆီးနေရာတွင် ကောင်းကင်ကြီးသည် လုံး၀ မည်းမှောင်နေသည်။ ယခုအခါ၌ တိတ်ဆိတ် ငြိမ်သက်နေခဲ့သော ဟင်းလင်းပြင် အပျက်အဆီးထဲတွင် အနည်းဆုံး မွန်းစတား ထောင်ပေါင်းများစွာ ပြည့်နှက်နေသည်။ အင်ပါယာအဆင့် မွန်းစတားတစ်မျိုးတည်းပင် ရာနှင့်ချီပြီး ရှိနေကာ အင်မော်တယ်အဆင့် မွန်းစတားများက သောင်းနှင်ချီ၍ ရှိနေသည်။

သန့်ရှင်း မီးလျှံအဆင့် မွန်းစတားများကမူ သန်းပေါင်းများစွာ ရှိသည်။ သက်ရှိ မွန်းစတား အားလုံးနီးပါးသည် လတိုင်း ပြုလုပ်ရသော သွေးယဇ်ပူဇော်မှုအတွက် မြေအောက်ထဲမှ ထွက်လာကြပြီ။

အကယ်၍ ကြောက်စရာကောင်းသော ဤမွန်းစတား အလုံးအရင်း အုပ်ကြီးက အဖွဲ့ခွဲ (၇)တွင် ပေါ်လာခဲ့ပါက အဖွဲ့ခွဲ (၇) တစ်ခုလုံး မပျက်ဆီးလျှင်ပင် ကြီးမားသော ဘေးဒုက္ခကြီး သယ်ဆောင်လာလိမ့်မည်။

မြေအောက် တတိယအထပ်ရှိ လင်းဟွမ်နှင့် ကျန်သည့် လူများသည် သွေးရဲရဲလေး၏ မျှော့မျိုးစေ့မှ ထုတ်လွှင့်ပြသနေသော မြင်ကွင်းကို ကြည့်နေကြသည်။

လင်းဟွမ် အပါအဝင် လူတိုင်းသည် ပြသထားသော မွန်းစတား အရေအတွက်ကို ကြည့်ပြီး မျက်နှာ ဖြူဖျော့နေကြသည်။

"ဒီဟင်းလင်းပြင် အပျက်အဆီး နေရာထဲမှာ ပုန်းအောင်းနေတဲ့ မွန်းစတားတွေက ဒီလောက်အများကြီး ရှိမယ်လို့ မသိထားဘူး"

လီလန်သည် ထုတ်လွှင့်ရေး မျက်မှာပြင်မှ မွန်းစတားများကို မြင်ပြီး အံ့သြမှင်တက်ကာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"မွန်းစတား အရေအတွက်က ကပ်ဘေးအဆင့် မွန်းစတား အလုံးအရင်း ကျူးကျော်မှု ထက်ကျော်သွားပြီ"

အများအားဖြင့် ရဲရင့် နေတတ်သော ရီရီယွီပင် သူမမျက်လုံးထဲ၌ ကြောက်ရွံ့မှုများ အတိုင်းသား ပေါ်နေသည်။

"သူတို့ရဲ့ ကိန်းဂဏန်း အရေအတွက်တင် ကြောက်စရာ ကောင်းတာ မဟုတ်ဘူး။ မွန်းစတားတွေရဲ့ တိုက်ခိုက်ရေး အစွမ်းကလဲ စိတ်ကူးနိုင်တာထက် ကျော်လွန်နေပြီလို့ ငါတော့ ထင်တာပဲ"

"ဒီနေရာမှာ ရပ်ကြည့်နေရုံနဲ့ ငါတို့တွေ ရှုံးနေပြီလို့ ခံစားနေရတယ်"

ရီကျန်းလည်း အလန့်တကြား ရေရွတ်ပြီး ထုတ်လွှင့်ရေး မျက်နှာပြင်ကို စိုက်ကြည့်နေသည်။

"အဆင့် (၅) ဟင်းလင်းပြင် အပျက်အဆီးက ငါတို့ စိတ်ကူးထားတာထက် ပိုပြီး ကြောက်စရာ ကောင်းတာပဲ"

လျှန်ယုရှင်းကလည်း မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

ဤဖြစ်ရပ်ကို သူ့မျက်စိနှင့် ကိုယ်တိုင်ကိုယ်ကျ မမြင်ခဲ့ရပါက ဤဟင်းလင်းပြင် အပျက်အဆီးထဲတွင် မွန်းစတား ဤမျှ များပြားစွာ ရှိနေကြောင်း လင်းဟွမ် ယုံကြည်မိမည် မဟုတ်ချေ။

"ဒီကမ္ဘာကြီးက ငါတို့ ထင်ထားတာထက် အများကြီး ပိုကြွယ်ဝ ချမ်းသာတာပဲ"

လင်းဟွမ်က အလန့်တကြား ရေရွတ်လိုက်သည်။ သူသည် အဖွဲ့ခွဲ (၇) ရှိ နေရာများစွာကို ရောက်ဖူးပြီး ထိုနေရာများတွင် ရှိသော သန့်ရှင်းမီးလျှံအဆင့် လူအရေအတွက်ပင် ပိုများ နေကြောင်း သိလိုက်ရသည်။ သို့သော်လည်း လင်းဟွမ် ရောက်ဖူးသည်မှာ အဖွဲ့ခွဲ (၇) ၏ သေးငယ်သော အစိတ်အပိုင်းလေးမျှသာ ဖြစ်သည်။

အဖွဲ့ခွဲ (၇) တွင် ဝပ်ကျင်းစခန်း ပေါင်း ရှစ်ထောင်ကျော် ရှိနေပြီး လင်းဟွမ်သည် ထိုအထဲမှ (၁၀၀) မပြည့်သော အရေအတွက်ကိုသာ ရောက်ခဲ့ဖူးသည်။ ဝပ်ကျင်း အပြင်ဘက်ရှိ တောရိုင်းဇုန်များနှင့် အန္တရာယ်ဇုန်များ အပါအဝင် အဖွဲ့ခွဲ (၇) တစ်ခုလုံး၏ တစ်ရာခိုင်နှုန်းကိုသာ ရောက်ခဲ့ဖူးခြင်းသာ။

အတိုင်းအတာ တစ်ခုအရ လင်းဟွမ်ကို ရေတွင်းထဲက ဖားသူငယ်လေးဟု သတ်မှတ်

ရလိမ့်မည်။ မရောက်ဖူးသော နေရာမှ မမြင်ဘူးသော အရာများစွာ ကျန်ရှိနေသေးသည်။

ထို့ကြောင့် ထုတ်လွှင့်ရေး မျက်နှာပြင်တွင် ပြထားသော မွန်းစတား အရေအတွက်ကို မြင်ပြီးနောက် ဤမျှများပြားသော မွန်းစတား အရေအတွက်ကို ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်းပင်။

ကြည့်လိုက်ရုံဖြင့် ကြက်သီး မွေးညင်းများ ထလာသည်။ သို့သော်လည်း သူ မြင်နေရသည့်ထက်၊ သူ စိတ်ကူးနိုင်သည့်ထက် ပို၍ ရင်သက် ရှုမောဖွယ် ကောင်းသောအရာများ

ဤလောကကြီးတွင် ရှိနေနိုင်ကြောင်း သူ သိနေသည်။ ဒါသည် ကမ္ဘာပေါ်တွင်ရှိစဉ်က မြင်ခဲ့၊ ကြည့်ခဲ့ဖူးသော ဗီဒီယိုတစ်ခုကို ပြန်သတိရစေသည်။

ကမ္ဘာမြေနှင့် အခြား ဂြိုလ်များကို နှိုင်းယှဉ်ထားသော ဗီဒီယိုတစ်ခုပင် ။ နှိုင်းယှဉ် ကြည့်ပါက ဂလက်ဆီအတွင်း၌ ကမ္ဘာသည် အမှုန်အမွှားလေးမျှသာ....။ ဗီဒီယိုအဆုံး၌ နဂါးငွေ့တန်းသည်လည်း စကြာဝဠာအတွင်း၌ ဖုန်တစ်ခုမျှသာ ဖြစ်နေပြီး လူသားများက

ထိုဖုန်ထဲမှ ဖုန်မှုန့်မှျသာ ဖြစ်နေကာ အရေးမပါသော တည်ရှိမှု ဖြစ်နေသည်။

ထိုအကြောင်းအရာက လင်းဟွမ် ယခုလက်ရှိ ရောက်နေသော ကမ္ဘာကြီး အကြောင်းကို အမြင်အသစ်နှင့် ပြန်တွေးတောမိစေသည်။

ဘေးကင်းဇုံ (၁၂) ခုအပြင် ကျန်သည့် နေရာများက မည်မျှ ကြီးမားနေလိမ့်မည်နည်း။ ဤကမ္ဘာအပြင် ဤကမ္ဘာထက် ကြီးမားသော အခြားကမ္ဘာများ ရှိသေးသည်လော။

"ဒီဟင်းလင်းပြင် အပျက်အဆီးက ဘယ်လောက်ကြီးလဲ ငါ မသိဘူး။ ဒါပေမယ့် (အေ)အဆင့် ဝပ်ကျင်းတစ်ခုထက် ပိုကြီးမှန်းတော့ ငါ သိတယ်"

လီလန်က လင်းဟွမ်ကို လှမ်းကြည့်ပြီး ဤဟင်းလင်းပြင် အပျက်အဆီးက မည်မျှ ကြီးမားလဲဆိုသည့် သူ့အထင်ကို စတင် ပြောဆိုလိုက်သည်။

လင်းဟွမ်သည် အတွေးထဲမှ ရုန်းထွက်ကာ ခေါင်းခါရင်း ပြုံးလိုက်ပြီး လီလန်၏စကားကို ပြင်ပေးချင်စိတ်မရှိပေ။

ည (၈) နာရီ ထိုးသောအခါ စူးရှ၍ ကျယ်လောင်သော လူသားတစ်ယောက်၏ အော်သံလိုမျိုး ကြားလိုက်ရသည်။

"တိုက်"

အသံသည် မြေပြင်ထဲမှ ထိုးဖောက်ထွက်ပေါ်လာပြီး သူတို့အဖွဲ့လည်း ကျယ်လောင်၊

ပီသစွာ ကြားလိုက်ရသည်။ ထိုအရာကို ကြားလိုက်ရသဖြင့် တုန်လှုပ်သွားကြသည်။

အမှန်တကယ်ဆို ထိုအသံက ကျယ်လောင်လှသဖြင့် ဟင်းလင်းပြင် အပျက်အဆီးထဲမှ သက်ရှိမွန်းစတားတိုင်း ရှင်းရှင်းလင်းလင်း ကြားနိုင်လောက်အောင် ကျယ်လောင်လှ၏။

ထိုအသံကို ကြားလိုက်သည်နှင့် မွန်းစတားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ယခုအခါ၌ ဟင်းလင်းပြင် အပျက်အဆီးသည် ပွက်ပွက်ဆူနေသော ရေနွေးအိုးတစ်အိုးနှင့် တူနေပြီး

တင်းမာနေကာ အနေရ ခက်စေသော အခြေအနေပင် ။

သူတို့ သိမ်းပိုက်ခဲ့သော ဝပ်ကျင်းခုနစ်ခုကို သွေးရဲရဲလေး ထုတ်ဖော်ပြသသော စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် အသံများ ကြားရသည်နှင့် တစ်ပြိုင်နက် စစ်ပွဲကြီး စတင်ခဲ့သည်။

မရေမတွက်နိုင်သော မွန်းစတားများသည် သူတို့ ပြိုင်ဘက်များကို အရူးအမူး တိုက်ခိုက်နေကြသည်။ လူအရိုးစုများက မွန်းစတား အရိုးစုများနှင့် တိုက်ခိုက်နေစဉ် အသွေးအသားရှိသော

မွန်းစတားများက အသေးအသားရှိသော အခြား မွန်းစတားများကို တိုက်ခိုက် သတ်ဖြတ်နေကြသည်။

ထို့အပြင် အခြား မွန်းစတားများကို သတ်ဖြတ်နေသည့် မွန်းစတားများလည်း ရှိသေးသည်။ မွန်းစတားအားလုံး ရှုးသွပ်သွားပုံပင်။

မိနစ်အနည်းငယ် အတွင်းမှာပင် မွန်းစတားပေါင်းများစွာ သေဆုံးခဲ့ပြီး တစ်ချိန်က ခြောက်သွေ့နေသော မြေပြင်မှာ ယခုအခါ သွေးချောင်းစီး၍ စိုစွတ်နေသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် ပြသထားသော မွန်းစတားများကို ကြည့်ရင်း ထိတ်လန့်နေကြသည်။

"ဒီကောင်တွေ စိတ်လွတ်သွားတဲ့ပုံပဲ"

ရီကျန်းက တံတွေးတစ်ချက် မြိုချပြီး ပြောလိုက်သည်။

"ဒီကောင်တွေ စိတ်လွတ်သွားတာ မဟုတ်ဘူး။ သူတို့အတွက် တိုက်ခိုက်ဖို့ လိုအပ်တယ်။ သွေးယဇ်ပူဇော်ဖို့ မွန်းစတားအရေအတွက် မလုံလောက်ရင် နတ်ဘုရားတစ်ပိုင်းနဲ့

ဆန်းကြယ်မွန်းစတားက သူတို့ကိုပါ သတ်ပစ်လိမ့်မယ်။ အခုအခြေအနေမှာ သူတို့အတွက် အသက်ရှင်ဖို့ အခွင့်အလမ်း ရှိသေးတယ်။ ပိုအစွမ်းထက်တဲ့ မွန်းစတားတွေအတွက် နတ်ဘုရားတစ်ပိုင်းနဲ့ လျှို့ဝှက်ဆန်းကြယ် မွန်းစတားထွက်လာရင် အသက်ရှင်ဖို့ အခွင့်အရေး ရှိတော့မှာ မဟုတ်ဘူး”

လင်းဟွမ်က မျက်မှောင် ကြုတ်ပြီး ခေါင်းခါလိုက်သည်။

"သူတို့က ဒီနေရာကို တိုက်ခိုက်မယ့် အစီအစဉ် မရှိတဲ့ပုံပဲ"

လျှန်ယုရှင်းသည် မွန်းစတားများက ဤနေရာသို့ ကျူးကျော် ဝင်ရောက်လာခြင်း မရှိသည်ကိုမြင်လျှင် အနည်းငယ် စိတ်အေးသွားသည်။

"သူတို့ အနီးတဝိုက်မှာရှိတဲ့ မွန်းစတား အားလုံးကို ကုန်အောင်သတ်ပြီးရင် ဝပ်ကျင်းတွေဆီ လာလိမ့်မယ်"

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ရှင်းပြလိုက်သည်။ ကျန်သည့်လူ အားလုံးသည် ဒီစကားကိုကြားလျှင် အံ့ဩမှင်တက် သွားကြသည်။

“တိုက်ပွဲထဲက မလွတ်မြောက်နိုင်ဘူး။ အားနည်းတဲ့ မွန်းစတားနဲ့ တွေ့ပါစေလို့ပဲ ဆုတောင်းရအောင်”

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်သည်။

ဟင်းလင်းပြင် အပျက်အဆီးထဲတွင် အချိန်များ ကုန်ဆုံး လာသည်နှင့်အမျှ သေသွားသော မွန်းစတားများ ပိုမို များပြားလာခဲ့ပြီး မြေပြင်ပေါ်တွင်

သွေးမြစ်ကြီး စီးဆင်းနေသည်။ သို့သော်လည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းက ဆက်လက်ဖြစ်ပွားနေဆဲပင်။

ညနက်သန်းခေါင် (၁၂) နာရီခန့်တွင် နေရာတော်တော်များများက တိုက်ပွဲများ ပြီးဆုံးသွားခဲ့သည်။

လင်းဟွမ်နှင့် ကျန်သည့်လူများ ပုန်းအောင်းသောနေရာအနီးတွင် အနိုင်ရသော အဖွဲ့မှာ အင်ပါယာအဆင့် ရောမ မျောက်ဝံကြီး ဦးဆောင်နေသည့် မွန်းစတား အဖွဲ့ပင် ။

"ငါတို့ ဒီနေရာမှာ ဆက်နေလို့ မရတော့ဘူး။ ရောမမျောက်ဝံကြီးက အင်ပါယာအဆင့်ပဲ။ ဒီနေရာကို နှစ်နာရီ မကြာခင် ရောက်လာလိမ့်မယ်"

လင်းဟွမ်သည် ထွက်သွားရန် အသင့် လုပ်လိုက်သည်။

ကျန်သည့်လူများလည်း စောင့်ကြည့်ရေး မျက်နှာပြင်မှတစ်ဆင့် ဤမျောက်ဝံကြီးက မည်မျှ အစွမ်းထက်ကြောင်း မြင်ဖူးထားသဖြင့် ဘာမှ မပြောတော့ပေ။

တိုက်ပွဲထဲတွင် မျောက်ဝံကြီး ဆင့်ခေါ်ခဲ့သော ကံကြမ္မာနန်းတော်မှာ ကြောက်စရာကောင်းသော သံတူကြီး ဖြစ်သည်။ အင်ပါယာအဆင့် အခြား မွန်းစတားများကို သတ်ဖြတ်ရန် မျောက်ဝံကြီးက သုံးချက်သာ ရိုက်ရန် လိုအပ်ခဲ့သည်။ မျောက်ဝံကြီးက အစွမ်းထက်သည်ထက် အစွမ်းထက်သော အင်ပါယာအဆင့် မွန်းစတားများထဲမှ တစ်ကောင်ဖြစ်ကြောင်း အထင်အရှားပင်။

"ငါတို့တွေ အမှတ်သုံး ဝပ်ကျင်းကို မသွားနိုင်တော့ဘူး"

လျှန်ယုရှင်းက ပြောလိုက်သည်။

ဝပ်ကျင်းများ၏ နံပါတ်ကို သူတို့ သိမ်းပိုက်ခဲ့သော နံပါတ် အစဉ်လိုက်အတိုင်း ပေးထားခဲ့သည်။ သူတို့ရောက်နေသော ဝပ်ကျင်းမှာ အမှတ် (၇) ဖြစ်ပြီး အမှတ် (၃) ဝပ်ကျင်းမှာ လွန်ခဲ့သော ရက်အနည်းငယ်က သိမ်းပိုက်ထားခဲ့ခြင်း ဖြစ်သည်။

ကျန်သည့်လူများသည် လျှန်ယုရှင်း၏ စကားကို ကြားလိုက်လျှင် စောင့်ကြည့်ရေး မျက်နှာပြင်ကို ချက်ချင်း လှမ်းကြည့်လိုက်ကြသည်။

ဝပ်ကျင်း နံပါတ် (၃) အနီးက တိုက်ပွဲမှာ ပြီးဆုံးသွားခဲ့ပြီး အောင်နိုင်သူမှာ ထုံးစံအတိုင်း အင်ပါယာအဆင့် မွန်းစတား နောက်တစ်ကောင်ပင်။ သူသည် အစွမ်းထက်သော ပုရွတ်ဆိတ်တစ်ကောင် ဖြစ်ပြီး သူနှင့်အတူ ပုရွတ်ဆိတ် စစ်တပ်ကြီး ပါသည်။

ပုရွတ်ဆိတ် မွန်းစတား၏ ကံကြမ္မာနန်းတော်မှာ ပုရွတ်ဆိတ် ထောင်ပေါင်းများစွာရှိသော ရောမ ပုရွတ်ဆိတ် အသိုက်ကြီးပင် ။ ထို ပုရွတ်ဆိတ် အားလုံးမှာ သာလွန်အဆင့်များဖြစ်ပြီး ထိုအထဲမှ ဆယ်ကောင်ကျော်သည် အင်မော်တယ် အဆင့် ဖြစ်သည်။

ကံကြမ္မာနန်းတော်ကို ဆင့်ခေါ်ပြီးသည်နှင့် ကံကြမ္မာစွမ်းအားများက မရေမတွက်နိုင်သော ပုရွတ်ဆိတ် မွန်းစတားများကို ဖန်တီးကြသည်။ ပုရွတ်ဆိတ် မွန်းစတားများ သေသွားသောအခါ

ကံကြမ္မာစွမ်းအားအဖြစ် ပြန်ပြောင်းပြီး အသိုက်ထဲ ပြန်ဝင်သွားသည်။ ဤကဲ့သို့ အဆုံးမရှိသော သံသရာနှင့်အတူ ပုရွတ်ဆိတ် မွန်းစတားများသည် နောက်တစ်ကြိမ် ပြန်ပေါ်လာကြသည်။

ပုရွတ်ဆိတ် မွန်းစတားသည် ရောမမျောက်ဝံကြီးကို မတိုက်ခိုက်နိုင်သော်လည်း ထိုပုရွတ်ဆိတ် မွန်းစတားတွင် ပုရွတ်ဆိတ် စစ်တပ်ကြီး ရှိနေသဖြင့် တားဆီး၍ မရနိုင်ချေ။ အမှန်တကယ်ဆို မျောက်ဝံကြီး၏ စစ်တပ်က ပုရွတ်ဆိတ် စစ်တပ်လောက် အစွမ်းထက်ခြင်း

မရှိပေ။ ပူးပေါင်း လုပ်ဆောင်ခြင်း စွမ်းရည်အရ ဆိုလျှင် ပုရွတ်ဆိတ် စစ်တပ်ထက်ပင် နိမ့်ကျ သေးသည်။

"ငါတို့တွေ နံ့ပါတ်တစ်နဲ့ နံ့ပါတ်လေး ဝပ်ကျင်းကိုလဲ မသွားနိုင်တော့ဘူး"

ရီကျန်းက ပြောလိုက်သည်။ ယခုအခါ ထိုနေရာနှစ်ခုကို အင်ပါယာအဆင့် မွန်းစတားများက သိမ်းပိုက်လိုက်ကြပြီ ဖြစ်၍ တိုက်ပွဲက မပြီးသေးသော်လည်း ရလဒ်က အရေးမပါတော့ချေ။

"ငါတို့ သိမ်းပိုက်ခဲ့တဲ့ အလယ်အလတ်အဆင့် ဝပ်ကျင်းလေးခုမှာ အင်ပါယာအဆင့် မွန်းစတားတွေ ရှိနေပြီ။ ကျန်တဲ့ သုံးနေရာကရော ဘယ်လိုလဲ"

လင်းဟွမ်သည် ကျန်ရှိနေသည့် ဝပ်ကျင်း အသေးသုံးခုကို ကြည့်လိုက်သည်။

"နံပါတ်နှစ်မှာ အင်ပါယာအဆင့် မွန်းစတား တစ်ကောင်နဲ့ နံပါတ် (၆) မှာ အင်မော်တယ် အဆင့်(၇) မွန်းစတားတစ်ကောင် ရှိနေတယ်"

လင်းဟွမ်က စိုးရိမ်ကြောင့်ကြစွာ လှမ်းကြည့်လိုက်စဉ် သွေးရဲရဲလေးက ပြောလိုက်သည်။

"နံပါတ် (၄) ဝပ်ကျင်းအနီးမှာ အင်မော်တယ် အဆင့်လေး မွန်းစတားတစ်ကောင် ရှိတယ်"

လင်းဟွမ်သည် သွေးရဲရဲလေး၏ စကားကို ကြားလျှင် အမြန် လှမ်းကြည့်လိုက်သည်။

တိုက်ပွဲသည် ဆက်လက် ဖြစ်ပွားနေဆဲ ဖြစ်သော်လည်း မကြာခင် ပြီးဆုံးတော့မည်ဟု ထင်ရသည်။ အရာအားလုံးက သူ

မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခဲ့မည်ဆိုလျှင် အင်ပေါ်တယ်အဆင့် (၄) နွယ်ပင်မွန်းစတားက အနိုင်ရလိမ့်မည်။ ၎င်း နောက်လိုက်အားလုံး၏ ခေါင်းပေါ်တွင် ဖောက်ထွင်းမြင်ရသော အမျှင်များ ရှိနေပြီး အားလုံးက ကပ်ပါးလက်ခံကောင်များ ဖြစ်ပုံရသည်။

"နံပါတ် (၅) ဝပ်ကျင်းကို သွားကြစို့"

လင်းဟွမ် ဆုံးဖြတ်ချက် ချလိုက်သည်။

## အခန်း(၅၉၀) - ရုပ်သေး နှယ်ပင်။

သိမ်းပိုက်ထားခဲ့သော ဝပ်ကျင်း ခုနှစ်ခုထဲတွင် နံပါတ် (၅) ဝပ်ကျင်းကသာ အလုံခြုံဆုံး ဖြစ်နေသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများအတွက် ထိုဝပ်ကျင်းမှလွဲ၍ အခြား ရွေးချယ်စရာ မရှိပေ။

သူတို့ ငါးယောက်နှင့် လန်စန်လော့တို့သည် တွေဝေခြင်း မရှိဘဲ နေရာကူးပြောင်းခြင်း ခါတ်ကြွင်းထဲ ဝင်သွားကြသည်။ ကီလိုမီတာ

(၆,၀၀၀) အကွာတွင် တည်ရှိသော နံပါတ် (၅) ၏ မြေအောက် ဒုတိယ အထပ်ကို ရောက်ရှိလာကြသည်။ ဤဝပ်ကျင်းလေးတွင် မြေအောက်အထပ် နှစ်ထပ်သာရှိပြီး အရွယ်အစားမှာ အလယ်အလတ်အဆင့် ဝပ်ကျင်း၏ လေးပုံတစ်ပုံမျှသာ....

နံပါတ် (၅) ဝပ်ကျင်းကို ရောက်သောအခါ သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ကို ထုတ်ဖော် ပြသလိုက်သည်။ နံပါတ် (၇) ဝပ်ကျင်းအနီးရှိ အင်ပါယာအဆင့် ရောမ

မျောက်ဝံကြီးက အခြားနေရာများကို စတင်တိုက်ခိုက်နေသည်။ ထိုအချိန်တွင် နံပါတ် (၃) ဝပ်ကျင်းအနီးက တိုက်ပွဲလည်း ပြီးဆုံးသွားခဲ့ပြီ။ အင်ပါယာအဆင့် ပုရွတ်ဆိတ် မွန်းစတားက ထိုအနီးတစ်ဝိုက်ရှိ ထောင်နှင့်ချီသော မွန်းစတားအားလုံးကို သတ်ပစ်ခဲ့သည်။ အခြားနေရာများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေဆဲပင်။

မကြာခင် သူတို့ ရောက်ရှိနေသော နံပါတ် (၅) ဝပ်ကျင်းအနီးက တိုက်ပွဲလည်း ပြီးဆုံးသွားခဲ့သည်။ မျှော်လင့်ထားသည့် အတိုင်း အင်မော်တယ်အဆင့်

(၄) ရုပ်သေးနွယ်ပင် အနိုင် ရရှိခဲ့သည်။ ၎င်းက မွန်းစတားများကို ကပ်ပါး ကူးစက်စေပြီး အခြားမွန်းစတား အသိုက်များကို ကျူးကျော်ရန် ပြင်ဆင်နေသည်။

"ဒီနံပါတ် (၄) ဝပ်ကျင်းကို ကပ်ပါးလက်ခံကောင်တွေ တစ်နာရီအတွင်း ရောက်လာလိမ့်မယ်"

သွေးရဲရဲလေးက ပြောလိုက်သည်။

"ငါတို့မှာ ပြင်ဆင်ချိန် တစ်နာရီ ရှိသေးတယ်။ ခက်ခဲတဲ့ တိုက်ပွဲတစ်ပွဲ ဖြစ်လာနိုင်တယ်"

လင်းဟွမ်က ကျန်သည့်လူများထံ သွေးရဲရဲလေး၏ သတင်းစကားကို မျှဝေပေးလိုက်ရာ

"ဒါက ကပ်ပါး မွန်းစတားတစ်ကောင်ပဲ။ ငါတို့ တိုက်ခိုက်လို့ ရပါ့မလား"

ရီကျန်း မျက်မှောင်ကြုတ်သွားသည်။

သူတို့သည် ကပ်ပါးကောင် မွန်းစတား၏ တိုက်ခိုက်မှုကို စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် မြင်ခဲ့ရပြီး ဒါသည် မကြာသေးခင်က တိုက်ခိုက်ခဲ့သော တစ္ဆေပင့်ကူထက် ပို၍ အစွမ်းထက်သည်။

"မတိုက်ခိုက် ရသေးတော့ သေတော့ မသေချာဘူး"

လင်းဟွမ်သည် သူ၏ ကတ်အကူအညီ မပါဘဲ ကပ်ပါး မွန်းစတားအား သတ်ဖြတ်နိုင်မလား ဆိုသည်ကို မသေချာပေ။ သို့သော် ကြောက်လည်း မကြောက်နိုင်ချေ။ အကယ်၍ မကိုင်တွယ်နိုင်ပါက အသွင်ပြောင်းကတ်ကို အသုံးပြုပြီး ရွှေရောင် မီးလျှံအဆင့်အထိ အဆင့်မြှင့်တင်နိုင်သည်။

"မင်းလည်း မသေချာဘူးလား။ ငါတို့တွေ ရှုံးသွားရင် မွန်းစတားရဲ့ ကပ်ပါးလက်ခံကောင်တွေ

ဖြစ်သွားနိုင်တယ်။ အဲ့ဒါက သေတာထက် ပိုဆိုးတယ်နော်”

လီလန်က အဖွားအိုကြီး တစ်ယောက်ကဲ့သို့ ငြီးညူနေသည်။

“ငါ ပြောချင်တာက ငါ့ အဆုံးစွန်ဆုံး တိုက်ကွက်ရဲ့အစွမ်းကို ငါလဲ သေသေချာချာ မသိဘူး”

လင်းဟွမ်က ပြောလိုက်သည်။

“မင်းရဲ့ အဆိုးစွန်ဆုံး လျှပ်ရှားမှုကို အသုံးပြုရင် ဘာဖြစ်လာမလဲ၊ မင်းမှာ ယုံကြည်မှုရှိလား”

လီလန်က မေးလိုက်သည်။

“ခါးချက်တစ်ချက်ပဲ လိုတယ်”

လင်းဟွမ်က စပ်ဖြီးဖြီးပြုံးပြီး ယုံကြည်မှုရှိစွာ ပြောလိုက်သည်။

ကျန်သည့် လူများက မျက်လုံးပြူးပြီး တအံ့တအော ဝိုင်းကြည့်နေကြသည်။

"စိတ်ရှုပ်မခံနဲ့။ အနိုင်ရဖို့ ယုံကြည်ချက် မရှိရင်လည်း ငါတို့ကို ပြော။ ဒီလိုမှမဟုတ်ရင် တစ်ခြား နည်းလမ်းတွေ စဉ်းစားရမယ်"

ရီရီယွီသည် အံ့အောသင့်သွားပြီး လင်းဟွမ်က အလေးအနက်ထားခြင်း မရှိဘူးဟု ထင်နေ၍ တင်းမာနေသော အခြေအနေကို ဖြေလျှော့စေရန် ပြောခဲ့ခြင်းသာ.....

"ငါ မနှောက်ဘူး"

လင်းဟွမ်က သူတို့ကို တည်ငြိမ်စွာ လှမ်းကြည့်လိုက်သည်။

အဖြူရောင်မီးလျှံအဆင့်က အင်မော်တယ်အဆင့် (၄) မွန်းစတား တစ်ကောင်ကို ဓါးချက် တစ်ချက်ခုတ်ရုံဖြင့် သတ်နိုင်သည်ဟု ပြောခြင်းက အဓိပ္ပါယ် မရှိသော်လည်း လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း ပြန်သတိရသွားပြီး သံသယ မရှိကြတော့ပေ။

ဤကမ္ဘာကြီးတွင် လူတစ်ယောက်၏ စွမ်းရည်ကို အချိန်တိုလေး အတွင်း မြှင့်တင်ပေးနိုင်သည့် လျှို့ဝှက်ကျင့်စဉ် များစွာရှိသည်။ လင်းဟွမ်က ထိုကဲ့သို့ လျှို့ဝှက်စွမ်းရည် တစ်မျိုးမျိုး

တတ်ကျွမ်းထားနိုင်သည်။ ထို့အပြင် သူ့ဆရာမှာ မစ္စတာဖူး ဖြစ်နေသည်။

အမှန်တကယ်ဆို လင်းဟွမ်သည် အသက်သွင်းပြောင်းကတ်ကို အသက်သွင်းပြီးနောက် အသွင်းပြောင်းခြင်း ကတ်၏ အကျိုးသက်ရောက်မှုကို ဖုံးကွယ်ရန်အတွက် လျှို့ဝှက်စွမ်းရည်ကို အသုံးပြုသလို လုပ်ဆောင်ရန် စီစဉ်ထားသည်။

ကျန်သည့်လူများသည် လင်းဟွမ်၏ အဆုံးစွန်ဆုံး လှုပ်ရှားမှုက မည်မျှ အစွမ်းထက်ကြောင်း

အတည်ပြုပြီးနောက် မေးခွန်းများ မေးမြန်းနေခြင်းကို ရပ်တန့်လိုက်ကြသည်။

ထို့နောက် စောင့်ကြည့်ရေး မျက်နှာပြင်မှ စောင့်ကြည့်ရင်း အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။ မကြာခင် နံပါတ် (၁) ဝပ်ကျင်းမှ နံပါတ် (၄) ဝပ်ကျင်းအထိ တိုက်ပွဲများလည်း ပြီးဆုံးသွားခဲ့ပြီ။

ဝပ်ကျင်းတစ်ခုကို လူအရိုးစု မွန်းစတား တစ်ကောင်က သိမ်းပိုက်ခဲ့ပြီး နောက်တစ်နေရာကို အနက်ရောင် မြွေမိစ္ဆာဘုရင်က အနိုင်ရရှိခဲ့သည်။

သူတို့ နှစ်ကောင်လုံးမှာ အင်ပါယာအဆင့် ဖြစ်ပြီး နံပါတ် (၇) ဝပ်ကျင်းရှိ ရောမမျောက်ဝံထက် အနည်းငယ် သာလွန်သည်။ အနိုင်ရရှိသူ အားလုံးက ကိုင်တွယ်ရန် ခက်ခဲလှ၏။

ထိုအချိန်အတောအတွင်း၌ နံပါတ် (၅) ဝပ်ကျင်းအနီးတွင် အင်မော်တယ် အဆင့် (၄) ကပ်ပါးနွယ်ပင်က သတ်ဖြတ်မှုကို ဆက်လက် လုပ်ဆောင်နေသည်။ ၎င်း၏ စွမ်းရည်မှာ ကုန်ဆုံးသွားခြင်း မရှိဘဲ ဆန့်ကျင်ဘက်အနေဖြင့် ပိုမို အားကောင်းလာခဲ့ပြီး ကူးစက်ခံရသော

ကပ်ပါးလက်ခံကောင် အရေအတွက် ပိုမို များပြားလာခဲ့သည်။ တစ်နာရီမပြည့်ခင် အချိန်လေးအတွင်မှာပင် ၎င်းနောက်၌ အင်မော်တယ်အဆင့် (၃) မွန်းစတား နှစ်ကောင် အပါအဝင် အင်မော်တယ်အဆင့် ကပ်ပါး လက်ခံကောင် ငါးကောင် ရှိနေခဲ့ပြီ။

ရီကျန်းနှင့် ကျန်သည့်လူများ စိုးရိမ် နေကြသည်မှာ ကပ်ပါးနွယ်ပင် ထိန်းချုပ်ထားသော ကပ်ပါး လက်ခံကောင်များဖြစ်ကာ ၎င်းတို့က နာကျင်မှုကို မခံစားတတ်ပေ။

"ဒီကပ်ပါး လက်ခံကောင်တွေက သာမန် အင်မော်တယ်အဆင့် (၄) မွန်းစတားတွေထက် အများကြီး အစွမ်းထက်တယ်"

ရီကျန်းက စကားပြောပြီးနောက် လင်းဟွမ်ကို လှမ်းကြည့်ပြီး တုံ့ပြန်မှုကို စောင့်မျှော်နေသည်။

"သေချာပေါက် ခက်ခဲတယ်"

လင်းဟွမ်က အပြုံးကလေးနှင့် တုံ့ပြန်ပြီး သူ၏ အမူအရာက တည်ငြိမ်နေသည်။

"မွန်းစတား စွယ်စုံကျမ်းထဲမှာ ငါ တွေ့ဖူးတယ်။ ဒီကောင့်ကို ရုပ်သေးနွယ်ပင်လို့ ခေါ်ပြီး အရမ်းရှားပါးတယ်။ မွန်းစတား စွယ်စုံကျမ်းထဲမှာ ဒီမွန်းစတားနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ သိပ်မရှိဘူး"

ရီရီယွီက ပြောလိုက်သည်။

"ရုပ်သေးနွယ်ပင်လို့ ခေါ်တယ်။ အဖွဲ့ခွဲ (၇) မှာ တစ်ခါမှ မပေါ်ဖူးသေးဘူး။ ဒီမွန်းစတားက လက်ခံကောင်ရဲ့ ခန္ဓာကိုယ်ထဲ ချည်မျှင်တစ်မျိုး လျှို့ဝှက်ထည့်သွင်းပြီး ရုပ်သေးတွေ လိုမျိုး

ဖြစ်သွားအောင် ထိန်းချုပ်နိုင်တယ်။ လက်ခံကောင်က သက်ရှိ ဒါမှမဟုတ် အလောင်းကောင် ဖြစ်နေလည်း ရတယ်။ အသားမရှိတဲ့ အရိုးစုတွေတောင် ဖြစ်နေနိုင်သေးတယ်။ ဒီမွန်းစတားမှာ အစွမ်းထက်တဲ့ ကပ်ပါးစွမ်းရည် ရှိတယ်ဆိုပေမယ့် သိသာထင်ရှားတဲ့ အားနည်းချက်လည်း ရှိတယ်။”

“သူ့ရဲ့ ကပ်ပါးချည်မျှင်ကို ကံကြမ္မာစွမ်းအားနဲ့ ပြုလုပ်ထားလို့ လက်ခံကောင်ပမာဏက သူ့ရဲ့ ကံကြမ္မာစွမ်းအားအတိုင်း ပမာဏ အကန့်အသတ် ရှိတယ်။ ဒီနွယ်ပင်ရဲ့ တိုက်ခိုက်ရေးအဆင့်ကို

ကြည့်ရတာ သူ အများဆုံး ထိန်းချုပ်နိုင်တဲ့ အရေအတွက်က (၄,၀၀၀) ထက် မပိုနိုင်ဘူး။”

“တကယ်လို့ လက်ခံကောင်တွေက အသက်ရှိနေသေးရင် သူတို့ရဲ့ တိုက်ခိုက်ရေး အဆင့်က နွယ်ပင်ထက် နိမ့်ကျတယ်။ နောက်ပြီးတော့ ရုပ်သေးနွယ်ပင်မှာ အထွတ်အထိပ် ဉာဏ်ရည် စွမ်းရည် မရှိဘူး။ လက်ခံကောင်တွေကို အခြေခံ အဆင့်လောက်ပဲ ထိန်းချုပ်နိုင်တယ်။ လက်ခံကောင် အများစုက မကြောက်မရွံ့ လှည့်ပတ်သွားလာနေတဲ့

ရုပ်သေးရုပ်နဲ့ တူနေပေမယ့် သူတို့မှာ ကိုယ်ပိုင် အသိစိတ် မရှိဘူး။”

“ နွယ်ပင်နဲ့ အချိန် တော်တော်လေး ကြာအောင် ပေါင်းစည်းထားတဲ့ လက်ခံကောင်အနည်းစုမှာပဲ သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည် ရှိလိမ့်မယ်။ နောက်ပြီးတော့ ဒီလို မွန်းစတားတွေက မီး ကြောက်တယ်။ ဒါပေမယ့် အကြိမ်ပေါင်းများစွာ ဆင့်ကဲ တိုးတက်လာတဲ့ ရုပ်သေးနွယ်ပင် အများစုကတော့ မီးကို အတိုင်းအတာ တစ်ခုလောက်အထိ ခံနိုင်ရည်ရှိပြီး မီး မကြောက်ဘူး။ ဒါပေမယ့် သူတို့ရဲ့ အကြီးမားဆုံး

အားနည်းချက်က လျှပ်စီးတို့၊ မိုးကြိုးတို့ကို တော်တော်လေး ကြောက်တာပဲ”

သွေးရဲရဲလေးနှင့် ယှဉ်ပါက ရုပ်သေးရုပ်နွယ်ပင်မှာ အတော်လေး နောက်ကျ ပြတ်ကျန်ခဲ့သည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ်က ရုပ်သေးနွယ်ပင်၏ အားနည်းချက်များကို တစ်ခုချင်း ထောက်ပြ ပြောဆိုနေသည့်အတွက် အံ့သြ သင့်နေကြသည်။

"မင်း ပြောနေတဲ့ စကား အများစုက မွန်းစတားစွယ်စုံ ကျမ်းထဲမှာ မရှိဘူး။ မင်း ဘယ်ကနေ သိလာတာလဲ"

လျှန်ယုရှင်းက မနေနိုင်ဘဲ လှမ်းမေးလိုက်သည်။ သူမသည် မွန်းစတား စွယ်စုံကျမ်း တစ်ခုလုံးကို အလွတ်ကျက် ခဲ့သော်လည်း ရုပ်သေးနွယ်ပင်တွင် အားနည်းချက် များစွာရှိကြောင်း သူမ မသိပေ။

"မင်းတို့ဖတ်ထားတဲ့ မွန်းစတား စွယ်စုံကျမ်းက မပြည့်စုံဘူး"

လင်းဟွမ်က ရှင်းပြလိုက်သည်။ အမှန်တကယ်ဆို သူ့တွင်ရှိသော မွန်းစတား စွယ်စုံကျမ်းလည်း မပြည့်စုံပေ။ သို့သော်လည်း မစ္စတာဖူး သူ့ကို ပေးခဲ့သော နောက်တိုးဗားရှင်း မွန်းစတား စွယ်စုံကျမ်းထဲတွင် ကပ်ပါးမွန်းစတား အားလုံးနှင့် ပက်သက်သော အကြောင်းအရာများ ပါဝင်သည်။

သူတို့သည် လင်းဟွမ်က လူထုကို ချမပြသော နောက်တိုး စွယ်စုံကျမ်းအကြောင်း ပြောနေသည်ကို သိနေသည်။ သူတို့သည် တော်ဝင်မိသားစုများမှ ဖြစ်သောကြောင့် စျေးကွက်ထဲတွင် ရှာမရသော

တားမြစ် ထားသည့် မွန်းစတား စွယ်စုံကျမ်း တစ်စောင် ရှိနေကြောင်း သိထားကြသည်။ အကြောင်းအရာမှာ အလွန်ကြောက်စရာ ကောင်းသောကြောင့် အင်ပါယာအဆင့် လူများသာ ဖတ်ခွင့်ရှိသည်။

"အခုလောလောဆယ် ရုပ်သေးနွယ်ပင် ငါတို့ဆီ လာနေပြီ"

ကျန်သည့်လူများက စကား မပြောရသေးခင် သွေးရဲရဲလေးက ထပ်ပြောလာသည်။

## အခန်း(၅၉၁) - တိုက်......

"တိုက်ခိုက်ဖို့ အဆင်သင့်ပြင်ထား၊ ရုပ်သေး ရုပ်နွယ်ပင် ဒီရောက်ဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်။"

လင်းဟွမ်သည် သွေးရဲရဲလေး၏ သတင်း စကားအား သူတို့ကို ပြန်ပြောလိုက်သည်။

"ဝင်ပေါက်မှာ မွန်းစတားတွေကို သတ်ဖို့ အစီအစဉ်အတိုင်းပဲ လုပ်ကြမယ်"

ရီကျန်းက သူတို့ကို ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် မြေအောက် ပထမအထပ်ရှိ ဝင်ပေါက်အနားကို ပြန်လာကြကာ ကြိုတင် တိုင်ပင်ထားသည့်အတိုင်း ဖွဲ့စည်းပုံ ဖွဲ့စည်း၍ ရပ်သေးနွယ်ပင် ရောက်လာမည့် အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေကြသည်။

လင်းဟွမ်နှင့် လန်စန်လော့တို့က ရှေ့ဆုံးတွင် ရပ်နေပြီး ထိုနောက်တွင် လျန်ယုရှင်းနှင့် ရီကျန်းတို့ ရပ်နေသည်။ နောက်ဆုံး ရီရီယွီနှင့်လီလန်တို့က ဖွဲ့စည်းပုံအတိုင်း ရပ်နေကြသည်။

"မှတ်ထားကြ၊ ရုပ်သေးနွယ်ပင်ရဲ့ ရုပ်သေးရုပ်တွေနဲ့ တိုက်ခိုက်တဲ့အခါ ခေါင်း ပြတ်အောင် ဖြတ်ရမယ်၊ တခြားနေရာတွေ တိုက်ခိုက်လို့ မရဘူး။ ဒီရုပ်သေးရုပ် တွေက နာကျင်မှု မခံစားတတ်တဲ့အတွက် သူတို့ရဲ့ တခြားခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တိုက်ခိုက်လည်း အသုံးမဝင်ဘူး။ ခေါင်းဖြတ်မှပဲ ဒီ ရုပ်သေးရုပ်တွေကို အဆုံးသတ် နိုင်လိမ့်မယ်"

လင်းဟွမ်က သူတို့ကို နောက်တစ်ကြိမ် ထပ်သတိပေးလိုက်သည်။

လင်းဟွမ်သည် သူတို့ကို ယခင်က ပြောခဲ့ဖူးသော်လည်း တိုက်ပွဲ မစတင်ခင် အလေးထားစေချင်၍ နောက်တစ်ကြိမ် သတိပေးခဲ့ခြင်းပင် ။ လာမည့်တိုက်ပွဲက ခက်ခဲမည်ကို သိနေသောကြောင့် အားလုံးက အလေးအနက်ထားပြီး ခေါင်းညိတ်ပြကြသည်။ သူတို့ဘက်တွင် လန်စန်လော့ အပါအဝင် ခြောက်ယောက်သာရှိပြီး ရုပ်သေးနွယ်ပင် ဘက်တွင်မူ အင်မော်တယ်အဆင့် မွန်းစတားငါးကောင် အပါအဝင် ရုပ်သေးရုပ်ပေါင်း (၃,၀၀၀) ကျော် ရှိနေသည်။

သွေးရဲရဲလေးက မြေအောက် ပထမအထပ်ရှိ ထုတ်လွှင့်ပြသနေသော မျက်နှာပြင်ကို ရုပ်သိမ်းလိုက်သောအခါ ထိုနေရာတစ်ခုလုံး လုံးဝ တိတ်ဆိတ်သွားသည်။ လီလန်နှင့် ကျန်သည့်လူများ စိတ်လှုပ်ရှား၍ ခပ်ပြင်းပြင်းရှူနေသော အသက် ရှူသံများကိုပင် ပြန်ကြားနေရသည်။

"ရောက်လာပြီ"

လင်းဟွမ်က ပြောသည်နှင့် သူတို့လက်ထဲမှ လက်နက်များကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ဝင်ပေါက်ကို လှမ်းကြည့်လိုက်ကြသည်။

သုံးစက္ကန့်မပြည့်ခင် ရေတွင်း အပေါ်ဘက်မှ ဆူညံသံများ ထွက်ပေါ်လာသည်။ တစ်စက္ကန့် အတွင်းမှာပင် ရေတွင်းအောက်ခြေ၌ ခြင်နှင့်တူသော အင်းဆက်ကောင်များ ပေါ်လာသည်။ သူတို့ထဲမှ နှစ်ကောင်သည် ကြက်သွေးရောင် မီးလျှံအဆင့်တွင် ရှိနေပြီး အခြားတစ်ကောင်မှာ အပြာရောင် မီးလျှံအဆင့်တွင် ရှိနေသဖြင့် တိုက်ခိုက်ရေး အဆင့် နိမ့်ကျသည်။ ဤမွန်းစတားသုံးကောင်က ကင်းထောက်သမားများ ဖြစ်သည်မှာ အထင်အရှားပင်။

ထိုမွန်းစတားသုံးကောင်က သူတို့ကို ရှင်းရှင်းလင်းလင်း မမြင်ရသေးခင် လင်းဟွမ်က လက်ဦးမှုရယူပြီး လျှင်မြန်စွာ တိုက်ခိုက်လိုက်သည်။

လေထဲတွင် အဖြူရောင် အလင်းတစ်ခု ဖြတ်ခနဲ လက်သွားပြီး မွန်းစတား သုံးကောင်သည် အသံတစ်ချက်မှ မထွက်လိုက်နိုင်ဘဲ မွန်းစတားခေါင်းများ မြေပေါ် ပြုတ်ကျသွားသည်။

လင်းဟွမ်က အလွန် လျင်မြန်လွန်းသဖြင့် ကျန်သည့်လူများ ထိတ်လန့်သွားကြသည်။

လျှန်ယုရှင်းသည် လင်းဟွမ်၏ ဓါးလမ်းကြောင်းကိုပင် မမြင်လိုက်ရချေ။

ထို့နောက် လင်းဟွမ်သည် နောက်ထပ်ရောက်လာမည့် မွန်းစတားများကို စောင့်ဆိုင်းရင်း ခံစားချက်ကင်းမဲ့သော မျက်နှာဖြင့် အလောင်းများကို သိမ်းလိုက်သည်။

"ပုံမှန်ဆိုရင်တော့ ရုပ်သေးနွယ်ပင်က ရှေ့ပြေးကင်းသမားတွေ အသတ်ခံလိုက်ရရင် သတိကြီးကြီးထားပြီး နောက်ထပ် ရှေ့ပြေးကင်းသမားတွေကို နောက်ထပ်

စေလွှတ်လိမ့်မယ်။ ဘာဖြစ်နေလဲ တိတိကျကျ မသိရသေးခင် ကာကွယ်နိုင်ဖို့အတွက် ရှေ့ပြေး ကင်းသမားတွေကို တတ်နိုင်သမျှ သတ်ပစ်ရမယ်။ ငါတို့ဘက်မှာ ခြောက်ယောက်ပဲရှိတာ သိသွားရင် သေချာပေါက် အလုံးအရင်းနဲ့ အင်တိုက်အားတိုက် တိုက်ခိုက်လာလိမ့်မယ်"

လင်းပွှမ်သည် အစောပိုင်းတွင် မွန်းစတား သုံးကောင်ကို တစ်ချက်တည်းနှင့် သတ်လိုက်ရသည့် အကြောင်းအရင်းကို ထုတ်ပြောလိုက်သည်။

မျှော်လင့်ထားသည့်အတိုင်း ရုပ်သေးနွယ်ပင်ကိုယ်ထင်မပြသေးဘဲ ပိုများသော ရှေ့ပြေးကင်းသမားများကို စေလွှတ်လိုက်သည်။

ရှေ့ပြေး ကင်းသမားများမှာ အင်းဆက်အမျိုးအစား မွန်းစတားများဖြစ်သော်လည်း မတူညီသော အမျိုးအစားငါးမျိုးဖြစ်သည်။ ၎င်းတို့အားလုံး ပျံသန်းနိုင်ပြီး အစွမ်းထက်ဆုံး တိုက်ခိုက်ရေးအဆင့်မှာ ရွှေရောင်မီးလျှံအဆင့်ပင် ။

သို့သော်လည်း မွန်းစတား ငါးကောင်လုံးသည် ရေတွင်းအောက်ခြေသို့ ရောက်သည်နှင့် လင်းဟွမ် လက်ချက်ကြောင့် ချက်ချင်း သေဆုံးသွားကြသည်။ လင်းဟွမ်လက်ထဲမှ ဓားသည် အဖြူရောင် မိုးကြိုးတစ်စင်း ပစ်လွတ်လိုက်သည်နှင့်ပင် တူနေသေးသည်။

ရီကျန်းသည် လင်းဟွမ် တိုက်ခိုက်မှုကို ရှင်းရှင်းလင်းလင်း မမြင်လိုက်ရပဲ တိုက်ပွဲက အလွန် လျှင်မြန်စွာ ပြီးဆုံးသွားခဲ့သည်။ လင်းဟွမ်၏ စွမ်းရည်ကြောင့် လူတိုင်း ထိတ်လန့်သွားကြသည်။

"တတိယလှိုင်းက ဒီလောက် မလွယ်လောက်တော့ဘူး..."

လင်းဟွမ်၏ ဘေးတွင် ငွေရောင်ဆံပင်နှင့် အမျိုးသားတစ်ယောက် ပေါ်လာသည်။ ထိုလူကို ကြည့်ရသည်မှာ အသက်နှစ်ဆယ်သာ ရှိပုံရသည်။ ငွေရောင်ဆံပင်နှင့် အနက်ရောင် ဂတ်စုံကို ဂတ်ထားသောကြောင့် ကြည့်ကောင်းလှသော်လည်း အမူအရာက အေးတိအေးစက် နိုင်လွန်း၍ စကားပြောရခက်မည့် ပုံမျိုးပင်။

လန်စန်လော့က ငွေရောင်ဆံပင်နှင့် လူကို တစ်ချက် ကြည့်လိုက်စဉ် ကျန်သည့်လူများကလည်း သူ့ကို ဝိုင်းကြည့်နေကြသည်။

"သူ့နာမည်က ပိုင်၊ ငါ့အဖော်ပဲ။"

လင်းဟွမ်က စကားအများကြီး မပြောပေ။

ပိုင်က သူတို့ကို လှမ်းကြည့်ပြီး ပေါ့ပေါ့ပါးပါး ခေါင်းညိတ်ပြသည်။

"ဒီကောင်က လူသားနဲ့ အတူတူပဲ..."

ရီရီယွီနှင့် ကျန်လူများသည် လင်းဟွမ်၏ 'အဖော်'ဟူသော အဓိပ္ပါယ်ကို သိကြသည်။ ပိုင်ကို သေသေချာချာ ကြည့်ပြီးနောက် လူသားများနှင့် မတူကြောင်း သိလိုက်ကြသည်။

"နောက်လှိုင်းမှာ မွန်းစတား ဘယ်လောက်ပဲ လာလာ၊ မင်းနဲ့ လန်စန်လော့က သူတို့ကို တတ်နိုင်သမျှ အမြန်ဆုံး သတ်နိုင်အောင် ကူညီပေး၊ ဒီမွန်းစတားတွေ အားလုံးက ရုပ်သေးရုပ်တွေပဲ၊ သူတို့ရဲ့ ခေါင်းတွေကို ခုတ်ဖြတ်ပြီးမှ

ကျန်တဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တိုက်ခိုက်လို့ ရလိမ့်မယ်။"

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

"အင်း..."

ပိုင်က ခေါင်းညိတ်ပြသည်။

လင်းဟွမ်က သူ့ကို ညွှန်ကြားလိုက်သည့်အချိန်မှာပင် သူတို့ အပေါ်ဘက်မှ ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

အပေါ်ဘက်တွင် ပျံသန်းနေသော မွန်းစတားမှာ ဆယ်ကောင်ထက် မနည်းပေ။ သို့သော်လည်း ဝင်ပေါက်က ကျဉ်းနေသည့်အတွက် ရှေ့ပြေး ကင်းသမားများသည် တပြိုင်နက် မဝင်နိုင်ဘဲ တစ်ပြီးတစ်ကောင်စီသာ ဆင်းလာကြသည်။

မွန်းစတား နှစ်ကောင် ရေတွင်းအောက်ခြေသို့ ရောက်သည်နှင့် လင်းဟွမ်၊ ပိုင်နှင့် လန်စန်လေ့တို့က အတူတကွ တိုက်ခိုက် လိုက်ကြသည်။

အဖြူရောင် အလင်းတစ်ခု၊ သွေးရောင် အလင်းတစ်ခုနှင့် အနီရင့်ရောင် အလင်းတန်း တစ်ခုက လေထဲတွင် ဖြတ်ခနဲ လက်သွားသည်။ ရှေ့ပြေးကင်းသမား နှစ်ယောက် သေဆုံးသွားသည်နှင့် အနီရောင် တောက်ပနေသော အလင်းနှစ်ခုက ရေတွင်းပေါ် တက်သွားပြီး မွန်းစတား ဆယ်ကောင်၏ လည်ပင်းကို ဖြတ်တောက်သွားသည်။

နောက်ထပ် အခိုက်အတန့်တွင် ခေါင်းနှင့်ကိုယ် ကွဲနေသော မွန်းစတားအလောင်းများ ရေတွင်းထဲ

ပြုတ်ကျလာပြီး စိတ်အနှောက်အယှက် ဖြစ်စေသော အသံများလည်း ရပ်တန့်သွားသည်။

"ရုပ်သေးနွယ်ပင်က အခြေအနေ ကိုင်တွယ်ရ ခက်တာကို သဘောပေါက်ပြီး နောက်ပြန် ဆုတ်သွားတာလည်း ဖြစ်နိုင်တယ် ဒါမှမဟုတ် ဒေါသထွက်ပြီး တိုက်ခိုက်လာတာလည်း ဖြစ်နိုင်တယ်"

လင်းဟွမ်က ပြောလိုက်သည်။

"ဒါက ထိန်းချုပ်သူနဲ့ ငါတို့ကြားက ကြီးမားတဲ့ ကွာဟချက်ပဲ။ တိုက်ပွဲတစ်ခုထဲမှာ မွန်းစတားတွေ

ဘယ်လိုတွေးတတ်လဲ ဆိုတာ ငါတော့ မတွေးတတ်ဘူး။ ငါတို့ သိထားသမျှ မွန်းစတား အားနည်းချက်တွေနဲ့ တိုက်ခိုက်ရမယ်ဆိုရင် အခုအချိန်မှာ ဘာလုပ်ရမလဲ တွေးနေရင်းနဲ့ပဲ အချိန်ကုန်သွားလိမ့်မယ်။"

ရီကျန်းသည် လင်းဟွမ်၏ တွေးခေါ်ပုံမှာ အခြားသူများနှင့် မတူကြောင်း သဘော ပေါက်လိုက်သည်။

"မွန်းစတားတွေရဲ့ ဉာဏ်ရည်ကို လျှော့မတွက်နဲ့၊ အများစုက လူသားတွေလိုပဲ ဉာဏ်ရည်

ထက်မြက်တယ်။ တချို့ဆို လူသားတွေထက်တောင် ဉာဏ်ကောင်းကြသေးတယ်။"

လင်းဟွမ်သည် အများကြီး ရှင်းမပြပေ။ သူ၏ ဆင့်ခေါ် မွန်းစတားအများစုမှာ လူသားများနှင့် ယှဉ်နိုင်သည့် အဆင့်မြင့် ဉာဏ်ရည်များ ပိုင်ဆိုင်ထားကြပြီး သွေးရဲရဲလေးနှင့် လူ့ရှင်တော်တို့ကမူ သာမန်လူသားများထက်ပင် များစွာ ပိုမို၍ ထက်မြက်ကြသည်။

"ရုပ်သေးနွယ်ပင်က ဉာဏ်ရည် ထက်မြက်တယ်။ သူ့ရဲ့ ရှေ့ပြေးကင်းသမားတွေ ဆက်တိုက်

သေနေတော့ ပြန်ဆုတ်သွား နိုင်ခြေရှိတယ်။ ဒါပေမယ့် သွေးစတေးခြင်းလိုမျိုး အထူး အခြေအနေ ဖြစ်နေတာ့ နောက်ပြန်ဆုတ်ရမဲ့အစား တိုက်ခိုက်ဖို့ ရွေးချယ်လာနိုင်တယ်။"

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

အဝင်ဝတွင် နောက်တစ်ကြိမ် တိတ်ဆိတ်သွားသည်။ အချိန် အတော်ကြာပြီးနောက် ရေတွင်းထဲသို့ မည်သည့်အရာမှ မလာတော့ချေ။

"နောက်ဆုတ်သွားပြီလား"

လင်းပွမ်က သွေးရဲရဲလေးကို မေးလိုက်သည်။

ထို့နောက် သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ကို ထုတ်ဖော်ပြသလိုက်သည်။

ရုပ်သေးနွယ်ပင်၏ အနီးတစ်ဝိုက်တွင် ရုပ်သေးရုပ် မျိုးစုံ ရှိနေသည်။ ထောင်ပေါင်းများစွာသော မွန်းစတားများသည် ရေတွင်းကို ဝိုင်းရံထားကြပြီး မည်သည့်အချိန်ကမှ မထွက်ခွာခဲ့ကြပေ။

ရုပ်သေးနွယ်ပင်က ပြန်ဆုတ် သင့်သလားဟု တွေးနေပုံရသည်။

ရီကျန်းနှင့် ကျန်သည့် လူများသည် စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် ပြသနေသော မွန်းစတား အရေအတွက်ကို စိုက်ကြည့်ရင်း စိုးရိမ်နေကြသည်။

အကယ်၍ ရုပ်သေးနွယ်ပင်က တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပါက လင်းဟွမ်နှင့် သူ၏ ဆင့်ခေါ် မွန်းစတားနှစ်ကောင်က ယခင် တိုက်ပွဲများကဲ့သို့ အလွယ်တကူ အဆုံးသတ်နိုင်တော့မည် မဟုတ်သလို သူတို့လည်း ရုပ်ကြည့်နေ၍ ရတော့မည် မဟုတ်တော့ကြောင်း သူတို့လည်း သိနေကြသည်။

## အခန်း(၅၉၂) - အင်မော်တယ်အဆင့် မွန်းစတားများ ရောက်ရှိလာခြင်း

ရုပ်သေးနွယ်ပင်သည် မိနစ်အနည်းငယ်မျှ တွေ့ဝေခဲ့ပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပုံ ရသည်။ မြေပေါ်ရှိနေသော ၎င်း၏ ခန္ဓာကိုယ်က ဆူညံခြင်း မရှိဘဲ တိတ်တဆိတ် မတ်တပ်ရပ်နေပြီး ရေတွင်းနှင့် ဆယ်မီတာပင် မဝေးချေ။

ချည်မျှင်နှင့် ထိန်းချုပ်ထားသော ကပ်ပါး လက်ခံကောင်များသည် ရေတွင်းထဲ ခုန်ချလာသည်။

လင်းဟွမ်နှင့် ကျန်သည့် လူများသည် သွေးရဲရဲလေး ပြသထားသော စောင့်ကြည့်ရေး မျက်နှာပြင်ထဲ၌ ရေတွင်းအောက်ခြေသို့ ပထမဦးဆုံး မွန်းစတား ခုန်ချလာသည်ကို မြင်လျှင် သူတို့လက်ထဲမှ ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ကြသည်။

လင်းဟွမ်ရှေ့မှ စောင့်ကြည့်ရေး မျက်နှာပြင်မှာ မှေးမှိန်၍ ပျောက်ကွယ်သွားသည်။

နောက်ထပ် တစ်စက္ကန့်၌ မွန်းစတားအချို့သည် ရေတွင်းအောက်ခြေသို့ ဆင်းသက်လာကြသည်။

တိုက်ပွဲ စတင်ခဲ့ပြီ။

လေထဲတွင် အနီရောင်အလင်းများ လက်ခနဲ၊ လက်ခနဲ တောက်ပနေပြီး ဆင်းသက်လာသော မွန်းစတားများ၏ ဦးခေါင်းများကို ဖြတ်တောက် ပစ်လိုက်ပြီး သူတို့၏ အစွမ်းထက်သော ခန္ဓာကိုယ်များသည် ယခုအခါ၌ အလောင်းကောင်များ ဖြစ်သွားသည်။ ပိုင်သည် တိုက်ခိုက်နေရင်း ရုပ်သေးရုပ် မွန်းစတားများ၏ ချီသွေးများကို လုံးဝ ကုန်ခမ်းသွားအောင် စုပ်ယူနေခဲ့သည်။

သူတို့၏ ဦးခေါင်းကို ခုတ်ထစ်ခြင်းနှင့် ကွာခြားခြင်း မရှိပေ။ ချီသွေးများ မဲ့သွားသော ခန္ဓာကိုယ်သည် နှစ်ပေါင်းများစွာ အောက်ဆီဂျင် ပြတ်တောက်နေသော လူသေအလောင်းများနှင့် ဆင်တူသည်။ ထိုအလောင်းများကို သုံးနှစ်သား ကလေးကပင် ကစားစရာ အရုပ်တစ်ခုအလား ထုရိုက်ဖျက်ဆီး နိုင်သည်။

သို့သော်လည်း ပိုင်၏စွမ်းရည်ကြောင့် ရီကျန်းနှင့် ကျန်သည့်လူများ ထိတ်လန့်သွားကြသည်။

ပထမအသုတ် မွန်းစတားများ အသတ်ခံရသည်နှင့် ဒုတိယအသုတ် မွန်းစတားများကို ထပ်မံ စေလွှတ်လာသည်။

ယခုတစ်ကြိမ်တွင် လန်စန်လော့က တိုက်ခိုက်ခဲ့ပြီး မွန်းစတား ခေါင်းများကို ဓားနှင့် လှမ်းခုတ်သည်။ လန်စန်လော့၏ ခန္ဓာကိုယ်မှ အနီရောင် အခိုးအငွေ့များ စိမ့်ထွက်လာသောအခါ ရီကျန်းနှင့် လျန်ယုရှင်းတို့သည် သူ၏ အော်ရာကြောင့် ကြောက်လန့်သွားကြသည်။

မကြာခင် တတိယအသုတ် မွန်းစတားများကို စေလွှတ်ခဲ့ပြီး ပိုင်က နောက်တစ်ကြိမ် တိုက်ခိုက် လိုက်ပြီးနောက် စတုတ္ထမြောက် အသုတ်ကို လန်စန်လေ့က ကိုင်တွယ် ခဲ့သည်။ သူတို့နှစ်ယောက်သည် ယခင်က သဘောတူ ထားသည့်အတိုင်း အလှည့်ကျ တိုက်ခိုက်နေခဲ့ပြီး သူတို့၏အစွမ်းများကို ထုတ်ဖော် ပြသနေကြသည်။

ရေတွင်း ဝင်ပေါက်က သေးငယ်သောကြောင့် သူတို့တစ်ယောက်ချင်းစီ ကိုင်တွယ်နိုင်သော မွန်းစတားအရအတွက်သာ ဆင်းလာကြခြင်း

ဖြစ်သည်။ တစ်ခါတစ်ရံတွင် ခြောက်ကောင်မှ ခုနစ်ကောင်အထိ ရှိခဲ့ပြီး တစ်ခါတစ်ရံတွင် သုံးကောင်မျှသာ ဝင်လာနိုင်ခဲ့သည်။

ပိုင်နှင့် လန်စန်လော့တို့က ပင်ပန်းနေသည့်ပုံ မရှိသလို လင်းဟွမ်ကလည်း လှုပ်ရှားခြင်း လုံးဝ မရှိခဲ့ပေ။ လင်းဟွမ်က သူတို့နှစ်ယောက်၏ ထူးခြားသော ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် ရွေးချယ်ခဲ့ခြင်းပင်။

ပိုင်အတွက်မူ သတ်ဖြတ်၍ ချီသွေးများ ရရှိနေသရွေ့ သူ၏စွမ်းအင်က အဆုံးမရှိသလို

လန်စန်လော့ကလည်း သတ်ဖြတ်ခြင်းနှင့် စွမ်းအင်များကို ရရှိနိုင်သည်။

တစ်ချိန်တည်းမှာပင် လင်းဟွမ်က သူ၏ ကံကြမ္မာစက်ဝိုင်းများကို မွန်းစတားများနှင့် ချိတ်ဆက်ထားသောကြောင့် မွန်းစတားများကို သတ်ဖြတ်ပြီးနောက် ကံကြမ္မာအလင်းများ စုပ်ယူကာ သူ့ခန္ဓာကိုယ်ထဲကို အဆုံးမရှိ ကံကြမ္မာစွမ်းအားများ အားဖြည့်ပေးနေကြသည်။

သူတို့သုံးယောက်က စွမ်းအင် မကုန်ဆုံးသောကြောင့် မရှုံးနိမ့် နိုင်ဘူးဟု

မဆိုလိုပေ။ နောက်ဆုံးတစ်ချိန်၌ ခြေကုန်လက်ပန်း ကျလာကြလိမ့်မည်။ ထို့ကြောင့် လင်းဟွမ်သည် တိုက်ခိုက်စရာ မလိုသည့်အချိန်၌ တိုက်ပွဲထဲ ဝင်မပါသေးချေ။ နောက်တစ်ချက်မှာ သူ၏ ခွန်အားကို နောက်ဆုံး အချိန်အတွက် ချွေတာထားနိုင်ရန် ဖြစ်သည်။

အင်မော်တယ်အဆင့်အောက် မွန်းစတားများမှာ ပိုင်နှင့် လန်စန်လော့တို့အတွက် ဘာမှ မဟုတ်သောကြောင့် သူတို့အားလုံး တစ်ကောင်မှ မလွတ်ခဲ့ချေ။ အခြေခံအားဖြင့် စက္ကန့်ပိုင်းလေး

အတွင်းမှာပင် မွန်းစတားအားလုံး အသတ်ခံလိုက်ရသည်။

ရုပ်သေးနွယ်ပင်သည် ရာနှင့်ချီသော ရုပ်သေးရုပ်များကို ဆုံးရှုံးပြီးနောက် ရုပ်သေးရုပ်များ၏ မျက်လုံးများမှတဆင့် ရေတွင်းအောက်ခြေတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်ကို မြင်တွေ့သွားခဲ့ပြီး

"လူသားလား....။ ငါ့ရဲ့ရုပ်သေးရုပ် ဖြစ်ကိုဖြစ်ရမယ်...."

ရုပ်သေးနွယ်ပင်သည် လင်းဟွမ်နှင့် ကျန်သည့် လူများကို တွေ့သောအခါ အော်ဟစ်လိုက်သည်။

ကပ်ပါးမွန်းစတားများသည် လက်ခံကောင်များ၏ ဉာဏ်ရည်များကို ပြန်လည် ထုတ်ယူနိုင်သည်။ လက်ခံကောင်၏ ဉာဏ်ရည်က မြင့်မားသည်နှင့်အမျှ အချက်အလက်များ ပိုမိုရရှိနိုင်ကာ ပိုင်ရှင်ထံမှ ပိုမိုလေ့လာနိုင်သောကြောင့် ပိုမို ကောင်းမွန်သည်။ ကပ်ပါး မွန်းစတားများသည် မွန်းစတား လောကထဲတွင် မရှိသော စွမ်းရည်များကို

လူသားများထံမှ သင်ယူနိုင်သောကြောင့် ဤကဲ့သို့ လက်ခံကောင်များကို အလွန် သဘောကျသည်။

ရုပ်သေး နွယ်ပင်သည် ဤဝပ်ကျင်းထဲတွင် လူသားများ ရှိနေကြောင်း သိလိုက်လျှင် အပျော်က မိုးပေါ်ရောက်သွားသည်။ သို့သော် မကြာခင် ဒါက ခက်ခဲသော တိုက်ပွဲတစ်ခု ဖြစ်လာနိုင်ကြောင်း သတိရသွားသည်။

ရုပ်သေးနွယ်ပင်သည် သေသေချာချာ စဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထို့နောက် အင်မော်တယ်အဆင့်

ရုပ်သေးရုပ် ငါးကောင်သည် ခန္ဓာကိုယ်ကျုံ့ပြီး ရေတွင်းထဲ ခုန်ဆင်းသွားသည်။ ရုပ်သေးနွယ်ပင်သည် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများက လင်းဟွမ်တို့အဖွဲ့ကို မတိုက်ခိုက် နိုင်သောကြောင့် အင်မော်တယ်အဆင့် လက်ခံကောင် မွန်းစတားများကို အစားထိုး အသုံးပြုမည်ဟု တွေးလိုက်သည်။

"အင်မော်တယ်အဆင့် ရုပ်သေးရုပ် ငါးကောင်က ငါတို့ဆီ လာတဲ့လမ်းမှာ ရောက်နေပြီ"

သွေးရဲရဲလေးက လင်းဟွမ်၊ ပိုင်နှင့် လန်စန်လော့တို့ကို ပြောလိုက်သည်။

မကြာခင် အင်မော်တယ်အဆင့် ရုပ်သေးငါးကောင်သည် ရေတွင်း အောက်ခြေကို ဆင်းသက်လာသည်။ သူတို့ထဲမှ နှစ်ကောင်သည် လူသားပုံစံများဖြစ်ကြပြီး သူတို့၏ တိုက်ခိုက်ရေး အဆင့်မှာ တစ်ကောင်သည် အင်မော်တယ် အဆင့် (၁) ဖြစ်၍ ကျန်တစ်ကောင်မှာ အင်မော်တယ် အဆင့်(၂) ဖြစ်သည်။ ထို့အပြင် အဆိပ်ရှိပြီး မြွေနှင့်တူသော ရောင်စုံ မွန်းစတားတစ်ကောင်နှင့်

လိပ်ပြာနှင့်တူသော သန္ဓေပြောင်း မွန်းစတားတစ်ကောင် စသည့် မွန်းစတား ငါးကောင်သည် တွင်းအောက်ခြေသို့ ရောက်လာသည်နှင့် တိုက်ခိုက်ကြတော့သည်။

သို့သော်လည်း ထိုမွန်းစတားများသည် လင်းဟွမ်တို့ကို မြင်သောအခါ သူတိုက်ခဲ့သို့ လူသားပုံစံ မွန်းစတားများဟု ထင်နေကြသည်။ လင်းဟွမ် ကိုင်ဆောင်ထားသော လက်နက်များကို မြင်သွားသည့် အခါမှသာ လူသားများဖြစ်ကြောင်း

သိလိုက်ကြသည်။ မွန်းစတားများသည် လူသားများ၏ ခါတ်ကြွင်းကို အသက် မသွင်းနိုင်ပေ။

"တိုက်..."

လင်းဟွမ်သည် အော်ဟစ်လိုက်သလို ပိုင်၊ လန်စန်လော့ တို့နှင့်အတူ သူကိုယ်တိုင် မွန်းစတား ငါးကောင်ထံ ပြေးဝင်သွားပြီး စက္ကန့်မဆိုင်းဘဲ တိုက်ခိုက်လိုက်သည်။

ပိုင်က သန္ဓေပြောင်းသားရဲနှင့် တိုက်ခိုက်နေပြီး လန်စန်လော့က အခြား လူသားပုံစံ မွန်းစတားတစ်ယောက်နှင့် မြွေတစ်ကောင်ကို

တိုက်ခိုက်နေကာ လင်းဟွမ်ကမူ မိစ္ဆာနှင့် တိုက်ခိုက်နေသည်။

မွန်းစတားငါးကောင်အနက် မိစ္ဆာသည် အစွမ်းအထက်ဆုံးဖြစ်ပြီး အင်မော်တယ်အဆင့် (၃)ဖြစ်သည်။ ဒါသည် ငရဲမီးလျှံ မိစ္ဆာ ဖြစ်ပြီး ခြေထောက်မပါဘဲ အနီရောင် လက်လေးချောင်း ရှိသည်။ ၎င်းခန္ဓာကိုယ်မှာ မြေပြင်အထက် ဆယ်စင်တီမီတာ အကွာတွင် လွင့်မျောနေပြီး မျက်လုံးများက မီးတောက်လောင်

နေသည်။ ၎င်းတို့၏ခန္ဓာကိုယ်ကို ကျုံ့ထားခြင်း မရှိပါဘဲ ရေတွင်းထဲ ဝင်နိုင်မည် မဟုတ်ပေ။

လင်းဟွမ်သည် နောက်ပြန်မဆုတ်ဘဲ ဓါးကို ကိုင်ဆွဲ၍ ငရဲမီးလျှံမိစ္ဆာထံ ပြေးဝင်သွားသည်။ ထို့နောက် လင်းဟွမ်လက်ထဲမှ ဓါးသည် အဖြူရောင် ကံကြမ္မာစွမ်းအားများ ဖုံးအုပ်လာပြီး အလွန်ကြီးမားသော ဓားအဖြစ် ပြောင်းလဲသွားသည်။

ငရဲမီးလျှံ မိစ္ဆာ၏ လက်သီးနှင့် ထိမိသွားသည်။

"ချောက်..."

အက်ကွဲသံ တိုးတိုးလေး ထွက်ပေါ်လာသည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် ငရဲမီးလျှံမိစ္ဆာ လက်သီးပေါ်မှ အက်ကွဲကြောင်းကို မြင်လိုက်ရသည်။ လင်းဟွမ်သည် ခေါးကျင့်စဉ်ကို အသုံးမပြုဘဲ သာမန်ကာလျှံကာ ခုတ်ချလိုက်ရုံဖြင့် အင်မော်တယ်အဆင့် (၃) မိစ္ဆာတစ်ကောင်ကို တိုက်ခိုက်နိုင်သည်လော။

လင်းဟွမ်၏ စွမ်းရည်နှင့်ပက်သက်၍ အမြင်အသစ်အဆန်း ဖြစ်သွားကြသည်။

သို့သော်လည်း လင်းဟွမ်က ခါးနှင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်လိုက်သောအခါ နောက်ဆက်တွဲ တိုက်ခိုက်မှုကို မျက်လုံးနှင့် လိုက်ကြည့်၍ မမြင်နိုင်လောက်အောင် မြန်ဆန်လွန်းသည်။

လင်းဟွမ်က ခါးကို အကြိမ်မည်မျှ လွှဲ၍ ခုတ်ခဲ့ကြောင်း သူတို့မပြောနိုင်ပေ။ ခဏအကြာ လင်းဟွမ်က ခါးကိုင်ပြီး နောက်ပြန်ဆုတ်သွားသည်။

ကျန်သည့်လူများက လင်းဟွမ် ဘာလုပ်မလို့လဲဟု စဉ်းစားနေစဉ် ငရဲမီးလျှံမိစ္ဆာ၏ ခန္ဓာကိုယ်သည်

ပေါက်ကွဲထွက်၍ တစ်စစီပြိုကျ ပျက်စီးသွားခဲ့ပြီ။ ချော်ရည်ကဲ့သို့ ဖြစ်နေသော သွေးများကလည်း မြေပေါ် ပြန့်ကျဲသွားသည်။

## အခန်း(၅၉၃) - ပြဿနာ ရှိနေပြီ

"စက္ကန့်ပိုင်းလေးအတွင်း သတ်လိုက်တာလား"

လင်းဟွမ်က အင်မော်တယ်အဆင့် (၃) ငရဲမီးလျှံမိစ္ဆာကို တစ်စက္ကန့်အတွင်း သတ်ပစ်ခဲ့သည်။ လင်းဟွမ်သည် ဓါးချက်ပေါင်း ရာနှင့်ချီ ခုတ်ခဲ့သော်လည်း တစ်စက္ကန့်သာ ကြာမြင့်ခဲ့သည်။

ရီကျန်းနှင့် ကျန်သည့်လူများက လင်းဟွမ်၏ စွမ်းရည်ကြောင့် ထူးဆန်းနေပြီး အံ့ဩမှင်တက် နေကြသည်။

"ဒါဆိုရင် အရင်က သူ့အစွမ်းကို တစ်ခါမှ မထုတ်ခဲ့ဖူးဘူးပေါ့ "

ရီကျန်းသည် လင်းဟွမ်ကို ကြည့်ပြီး သူငယ်စဉ်ကတည်းက ဂုဏ်ယူခဲ့ရသော သူ့အရည်အချင်းမှာ လင်းဟွမ်နှင့် ယှဉ်ပါက ဘာဆိုဘာမှ မဟုတ်ကြောင်း သဘော ပေါက်သွားသည်။

"သူက တကယ့်ကို အထွတ်အထိပ် ပါရမီရှင်ပဲ။ အဓိက ဇုန်မှာတောင် ထိပ်ဆုံးက ရပ်တည်နိုင်လိမ့်မယ်"

လျှန်ယုရှင်းက သူမကိုယ်သူမ တိုးတိုးလေး ပြန်ပြောလိုက်သည်။

"အင်ပါယာအဆင့်ရောက်ရင် နတ်ဘုရားကိုတောင် သတ်နိုင်မလားလို့ တွေးမိတယ်.."

ရီရီယွီက ရယ်မောပြီး စနောက်လိုက်သည်။

"သူသာ နတ်ဘုရားကို တကယ်သတ်နိုင်ရင် အင်ပါယာအဆင့် ရောက်တာနဲ့ အဖွဲ့ခွဲ (၇) မှာ ဘယ်သူမှ သူ့ကို အနိုင်ရမှာ မဟုတ်တော့ဘူး"

လီလန်းသည် သူတို့ကြားက ကွာဟချက် ကြီးမားနေသဖြင့် အားတင်းပြီး ပြုံးကာ ပြောလိုက်သည်။

"အဖွဲ့ခွဲ (၇) က သူတောက်ပရမယ့် နေရာ မဟုတ်ဘူး။ သူက အင်ပါယာအဆင့်ထိ ရောက်အောင် စောင့်နေစရာ မလိုဘူးလေ။

အခုတောင် အဖွဲ့ခွဲ (၇) မှာ ဘယ်သူမှ သူ့ကို မနိုင်တော့ဘူးလို့ ထင်တယ်”

လျှန်ယုရှင်းက ခေါင်းခါပြီး ပြောလိုက်သည်။

လင်းဟွမ်သည် သူတို့ကို အဖွဲ့ခွဲ(၇)မှ မကြာခင် ထွက်ခွာ သွားတော့မည့် အစီအစဉ်အကြောင်း မပြောရသေးပေ။ ဉှုဟင်းလင်းပြင် အပျက်အစီးထဲ စွန့်စားခန်း ထွက်လာရန် တောင်းဆိုခဲ့ခြင်းမှာ သူငယ်ချင်း အားလုံးအတွက် နှုတ်ဆက် လက်ဆောင်ပေးသည့် သဘော ဖြစ်သည်။ ဉှုဟင်းလင်းပြင် အပျက်အစီး ခရီးစဉ်

ပြီးဆုံးပြီးနောက် ထိုသတင်းကို ပြောပြရန် စီစဉ်ထားခဲ့ခြင်းပင်။

မြေအောက် ပထမအထပ်....

လင်းဟွမ်က ငရဲမီးလျှံမိစ္ဆာကို သတ်ပြီးသည့် အချိန်တွင် ပိုင်နှင့်လန်စန်လေ့တို့က အပြင်းအထန် တိုက်ခိုက်နေကြဆဲပင်။

သွေးရဲရဲလေးက ရေတွင်း အပြင်ဘက်က မြင်ကွင်းကို စောင့်ကြည့်ရေး မျက်နှာပြင် ထုတ်ဖော်ပြီး နောက်တစ်ကြိမ် ပြသလိုက်သည်။

ရုပ်သေးနှယ်ပင်သည် ရေတွင်းထဲ ဝင်သွားလျှင် ကောင်းမလားဟု စဉ်းစားနေခဲ့သည်။ သို့သော်လည်း လင်းဟွမ်က ငရဲမီးလျှံမိစ္ဆာကို တစ်စက္ကန့်အတွင်း သတ်ပစ်လိုက်သည်ကို မြင်လျှင် ထိတ်လန့်သွားသည်။ ငရဲမီးလျှံမိစ္ဆာ ဆိုသည်မှာ ၎င်း၏ အစွမ်းအထက်ဆုံး ရုပ်သေးရုပ် ဖြစ်ပြီး ဖမ်းဆီးရန်အတွက် များစွာ ကြိုးပမ်းအားထုတ်ခဲ့ရသည်။ လင်းဟွမ်က တစ်စက္ကန့်အတွင်း သတ်ပစ်လိုက်သဖြင့် ရေတွင်းထဲသို့သွားရန် ဆုံးဖြတ်ချက် ခိုင်မာသွားခဲ့သည်။ လူသား

ရုပ်သေးရုပ်များကို ဖမ်းဆီးချင်သည့် လောဘများ မြင့်တက်လာသည်။

လင်းဟွမ်သည် ရုပ်သေးနွယ်ပင်ကို ပြန်ဆုတ်ခွာသွားစေရန် ရည်ရွယ်ပြီး ငရဲမီးလျှံမိစ္ဆာကို တစ်စက္ကန့်အတွင်း သတ်ပစ်ခဲ့ခြင်းပင် ဖြစ်သည်။ သို့သော်လည်း မလုံလောက်သေးပုံ ရသည်။ စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် ပြသထားသော ရုပ်သေးနွယ်ပင်၏ အမူအရာကို ကြည့်လိုက်ပြီး လင်းဟွမ်သည် သူ့အစွမ်းကို ပြသရတော့မည် ဖြစ်ကြောင်း တွေးမိ၍ ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

လင်းဟွမ်သည် ဓါးကို ဓါးအိမ်ထဲ ဖြည်းညင်းစွာ ပြန်သွင်းပြီးနောက် ထိုနေရာမှ ပျောက်ကွယ်သွားသည်။ နောက်ထပ် တစ်စက္ကန့်တွင် သူ့ဓါးက လူသား ရုပ်သေးရုပ်၏ ဦးခေါင်းကို ဖြတ်ချသွားသည်။ အင်မော်တယ်အဆင့် မွန်းစတား နောက်တစ်ကောင်ကို တစ်စက္ကန့်အတွင်း အနိုင်ယူခဲ့ပြန်သည်။ ထို့နောက် အင်မော်တယ်အဆင့် (၁) လူသားပုံစံ မွန်းစတား ရုပ်သေးရုပ်၏ခေါင်းကို လက်အသုံးပြု၍ ဖြတ်ချလိုက်သည်။

ရုပ်သေးနွယ်ပင်သည် ၎င်း၏ လက်ကျန် အင်မော်တယ်အဆင့် ရုပ်သေးရုပ်နှစ်ကောင်ကို ချက်ချင်း ပြန်ခေါ်လိုက်သည်။ အင်မော်တယ်အဆင့် ရုပ်သေးရုပ် နှစ်ကောင်သည် အပေါ်ပြန်တက်ပြီး ရေတွင်းထဲမှ ပျောက်ကွယ်သွားခဲ့ပြီ။

ရုပ်သေးနွယ်ပင်သည် အင်မော်တယ်အဆင့် ရုပ်သေးရုပ် နှစ်ကောင်ကို ပြန်သိမ်းပြီးနောက် နှစ်ကြိမ် မစဉ်းစားဘဲ ရုပ်သေးရုပ်များနှင့်အတူ ထွက်ခွာသွားသည်။ ယခုအခါ စည်ကားခဲ့သော ရေတွင်းသည် တိတ်ဆိတ် သွားပြန်သည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် သွေးရဲရဲလေး ပြသထားသော စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် ရုပ်သေးနွယ်ပင်နှင့်အတူ ရုပ်သေးရုပ်များ ထွက်ခွာသွားသည်ကို မြင်လျှင် ရင်ထဲမှ အလုံးကြီး ကျသွားသည်။

"ကံကောင်းတယ်။ ရုပ်သေးနွယ်ပင်သာ ကိုယ်တိုင် ဆင်းလာရင် ခက်ခဲကြမ်းတမ်းတဲ့ တိုက်ပွဲတစ်ပွဲ ဖြစ်လာတော့မယ်လို့ ထင်နေတာ"

ရီရီယွီက သူမ ဆုပ်ကိုင်ထားသော ဆေဘာကို ငုံ့ကြည့်ပြီး ပြောလိုက်သည်။

"သူ့ဘာသာသူ ထွက်သွားတာ မဟုတ်ဘူး။ လင်းဟွမ်လုပ်လို့ ထွက်သွားတာ"

လီလန်က ရယ်မောပြီး ပြောလိုက်သည်။

"အင်မော်တယ်အဆင့် (၃) မွန်းစတားကို သတ်ခဲ့တယ်။ မင်း ဒါကို လျှို့ဝှက်ထားတာ ကြာပြီမဟုတ်လား.."

ရီကျန်းက လင်းဟွမ်ကို လှည့်ကြည့်လိုက်သည်။

"အင်း.. ဟုတ်တယ်။ ငါ ရုပ်သေးနွယ်ပင်ကို ကြောက်သွားစေချင်လို့ သူ့ကို ခေါ်လိုက်တာ။

ဒါက သူ့ကို ခြောက်ဖို့ တစ်ခုတည်းသော နည်းလမ်းပဲ..”

လင်းဟွမ်က ခေါင်းခါပြီး ပြုံးလိုက်သည်။

“ရုပ်သေးရုပ်တွေ ပြန်ထွက်သွားပြီး နောက်ထပ် နှစ်နာရီ ကြာတဲ့အထိ ငါတို့ဆီကို မွန်းစတားတွေ ထပ် မရောက်လာရင်တော့ ငါတို့တွေ ဘေးကင်းပြီ။ ဒီလိုပြောပေမယ့် သတိကြီးကြီး ထားပြီးတော့ စောင့်ကြည့်ရဦးမှာပဲ”

လျန်ယုရှင်းက စိုးရိမ်နေဆဲပင်။

လင်းဟွမ်က လျှန်ယုရှင်းနှင့် အမြင်တူနေပြီး ရုပ်သေးနွယ်ပင် ကြောက်လန့်သွား၍ သူတို့ ဘေးကင်းသည်ဟု မဆိုလိုနိုင်ပေ။ နောက်ထပ် နာရီအနည်းငယ်မျှသာ ဘေးကင်းသွားခြင်း ဖြစ်နိုင်သည်။

“သွေးရဲရဲလေး၊ ဒီဝပ်ကျင်းကို ဆက်ပြီး စောင့်ကြည့်ထား။ တစ်ခုခု အခြေအနေထူးရင် အကြောင်းကြား”

လင်းဟွမ်က သွေးရဲရဲလေးကို ညွှန်ကြားလိုက်သည်။

သူတို့သည် ရုပ်သေးနွယ်ပင်ကို ကြောက်လန့်တကြား ထွက်ပြေးသွားအောင် ခြောက်ပြီးနောက် နေထွက်လာမည့် အချိန်ကို စောင့်ဆိုင်းရန် မြေအောက် ဒုတိယအထပ်ကို ပြန်ဆင်းသွားကြသည်။ ဤညကို ဖြတ်ကျော်နိုင်ပါက တစ်လလုံး စိတ်ပူစရာ မလိုတော့ချေ။

.....

တစ်နာရီ ကြာပြီးနောက် ..

ရုပ်သေးနွယ်ပင် ဦးဆောင်သော ရုပ်သေးစစ်တပ် (၂,၀၀၀) သည် အလယ်အလတ် ဝပ်ကျင်းတစ်ခုကို

ရောက်ရှိသွားသည်။ ရုပ်သေးနွယ်ပင်သည် ရောက်ရှိသည်နှင့် နှစ်ခါပြန်မတွေးဘဲ အထဲဝင်သွားသည်။

မိနစ်အနည်းငယ် ကြာပြီးနောက် အရွယ်ရောက်နေသည့် သွေးရောင် တောက်ပနေသော မြွေတစ်ကောင်နှင့်အတူ ရေတွင်းထဲမှ ပြန်ထွက်လာသည်။ ၎င်း၏ သွေးရောင် တောက်ပနေသော မျက်လုံးများက လင်းဟွမ်နှင့် ကျန်သည့်လူများ ရှိနေသည့်နေရာကို လှမ်းကြည့်လိုက်သည်။

"လူသား ပါရမီရှင်လား။ ဒါကို ငါတို့က ယဇ်ပူဇော်လိုက်မယ်ဆိုရင် နတ်ဘုရားတွေက သေချာပေါက် သဘောကျ ပျော်ရွှင်သွားမှာပဲ"

ထိုသို့ ပြောပြီးနောက် မရေမတွက်နိုင်သော မွန်းစတားများသည် ရေတွင်းထဲမှ ခုန်တက်လာကြသည်။ အရေအတွက်မှာ ထောင်၊ သောင်းနှင့်ချီရှိကာ ရုပ်သေးရုပ်နွယ်ပင်သည် သူတို့ထဲမှ တစ်ကောင်ပင် ။ ထို့အပြင် ရုပ်သေးနွယ်ပင်နှင့် အော်ရာခြင်း ဆင်တူသော အခြားမွန်းစတား ခြောက်ကောင်လည်း ရှိသေးသည်။

မြွေသည် ခုန်ပေါက်ပြီး အရိုးစု မွန်းစတား၏ ခေါင်းပေါ် တက်သွားသည်။ ထို့နောက် ကောင်းကင်ပေါ် မော့ကြည့်ပြီး ၎င်း၏ ခန္ဓာကိုယ် အရွယ်အစားနှင့် မလိုက်ဖက်သော အသံသြကြီးနှင့် ဟိန်းဟောက်လိုက်သည်။

ကျယ်လောင်သော ဟိန်းဟောက်သံကို ကြားသောအခါ မွန်းစတားစစ်တပ်ကြီးသည် ကောင်းကင်ပေါ် ပျံတက်ပြီး လင်းဟွမ်နှင့် ကျန်သည့်လူများ ပုန်းအောင်းသည့် နေရာကို ဦးတည်၍ ပျံသန်းသွားကြသည်။

........

တစ်နာရီကြာအောင် တိတ်ဆိတ် နေခဲ့ပြီး နောက်ဆုံးတွင် မနက်သုံးနာရီ ထိုးခါနီး ဖြစ်လာသည်။

“နေထွက်ဖို့ နှစ်နာရီပဲ လိုတော့တယ်။ ငါတို့တွေ ဖြတ်ကျော်နိုင်တော့မယ်”

လီလန်က သူတို့ကို ပြုံးပြပြီး ပြောလိုက်သည်။

ထိုစဉ် လင်းဟွမ်၏ မျက်နှာအမူအရာ ရုတ်တရက် ပျက်ယွင်းသွားသည်။

“ဘာဖြစ်လို့လဲ..”

သွေးရဲရဲလေးက မွန်းစတားများ ချဉ်းကပ်လာကြောင်း သူ့ထံ အကြောင်း ကြားလာသည်။

"ပြဿနာတော့ ရောက်လာပြီ။ ရုပ်သေးနွယ်ပင်က အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ရဲ့ နောက်လိုက် တစ်ကောင်ပဲ။ သူက ငါတို့ အကြောင်းကို အင်ပါယာအဆင့် မွန်းစတားကို ပြောလိုက်တော့ အခု သူတို့ စစ်တပ်ကြီးနဲ့ ရောက်လာပြီ"

“လင်းဟွမ်။ နောက်နေတာ ရပ်လိုက်တော့။ ဒါ ရယ်စရာ မကောင်းဘူးနော်”

လီလန်က ပြောလိုက်သည်။

ရီကျန်း၊ ရီရီယွီနှင့်လျန်ယုရှင်းတို့က လင်းဟွမ်ကို စိတ်ဆိုးသော အမူအရာနှင့် လှမ်းကြည့်သည်။ ဤကဲ့သို့ အရာများက မနောက်သင့်ဘူးဟု သူတို့ ထင်ကြသည်။

“မြင်ကွင်းကို ပြလိုက်”

လင်းဟွမ်က သွေးရဲရဲလေးကို ခေါင်းပုတ်ပြီး ပြောလိုက်ရာ သွေးရဲရဲလေးက နောက်ထပ် ရောက်လာမည့် မွန်းစတားအုပ်ကြီးကို ပြသလိုက်သည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲတွင် လွန်ခဲ့သော တစ်နာရီက ထွက်ပြေးသွားသော ရုပ်သေးနွယ်ပင် အပါအဝင် မရေမတွက်နိုင်သော မွန်းစတားအုပ်ကြီးသည် သူတို့ထံ အပြေးအလွှား လာနေကြသည်။

“မွန်းစတားအုပ်ကြီးရဲ့ ခေါင်းဆောင်က သွေးမြွေ၊ အင်ပါယာအဆင့်ပဲ။ ရုပ်သေးနွယ်ပင် အပါအဝင် အင်မော်တယ်အဆင့် နောက်လိုက် (၇) ယောက် ရှိတယ်။ အစွမ်းအထက်ဆုံး နောက်လိုက်က အင်မော်တယ်အဆင့် (၈) နဂါး အရိုးစုပဲ။ ငါတို့နဲ့ တိုက်ခိုက်ခဲ့တဲ့ အင်မော်တယ်အဆင့် (၄) ရုပ်သေးနွယ်ပင်က သူတို့အထဲမှာ အား အနည်းဆုံးပဲ”

လင်းဟွမ်သည် စောင့်ကြည့်ရေး မျက်နှာင်ပြင်ကို ညွှန်ပြရင်း သွေးရဲရဲလေး ပြောပြသည့် အချက်အလက်ကို ပြောပြလိုက်သည်။

"အားလုံးပေါင်း သုံးသောင်းလောက်ရှိတယ်။. အားလုံးကလည်း သန့်ရှင်းမီးလျှံအဆင့်နဲ့ အထက်ပဲ။ အများစုက အပြာရောင် မီးလျှံအဆင့် အထက်မှာ ရှိတယ်။ သူတို့ဒီရောက်ဖို့ဆို မိနစ် (၈၀) လောက် လိုအုံးမယ်.."

## အခန်း(၅၉၄) - ကြွံ့ကြွံ့ခံ ခုခံကြခြင်း။

ရီကျန်းနှင့် ကျန်သည့်လူများသည် သူတို့ထံ လာနေသော မွန်းစတား စစ်တပ်အကြောင်းကို သိပြီး စိတ်ပျက်သွားကြသည်။

"အခု ငါတို့ ဘာလုပ်ကြမလဲ။ တခြား နေရာ ပြေးကြမလား"

ရီရီယွီက မေးလိုက်သည်။

“သွေးရဲရဲလေး၊ တခြားနေရာက အခြေအနေတွေရော ဘယ်လိုလဲ”

လင်းဟွမ်က သွေးရဲရဲလေးကို လှမ်းကြည့်ပြီး မေးလိုက်သည်။

ထို့နောက် သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် အခြားဝပ်ကျင်း ခြောက်ခုမှ မြင်ကွင်းများကို ပြသလိုက်သည်။ စောင့်ကြည့် မျက်နှာပြင်ထဲတွင် ဝပ်ကျင်းအားလုံးကို မွန်းစတားများ သိမ်းပိုက်ထားကြသည်။

သွေးစတေးမှု စတင်သည့်အချိန်က မြေအောက်ကသာ လုံခြုံသည့် တစ်ခုတည်းသော နေရာဟု ထင်ခဲ့ကြသည်။ အသက်ရှင်သည် ဖြစ်စေ၊ သေသည်ဖြစ်စေ မြေပေါ်ရှိ အရာအားလုံးက နတ်ဘုရားတစ်ပိုင်း မွန်းစတား သုံးကောင်နှင့် လျှို့ဝှက်ဆန်းကြယ် မွန်းစတားတို့၏ ယဇ်ကောင်များ ဖြစ်လာကြလိမ့်မည်။ ထို့ကြောင့် တိုက်ပွဲထဲတွင် အနိုင်ရရှိခဲ့သော မွန်းစတားအားလုံးသည် ဝပ်ကျင်း အနီးရှိ မြေအောက်အခန်းများထဲတွင် ပုန်းအောင်း နေကြသည်။

ရီကျန်းနှင့် ကျန်သည့် လူများသည် စောင့်ကြည့်ရေး မျက်နှာပြင်ကို ကြည့်ပြီးနောက် မျက်မှောင်ကြုတ်သွားသည်။

“နံပါတ် (၁)၊ နံပါတ် (၃)၊ နံပါတ် (၄) ၊ နံပါတ် (၇)၊ ဝပ်ကျင်းအားလုံးကို အင်ပါယာအဆင့် မွန်းစတားတွေ သိမ်းပိုက်ထားကြပြီ။ နံပါတ် (၂) နဲ့ နံပါတ် (၆) ကိုပဲ အင်မော်တယ်အဆင့် မွန်းစတားတွေက သိမ်းပိုက်ထားတယ်။ ငါတို့တွေ နံပါတ် (၂) ဒါမှမဟုတ် နံပါတ် (၆) ဝပ်ကျင်းကို သွားလည်း ငါတို့ကို ထောင်နဲ့ချီတဲ့

သန့်ရှင်းမီးလျှံအဆင့် မွန်းစတားတွေ ဝန်းရံထားအုံးမှာပဲ။ မွန်းစတား အနည်းဆုံးက နံပါတ်(၂)ဝပ်ကျင်းပဲ။ ဒါပေမယ့် အဲ့ဒီမှာတောင် (၈,၀၀၀) ကျော် ရှိနေသေးတယ်”

သွေးရဲရဲလေးက ကိန်းဂဏာန်း အချက်အလက် စာရင်းဇယား ထုတ်ပေးလိုက်သည်။

သို့သော်လည်း လင်းဟွမ်က ချက်ချင်း စကားဖြတ်ပြီး ပြောလိုက်သည်။

“အရေအတွက်က အရေးမကြီးဘူး။ ငါတို့ ကျန်တဲ့နေရာ ခြောက်ခုကို မထွက်သွားသင့်ဘူး။

ဘယ်နေရာပဲ သွားသွား ထောင်၊ သောင်းချီတဲ့ မွန်းစတားအုပ်ကြီးထဲ နစ်မြုပ်သွားမှာပဲ။ အသွင်ပြောင်းကတ်တော့ အသုံးပြုလို့ ရတယ်။ ဒါပေမယ့် မင်းတို့ကိုတော့ အကာအကွယ် မပေးနိုင်ဘူး”

“ငါတို့မှာ ပြေးစရာမြေ မရှိတော့ဘူး…”

ရီကျန်းသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် နောက်ဆုံးတွင် အမှန်တရားကို ထုတ်ပြောလိုက်သည်။

"အဲ့ဒီနေရာတွေကို သိမ်းပိုက်ထားတဲ့ မွန်းစတားအုပ်တွေရဲ့ အစွမ်းထက်ဆုံး ခေါင်းဆောင်က အင်မော်တယ်အဆင့် (၇) နဲ့ အခြား အင်မော်တယ်အဆင့် မွန်းစတားက သုံးကောင်ထက် ပိုများတယ်။ သူတို့ နောက်လိုက်တွေ ထဲမှာလည်း အပြာရောင် မီးလျှံအဆင့် မွန်းစတားတွေ အများကြီးပဲ။ ဘယ်နေရာသွားသွား သူတို့လက်ကနေ ငါတို့ မလွတ်နိုင်ဘူး၊ ( ၁၀ ) စက္ကန့်ထက် ပိုပြီး အသက်ရှင်မှာ မဟုတ်ဘူး"

လီလန်က ဒါကို သူကိုယ်တိုင် သိနေသည်။

"လင်းဟွမ်၊ မင်း ထွက်သွားချင်စိတ် မရှိတာ သိပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ထွက်သွားတာက တစ်ခုတည်းသော ရွေးချယ်မှုလို့ ငါ ထင်တယ်။ ငါတို့တွေ ဒီနေရာမှာ စွန့်စားဖို့ မထိုက်တန်ဘူး ငါတို့အဆင်သင့်ဖြစ်တဲ့ နောက်နှစ်ကျမှ ပြန်လာရအောင်..."

ရီရီယွီက ထွက်သွားချင်နေသည်။

"တခြားနေရာတွေ သွားကြည့်ဖို့ မဖြစ်နိုင်တဲ့အတွက် အခုရှိတဲ့ နေရာမှာပဲ နေရမယ်..."

လင်းဟွမ်က အခိုင်အမာ ငြင်းနေသည်။

ကျန်သည့်လူများ တိတ်ဆိတ်သွားပြန်သည်။

"ဒါဆိုလည်း မင်း အစီအစဉ် နားထောင်ကြည့်ရအောင်..."

ရီကျန်းက လီလန်ကို စည်းရုံးရင်းထွက်သွားဖို့အတွက် လုပ်လိုက်စဉ် လျှန်းယုရှင်းက ဝင်ပြောလိုက်သည်။

"ရေတွင်းရဲ့ အရွယ်အစားကို ပြန်ကြည့်ရအောင်။ ငါတို့ကို မွန်းစတား ဘယ်လောက်များများ

ဝိုင်းထားထား အရေအတွက်က အရေးမကြီးဘူး။ ရေတွင်းပေါက်ရဲ့ အရွယ်အစားကြောင့် တစ်ကြိမ်မှာ တစ်ခါ ဝင်နိုင်တဲ့ အရေအတွက်ကတော့ အကန့်အသတ် ရှိမှာပဲ။ အဲ့ဒါကြောင့် အပြင်ဘက်မှာ တစ်သောင်းလား၊ တစ်သန်းလား... ဘယ်လောက်ပဲရှိရှိ တစ်ချိန်တည်းမှာ ငါတို့ဆီကို ရောက်နိုင်တဲ့ အရေအတွက်က အဓိကပဲ။ "

"ငါတို့လုပ်ရမှာက မနက် (၅) နာရီ ဝန်းကျင်၊ နေထွက်လာတဲ့ အချိန်အထိ အသက်ရှင်နေအောင် တောင့်ခံထားဖို့ပဲ။ အခုက မနက် (၃) နာရီ

ကျော်နေပြီ။ သူတို့ ဒီကိုရောက်ဖို့ဆိုရင် တစ်နာရီ မိနစ်နှစ်ဆယ် လောက်တော့ အချိန်ယူရမှာဘဲ။ အဲ့ဒီတော့ ဒီကို မနက် (၄) နာရီခွဲလောက်မှ ရောက်လာလိမ့်မယ်။ တစ်နာရီလောက်ပဲ တောင့်ခံ ရမယ်”

လင်းဟွမ်က သူ့အစီအစဉ်ကို ထုတ်ပြော လိုက်သည်။

“ဒါပေမယ့် အခု ငါတို့ ကြုံတွေ့နေရတဲ့ အကြီးမားဆုံး ပြဿနာက မွန်းစတား အရေအတွက် မဟုတ်ဘူး... ငါတို့ တောင့်ခံရမယ့်အချိန်ပဲ။

အဲ့တာလည်း မဟုတ်သေးဘူး။ သူတို့ရဲ့ တိုက်ခိုက်ရေးအဆင့်ပဲ။ အင်ပါယာအဆင့် မွန်းစတား ရောက်လာရင် မင်း ဘာလုပ်ဖို့ စိတ်ကူးထားလဲ။ သူ့နောက်လိုက် တွေကလည်း သေချာပေါက် တိုက်ပွဲဝင်မှာပဲ။ နေထွက်တဲ့ အချိန်ထိတောင် တောင့်ခံနိုင်မှာ မဟုတ်ဘူးနော်”

လျန်ယုရှင်းက လင်းဟွမ်ကို လှမ်းမေးလိုက်သည်။

“နတ်ဘုရားသတ် အမြောက်ကိုသုံး...။ အဲ့ဒါဆို အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကိုတော့ သတ်နိုင်လောက်တယ်”

လင်းဟွမ်အား ထိုအကြံဉာဏ် ပေးခဲ့သူမှာ သွေးရဲရဲလေးပင်။

သူတို့ အားလုံး အံ့အားသင့်သွားပြီး နတ်ဘုရားသတ် အမြောက်ကို မေ့လုနီးပါး ဖြစ်နေခဲ့သည်။

"နတ်ဘုရားသတ် သတ်ဖြတ်သူက အင်ပါယာအဆင့် သွေးမြွေကို သတ်နိုင်ရင် သတ်နိုင်။ တကယ်လို့ မသတ်နိုင်ရင် ငါတို့ ဘာလုပ်ကြမလဲ"

လျန်ယုရှင်းက မေးလိုက်သည်။

“အင်မော်တယ်အဆင့် မွန်းစတားတွေကို ငါ့ကို ကိုင်တွယ်လိုက်မယ်။ ကျန်တဲ့လူတွေ သတ်ဖို့အတွက် ပိုင်နဲ့လန်စန်လော့က ကူညီပေးလိမ့်မယ်”

လင်းဟွမ်က အကြီးမားဆုံးတာဝန်ကို ယူရန် ဆုံးဖြတ်လိုက်သည်။

လျန်ယုရှင်းသည် လင်းဟွမ်ကို တစ်ချက် လှမ်းကြည့်လိုက်သော်လည်း စကားတစ်ခွန်းမှ မပြောတော့ချေ။

“အင်မော်တယ် အဆင့် (၈) မွန်းစတား တစ်ကောင်ကို မင်း ကိုင်တွယ်နိုင်ပြီလား”

ဤမေးခွန်း မေးလိုက်သူမှာ ရီရီယွီပင်

“ငါ့ရဲ့ အဆုံးစွန်သော လှုပ်ရှားမှုကို ထုတ်သုံးရင် လုပ်နိုင်တယ်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

သူတို့အားလုံး ဆွံ့အသွားသည်။ လင်းဟွမ်၏ အစွမ်းထက်ဆုံး လှုပ်ရှားမှုကို စိတ်ကူး မကြည့်နိုင်တော့ချေ။

"ဒါဆိုရင် မင်းရဲ့ အဆုံးစွန်သော လှုပ်ရှားမှုနဲ့ အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကို သတ်နိုင်လား..."

လီလန်က မိုက်မဲသော မေးခွန်းတစ်ခု ထမေးလိုက်သည်။

"ငါ့ကို နတ်ဘုရား တစ်ပါး ပြန်ဝင်စားတယ်လို့ မင်း ထင်နေတာလား"

လင်းဟွမ်က လီလန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

လင်းဟွမ်၏ အဖြေကို ကြားသောအခါ သူတို့အားလုံး စိတ်သက်သာရာ ရသွားသည်။ လင်းဟွမ်က အင်မော်တယ်အဆင့် (၄) မွန်းစတား တစ်ကောင်ကို မသတ်ဖြတ်ခင် အချိန်အထိ လင်းဟွမ်၏ ထူးချွန်ထက်မြက်မှုကို သံသယ ရှိနေခဲ့ကြသည်။

သို့သော်လည်း လင်းဟွမ်က ဤကဲ့သို့ လုပ်နိုင်ကြောင်း သက်သေပြပြီးနောက် အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကို သတ်နိုင်သည်ဟု ပြောလျှင်ပင် ယုံကြည်

ကြလိမ့်မည်။ ကံကောင်းထောက်မစွာဖြင့် လင်းဟွမ်က သူ၏စွမ်းရည် အကန့်အသတ်ကို သိနေပြီး ငြင်းပယ်လိုက်သည်။

“ငါ့ရဲ့ အဆုံးစွန်သော လျှပ်ရှားမှု ထုတ်သုံးရင်တောင် အင်ပါယာအဆင့်နဲ့ တိုက်ခိုက်ဖို့ မဖြစ်နိုင်ဘူး။ အဲ့ဒါကြောင့် သူ့ကို သတ်ဖို့ နတ်ဘုရားသတ် အမြောက် သုံးဖို့တွေးနေတာ။ နတ်ဘုရားသတ် အမြောက်ကို ခဏခဏ သုံးတာက ဖြုန်းတာ မဟုတ်ရင် အင်မော်တယ်အဆင့်

မွန်းစတားတွေကို သတ်ဖို့ ငါ သုံးလိုက်တာ ကြာနေပြီ....”

လင်းဟွမ်က အမှန်အတိုင်း ဝန်ခံလိုက်သည်။

“ငါတို့မှာ နတ်ဘုရားသတ် အမြောက်ရှိနေတော့ သိပ်ပြီး ကြောက်စရာမလိုဘူး။ ပြည်ထောင်စုအစိုးရ စောင့်ကြည့်နေတဲ့ ဈေးကွက်ထဲမှာ ရှာဝယ်လို့ကလည်း မရဘူး။ ဒါပေမယ့် ဒါကို အသုံးမပြုရင်လည်း စစ်ပွဲကို ကျော်လွှားနိုင်မှာ မဟုတ်ဘူး။”

ရီကျန်းသည် စစ်ဆင်ရေးကိစ္စ ပြောနေရသည့်အတွက် စိတ်လှုပ်ရှား နေပြီး အလေးအနက် ထားကာ ရှင်းပြလိုက်သည်။

"ငါတို့အတွက် အရှုံးချည်းပဲ မဟုတ်ဘူးလို့ ငါ ထင်တယ်။ မွန်းစတား စစ်တပ်က ကြောက်စရာကောင်းပြီး အစွမ်းထက်တဲ့ အင်ပါယာအဆင့်နဲ့ အင်မော်တယ်အဆင့် မွန်းစတားတွေ ပါနေတယ်ဆိုပေမယ့် ဒီတောင်ကို ကျော်တာနဲ့ ဒီမောင်တို့ တစ်လလောက်တော့ လုံခြုံသွားလိမ့်မယ်။ သူတို့ရဲ့ တိုက်ခိုက်မှုကို

တစ်နာရီလောက်ပဲ တောင့်ခံထားဖို့ လိုတာပါ။ မင်းတို့ထဲမှာ တစ်ယောက်ယောက်က ဆက်နေချင်စိတ် မရှိတော့ဘူးဆိုရင်လည်း မင်းတို့ ဆုံးဖြတ်ချက်ကို ငါ လေးစားမှာပါ”

လင်းဟွမ်က ကျန်သည့်လူများကို မကြည့်ခင် ရီကျန်းကို တစ်ချက်ကြည့်လိုက်သည်။

“မဲပေးရအောင်။ ထွက်ချင်တဲ့ လူတွေ လက်မြှောက်”

ရီကျန်းက မည်သည့်ဘက်မှာ ရှိလဲဆိုသည်ကို မပြောပေ။

လျှန်ယုရှင်းနှင့် ရီရီယွီတို့က လက်မမြှောက်ဘဲ ခေါင်းငုံ့ကာ မထုံတက်တေး အမူအရာနှင့် နေကြသဖြင့် ရီကျန်းလည်း မလုပ်ပေ။ ထိုအချိန်တွင် လီလန်က တုံ့ဆိုင်းနေသည်။ မည်သူမျှ လက်မထောင်သည်ကို မြင်လိုက်လျှင် တစ်ဝက်တစ်ပျက် ထောင်ထားသော လက်ကို ဆန့်တန်းပြီး အပျင်းကြောတစ်ချက် ဆန့်လိုက်သည်။

"ငါ အပျင်းကြောဆန့်တာ... အများကြီး မတွေးကြနဲ့... ဟုတ်ပြီလား..."

လီလန်သည် သူ ထွက်သွားချင်သည့် အကြောင်းကို မည်သူမှ သတိမထားမိကြောင်း မြင်လိုက်လျှင် ရှက်ရွံ့စွာ ပြုံးလိုက်သည်။

"ကောင်းပြီ... ဘယ်သူမှ လက်မလျှော့ကြဘူး။ အခု ငါတို့တွေ အတူတူပေါင်းပြီး ရှူးလိုက်ကြတာပေါ့"

လင်းဟွမ် စိတ်အေးသွားသည်။ လင်းဟွမ်က ကျန်သည့်လူများ လက်လျှော့ အရှုံးပေးလိမ့်မည်ဟု တွေးထားခဲ့ပြီး ဆက်နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

# အခန်း(၅၉၅) - အခက်အခဲ၏ အဆုံးက ထွက်ပေါက်....

မနက် (၄) နာရီ (၂၄) မိနစ်...

တိတ်ဆိတ်သော ညသည် နောက်တစ်ကြိမ် စည်ကားလာပြန်သည်။ တစ်နာရီကျော် ကြာအောင် စောင့်ဆိုင်းပြီးနောက် အင်ပါယာအဆင့် မွန်းစတားကြီး ရောက်ရှိလာခဲ့ပြီ။

ခေါင်းဆောင် သွေးမြွေသည် ၎င်း၏စစ်တပ်ကို ဦးဆောင်၍ လင်းဟွမ်တို့ ပုန်းအောင်းနေသော ရေတွင်းသို့ ရောက်ရှိလာကြသည်။ မွန်းစတား သုံးထောင်ကျော်က ရေတွင်းကို ဝိုင်းထားကြသည်။

အခြေအနေကို သိရှိရန် သွေးရဲရဲလေးက စောင့်ကြည့်ရေး မျက်နှာပြင်ကို ထုတ်ပြစရာ မလိုပေ။ ဆူညံသံတွေကို အတိုင်းသား ကြားနေရသည်။

လင်းဟွမ်တို့အဖွဲ့သည် စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်က မရေမတွက်နိုင်သော

မွန်းစတားများကို မြင်လိုက်လျှင် သူတို့၏ မျက်နှာများ ဖြူဖျော့သွားကြသည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲ၌ သွေးမြွေကြီးက ရေတွင်းပေါ်တွင် ပျံသန်းနေပြီး ထူးခြားသည့် မည့်သည့်အရာမျှ မတွေ့သောအခါ အရိုးစုမွန်းစတား၏ ခေါင်းပေါ် ပြန်ဆင်းသွားပြီး ဟိန်းဟောက်လိုက်သည်။ ထိုဟိန်းဟောက်သံသည် သေးငယ်သော ၎င်း၏ခန္ဓာကိုယ်နှင့် လုံးဝ မလိုက်ဖက်ဘဲ အဆုတ်ကွဲ မတတ်

ရင်းခေါင်းသံကြီးနှင့် အော်ဟစ်လိုက်သလို မြည်ဟည်းနေသည်။

ထိုကဲ့သို့ ဟိန်းဟောက်ပြီးနောက် မွန်းစတား အုပ်ကြီးထဲမှ မွန်းစတားနှစ်ကောင် ထွက်လာပြီး ရေတွင်းဘက်သို့ ဦးတည်ထွက်လာသည်။

"ငရဲယင်ကောင်....."

လျန်ယုရှင်း၏ မျက်လုံးသူငယ်အိမ်များ တုန်ခါသွားသည်။

ငရဲယင်ကောင် ဆိုသည်မှာ ထွင်းဖောက် မြင်ရသော အတောင်ပံများ ပါရှိသည့် အင်းဆက် ပိုးကောင်ဖြစ်ပြီး ကပ်ပါးအမျိုးအစား သတ္တဝါ ဖြစ်ကာ အဝေးသို့ ပျံသန်းရာ၌ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားထဲတွင် အမြန်ဆုံး ပျံသန်းနိုင်သော မွန်းစတား တစ်ကောင်ပင် ။ ထို့အပြင် ပျံသန်း နိုင်သလို ဥဘဏ်ရည်လည်း ထက်မြက်သည်။

သွေးမြွေက ငရဲယင်ကောင်များကို တိုက်ခိုက်ရန် စေလွှတ်ခြင်း မဟုတ်ဘဲ အခြေအနေကို ကြိုတင် စုံစမ်း ခိုင်းသည်မှာ ထင်ရှားသည်။

ရုပ်သေးနွယ်ပင်သည် လွန်ခဲ့သော နှစ်နာရီကျော်က ထွက်ခွာ လာခဲ့သဖြင့် ပုန်းအောင်းနေသော လူသားများ ထွက်ပြေး လွတ်မြောက်သွားတာလည်း ဖြစ်နိုင်သည်။

ထိုငရဲယင်ကောင်များသည် လင်းဟွမ်နှင့် ကျန်သည့်လူများ ပုန်းအောင်းနေသော ရေတွင်းအောက်ခြေသို့ ရောက်ရှိရန် တစ်စက္ကန့်သာ အချိန်ယူခဲ့ရသည်။

ထိုစဉ် ငွေရောင် ဆံပင်ရှိသော လူ၏ နောက်ကျောဘက်မှ အနီရောင်အလင်းများ

အနည်းငယ် ထွက်ပေါ်လာသည်။ ငရဲယင်ကောင်များသည် ဘာမှ မလုပ်နိုင်ခင် ခေါင်းများ ပြတ်သွားသည်။

ပိုင်က အလင်း၏ အမြန်နှုန်းဖြင့် ရှေ့ပြေးကင်းသမား သတ်ဖြတ်ခဲ့ခြင်း ဖြစ်ပြီး ငရဲယင်ကောင်များသည် အသံ တစ်ချက်ပင် မထွက်လိုက်နိုင်ရှာပေ......။

ရေတွင်းအပေါ်တွင် ရှိနေသော သွေးမြေသည် ငရဲယင်ကောင်များ ပြန်ရောက် မလာသည့်အတွက် အဖြစ်အပျက်ကို သဘော ပေါက်သွားသည်။

သွေးမြွေက ရေတွင်းအောက်ခြေကို ငုံ့ကြည့်လိုက်သော်လည်း ငရဲယင်ကောင်များ၏ အလောင်းကို သိမ်းထားပြီး ဖြစ်သောကြောင့် မည်သည့်အရာမှ မမြင်ရပေ။

ငရဲယင်ကောင်များသည် အပြာရောင်နှင့် ခရမ်းရောင် မီးလျှံအဆင့် မွန်းစတားများပင် ။ ငရဲယင်ကောင်များ စက္ကန့်ပိုင်းလေးအတွင်း အသတ်ခံခဲ့ရသောကြောင့် လူသားများပေါ်တွင် အမြင်သစ်တစ်မျိုး မြင်လာသည်။

သွေးမြေသည် တစ်ချက် တုံ့ဆိုင်းသွားပြီးနောက် ဟိန်းဟောက် လိုက်ပြန်သည်။

ရွှေရောင် မီးလျှံအဆင့် ငရဲပျားနှစ်ကောင်သည် စစ်တပ်ထဲမှ ပြေးထွက်လာသည်။ ၎င်းတို့သည် အစွမ်းအထက်ဆုံး ခုခံရေး အစွမ်းရှိသည့် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများ ဖြစ်ပြီး ပျံသန်းရာတွင် အထူး ကျွမ်းကျင်သည်။ ၎င်းတို့၏ တိုက်ခိုက်ရေးအစွမ်းမှာ ထူးခြားခြင်း မရှိသော်လည်း တိုက်ပွဲတစ်ခုအတွင်း၌ ဒိုင်းအဖြစ် လုပ်ဆောင်နိုင်ကြသည်။

ရွှေရောင် မီးလျှံအဆင့်သာ ရှိသော်လည်း အင်မော်တယ်အဆင့် (၂) ၏ တိုက်ခိုက်ရေး အစွမ်းကပင် ၎င်းတို့၏ ခံစစ်စွမ်းရည်ကို အချိန်တိုလေးအတွင်း ဖြတ်ကျော်နိုင်မည် မဟုတ်ချေ။

သွေးမြွေက ငရဲပျားများကို တိုက်ခိုက်မှုများအား ပိတ်ဆို့ တားဆီးထားစေပြီး အခြားမွန်းစတားများကို ရေတွင်းထဲ ဝင်ရောက်ခိုင်း ချင်သည့်မှာ ထင်ရှားသည်။ ထိုကဲ့သို့ မဟုတ်ဘဲ မွန်းစတားများကို တွင်းထဲ ဒီတိုင်း ဆင်းခိုင်းပါက သေတွင်းထဲ တွန်းပို့နေသလို ဖြစ်နေပေလိမ့်မည်။

"ဒီငရဲပျားတွေကို တစ်စက္ကန့်အတွင်း သတ်နိုင်လား"

ရီကျန်းသည် သူ့အစွမ်းအစကို စိုးရိမ်နေပြီး သူသာဆိုလျှင် ဤငရဲပျားများ၏ ခံစစ်စွမ်းရည်ကို ချိုးဖျက်နိုင်သော်လည်း သတ်ဖြတ် နိုင်လိမ့်မည် မဟုတ်ချေ။

"ပြဿနာ မရှိဘူး..."

ထို့နောက် လင်းဟွမ်က လန်စန်လေ့ကို ကြည့်လိုက်သည်။

“ငရဲပျားတွေရဲ့ အားအနည်းဆုံး အစိတ်အပိုင်းက သူတို့ရဲ့ ဝမ်းဗိုက်အဆုံးမှာရှိတဲ့ အပေါက်ပဲ... စအိုဆိုလည်း ဟုတ်တယ်...”

ငရဲပျားများသည် ညွှန်ကြားချက် ရသည်နှင့် အရှည်(၅) မီတာမှ (၁) မီတာအထိ ကျုံ့ဝင်ပြီး တွင်းထဲပျံသန်းလာသည်။ မကြာခင် ငရဲပျားများသည် ရေတွင်းအောက်ခြေကို ရောက်ရှိလာသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများကို တွေ့သောအခါ တိုက်ခိုက်ရန် အသင့် လုပ်လိုက်စဉ် အနီရောင်အလင်းတန်းက ဖျတ်ခနဲ လက်သွားသည်။

ထို့နောက် ငရဲပျားများ သေဆုံးသွားသည်။

သွေးမြွေသည် ရေတွင်းထိပ်မှ စောင့်ကြည့်နေသောကြောင့် ငရဲပျားများ ရေကန်အောက်ခြေ ရောက်သည်နှင့် ချက်ချင်း သေဆုံးသွားသည်ကို မြင်လိုက်ရသည်။ ထို့နောက် အလောင်းများ ပျောက်ကွယ် သွားသည်ကို တအံ့တသြ တွေ့လိုက်ရသည်။ အနီရောင်အလင်း ဖျတ်ခနဲ လက်သွားသည်ကို မြင်ခဲ့သော်လည်း မည်ကဲ့သို့ တိုက်ခိုက်မှုမျိုးလည်း ဆိုသည်ကို မသိလိုက်ရပေ။

လန်စန်လေ့က နယ်မြေပိုင်နက် အသိထိန်းချုပ်ခြင်း ဓါးတာအိုကို အသုံးပြုခဲ့ပြီး မွန်းစတားများ ထိုစွမ်းရည် သက်ရောက်မှုလွှမ်းခြုံနိုင်သော နေရာထဲတွင် ရှိနေသဖြင့် တိုက်ခိုက်မှုကို မြင်တွေ့ခဲ့ရခြင်း မရှိခဲ့ပေ။

တိုက်ခိုက်မှုမှာ ထူးဆန်းသော်လည်း သွေးမြွေသည် ဒီတိုက်ခိုက်မှုက သူ့လောက် အစွမ်းမထက်ကြောင်း သေချာပေါက် သိလိုက်သည်။ သွေးမြွေကို အန္တရာယ် မပေးနိုင်သလို ၎င်း၏

အင်မော်တယ်အဆင့် နောက်လိုက်အများစုအပေါ်မှာလည်း အလုပ် မဖြစ်ပေ။

သွေးမြွေသည် ခေတ္တမျှ စဉ်းစားပြီးနောက် သူ၏ အင်မော်တယ်အဆင့် နောက်လိုက်များကို လှည့်ကြည့်လိုက်သည်။ ငရဲပျားများက တစ်စက္ကန့်အတွင်း အသတ်ခံခဲ့ရသောကြောင့် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများကို စေလွှတ်ခြင်းက အသုံးမဝင်ကြောင်း သိရှိသွားသည်။

လူသားများ၏ စွမ်းရည်ကို တိတိကျကျ မသိသဖြင့် သူ၏ အင်မော်တယ်အဆင့် နောက်လိုက်

မွန်းစတားများ ဆုံးရှုံးသွားမည်ကိုလည်း စိုးရိမ်နေမိသည်။ သို့သော်လည်း ရေတွင်းအောက်ခြေရှိ လူသားများက သူ၏ အင်မော်တယ်အဆင့် နောက်လိုက်များကို သတ်ဖြတ်နိုင်မည့် ပုံမရှိဘဲ အကန့်အသတ် ရှိပုံပင်။

လင်းပွှမ်နှင့် ကျန်သည့် လူများက စောင့်ကြည့်ရေး မျက်နှာပြင်မှတစ်ဆင့် စောင့်ကြည့်နေကြသဖြင့် သွေးမြွေ၏လုပ်ရပ်ကို ကြည့်ပြီး မည်သည့်အရာများ ကြံစည် နေကြောင်း သိနေကြသည်။

"အင်မော်တယ်အဆင့် မွန်းစတားတွေ လွှတ်တော့မယ်"

ရီကျန်းက မျက်မှောင်ကြုတ်နေပြီး ကျန်သည့် လူများနှင့် လင်းဟွမ်ကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။ လင်းဟွမ် အစွမ်းပြမည့် အဆုံးစွန်သော လှုပ်ရှားမှုက မည်သို့ဆိုသည်ကို မည်သူမျှ မသိကြပေ။

လင်းဟွမ်အပေါ် မည်မျှ ယုံကြည်သည်ဟု ပြောပါစေ။ အင်မော်တယ်အဆင့် (၇) သို့မဟုတ် အင်မော်တယ် အဆင့် (၈) မွန်းစတားများကို

မသတ်ဖြတ်ခင် မျက်လုံးစုံမှိတ်၍ ယုံကြည်နိုင်ရန် ခက်ခဲနေသည်။

ရေတွင်းအပေါ်တွင် သွေးမြွေက အရိုးစုမွန်းစတား မှလွဲ၍ ကျန်သည့် အင်မော်တယ်အဆင့် မွန်းစတား ခြောက်ကောင်လုံးကို ညွှန်ကြားလိုက်သည်။ အင်မော်တယ် အဆင့်ရှိ မွန်းစတား ခြောက်ကောင်ထဲ၌ ရုပ်ဆိုးနွယ်ပင်က တိုက်ခိုက်ရန် ဆန္ဒမရှိသော်လည်း သွေးမြွေ၏ ညွှန်ကြားချက်ကို မလိုက်နာဘဲ မနေဝံ့ချေ။

ထိုအချိန်တွင် အင်မော်တယ်အဆင့် အခြား မွန်းစတား ငါးကောင်ကမူ လူသားများကို နောက်ဆုံး သတ်ဖြတ်ခဲ့သည်မှာ ကြာမြင့်နေခဲ့ပြီ ဖြစ်သဖြင့် စိတ်လှုပ်ရှား နေကြသည်။

ထို့နောက် ၎င်းတို့၏ ခန္ဓာကိုယ်များကို ကျုံ့ပြီး ရေတွင်းထဲ ခုန်ချသွားသည်။ ရုပ်သေးနွယ်ပင်ကမူ နောက်ဆုံးမှ ဝင်ရန် ဆုံးဖြတ်လိုက်သည်။

ရီကျန်းနှင့် ကျန်သည့် လူများသည် စောင့်ကြည့်ရေး မျက်နှာပြင်ထဲ၌ အင်မော်တယ်အဆင့် မွန်းစတားခြောက်ကောင်

ရေတွင်းထဲ ခုန်ချလာသည်ကို မြင်လိုက်လျှင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

'ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ပြီး အသွင်ပြောင်းလဲမှုကို ဖုံးကွယ်ထားမယ်'

လင်းဟွမ်က ရှောင်ဖိန်နှင့် တိတ်တဆိတ် ဆက်သွယ်လိုက်သည်။

ညွှန်ကြားချက် ပေးပြီးသည်နှင့် သူ၏ တိုက်ခိုက်ရေးအဆင့်က လျင်မြန်စွာ မြင့်တက်လာသည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင်

အပြူရောင်မီးလျှံအဆင့်မှ ရွှေရောင်မီးလျှံအဆင့်အထိ တန်း၍ မြင့်တက်သွားခဲ့သည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ်၏ မြင့်တက်လာသော အော်ရာကို ခံစားမိသဖြင့် တုန်လှုပ်စွာ လှမ်းကြည့်လာကြသည်။

“ရွှေရောင် မီးလျှံအဆင့်လား”

ရီကျန်းသည် ခရမ်းရောင် မီးလျှံအဆင့်ဖြစ်သောကြောင့် သူ့အာရုံမှာ အကဲဆတ်ပြီး လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်က သူ့ထက် ကျော်လွန်သွားပြီ ဖြစ်ကြောင်း သေချာနေသည်။

"အဆင့် (၄) ဆင့် တစ်ခါတည်း ခုန်တက်သွားတာလား"

လျန်ယုရှင်းသည် ဤကဲ့သို့ လျှို့ဝှက်စွမ်းရည်မျိုးကို တစ်ခါမျှ မကြားဖူးခဲ့သောကြောင့် တုန်လှုပ်နေသည်။

ရီရီယွီနှင့် လီလန်တို့ကမူ လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့် မြင့်တက်လာသည်ကို သိသော်လည်း ယခုအချိန်တွင် မည်သည့်အဆင့်ရောက်နေကြောင်း မသိကြပေ။ သို့တိုင်အောင်

သူတို့နှစ်ယောက်သည် အံ့ဩမှင်တက်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေကြသေးသည်။

လင်းဟွမ် အသွင်ပြောင်းပြီးသည့် အချိန်မှာပင် အင်မော်တယ်အဆင့် မွန်းစတားခြောက်ကောင်သည် ရေတွင်းအောက်ခြေသို့ ရောက်ရှိလာသည်။

## အခန်း(၅၉၆) - ကံကြမ္မာဆိုး ၊ ကံဆိုးမိုးမှောင်ကျခြင်း။

လင်းဟွမ်သည် စကားပြောရင်း လေထဲ ခုန်လိုက်ပြီး ဓါးကို လျှပ်စီးလက်သည့်အလား လျင်မြန်စွာ ခုတ်ချလိုက်သည်။ ဤတစ်ကြိမ်တွင် ရှိရှိသမျှ အရာအားလုံး ထုတ်သုံးခဲ့သည်။

အင်မော်တယ်အဆင့် မွန်းစတား ခြောက်ကောင်ထဲတွင် အစွမ်းအထက်ဆုံးမှာ အင်မော်တင်အဆင့် (၇) ကြွက်မဟူရာ ပင် ။

အတိအကျ ပြောရလျှင် အနက်ရောင် အမွေးရှိပြီး ကြွက်နှင့်တူသော မွန်းစတားတစ်ကောင် ဖြစ်သည်။ သဘာဝအားဖြင့် သာမန်ကြွက်များထက် များစွာ ကြီးမားသည်။ ၎င်း၏အမြီးမှလွဲ၍ တစ်ကိုယ်လုံးကို ကျုံ့ထားသဖြင့် နှစ်မီတာကျော်သာ ရှည်လျားသည်။ ရေတွင်းအပေါ်တွင် ရှိစဉ်က အနည်းဆုံး (၇) မီတာမှ (၈) မီတာခန့် ရှည်လျားနိုင်သည်။

ဒါသည် သန္ဓေတစ်ကြိမ်ပြောင်း ရက်စက်ကြမ်းကြုတ်သော သားရဲဗီဇ ရှိသည့် မွန်းစတား တစ်ကောင်ဖြစ်ပြီး အရာအားလုံးနီးပါးကို

စားသုံးကာ အလွန်ကြမ်းတမ်းသည်။ မုဆိုး မည်မျှပင် ရှိစေကာမူ ၎င်း၏ အမြင်အာရုံထဲတွင် ရှိသမျှ သားကောင်အားလုံးကို စားပစ် တတ်သည်။ အနက်ရောင်အမွေးများနှင့် ကြည့်ကောင်း နေသော်လည်း ၎င်း၏ စွမ်းရည်မှာ ကြောက်စရာကောင်းပြီး အန္တရာယ်ရှိသော မွန်းစတား တစ်ကောင်ပင်။

ထိုစဉ် ကျန်ရှိသည့် အင်မော်တယ်အဆင့် မွန်းစတားများမှာလည်း မြွေဘီလူး၊ ကင်းမြီးကောက်ပျား၊ ပင့်ကူနီ၊ အဖြူရောင်ဝတ်စုံ

ဝတ်ဆင်ထားသော ဝိညာဉ် မွန်းစတား၊ ရုပ်သေးနွယ်ပင်တို့ ဖြစ်ကြသည်။ မြွေဘီလူးနှင့် ပင့်ကူနီတို့သည် အင်မော်တယ် အဆင့် ( ၆ ) ဖြစ်ပြီး ကင်းမြီးကောက်နှင့် ပင့်ကူနီတို့က အင်မော်တယ် အဆင့် ( ၅ ) ဖြစ်သည်။ ရုပ်သေးနွယ်ပင်က အင်မော်တယ်အဆင့် (၄) ဖြစ်ပြီး အား အနည်းဆုံးပင် ။

ဤတစ်ကြိမ်၌ ရုပ်သေးနွယ်ပင်က ၎င်း၏ ကပ်ပါးစစ်တပ်ကို မခေါ်ခဲ့သော်လည်း အင်မော်တယ်အဆင့် ရုပ်သေးရုပ် နှစ်ရုပ်

ပါလာခဲ့သည်။ ထို့ကြောင့် ပူးပေါင်းစွမ်းအားအရ ပြောရမည် ဆိုလျှင် ရုပ်သေးနွယ်ပင်သည် အဆင့် (၅)မွန်းစတား တစ်ကောင်ထက် အားနည်းခြင်း မရှိပေ။

အင်ပါယာအဆင့် သွေးမြွေ၏ နောက်လိုက်အားလုံးက အစွမ်းထက်ကြသည်။

နံပါတ် (၅) ဝပ်ကျင်း....

ရေတွင်းအောက်တွင် ရွှေရောင် မီးလျှံအဆင့်မြင့်တက်သွားသော လင်းဟွမ်သည် လျှပ်စီး

တဖျပ်ဖျပ်လက်နေသည့် ဓါးကို ကိုင်ဆောင်ထားသည်။

အင်မော်တယ်အဆင့် မွန်းစတားခြောက်ကောင်ရေတွင်း အောက်ခြေ ရောက်လာသည်နှင့် တစ်ပြိုင်နက် လင်းဟွမ် လှုပ်ရှားလိုက်သည်။

"မိုးကြိုး အာဏာ.."

ရွှေရောင်လျှပ်စီးများ တဖျတ်ဖျတ် လက်လာပြီး သူ့တစ်ကိုယ်လုံးက ရွှေရောင် မိုးကြိုးများနှင့် ပေါင်းစပ်သွားသလိုပင်။ စက္ကန့်ပိုင်းလေး အတွင်း၌

ရေတွင်းအောက်ခြေတွင် ရွှေရောင် တောက်ပနေသော လခြမ်းကွေး အလင်းတစ်ခု ထွက်ပေါ်လာသည်။

တိုက်ခိုက်မှုက လျင်မြန်လွန်းသောကြောင့် လီလန်နှင့် လျန်ယုရှင်းတို့သည် လင်းဟွမ်၏ လှုပ်ရှားမှုကို မီအောင် လိုက်မကြည့်နိုင်ကြပေ။ သူတို့မြင်သည်မှာ လေထဲတွင် ရွှေရောင်အလင်း ဖျတ်ခနဲ လက်သွားသည်ကိုသာ....

လင်းဟွမ်က စတင် တိုက်ခိုက်သည်နှင့် သူ၏ အဆုံးစွန်သော တိုက်ကွက်ကို အသုံးပြုလိုက်သည်။ မိုးကြိုးအာဏာသည် မွန်းစတားစွမ်းရည်များနှင့်

မိုးကြိုးဆူးကဲ့သို့ ခါးကျင့်စဉ်များကို ပေါင်းစပ်ပြီးနောက် ရရှိလာခဲ့သော ပေါင်းစပ်စွမ်းရည်တစ်ခု ဖြစ်သည်။ ဒါသည် အလွန်လျင်မြန်သော ခါးပညာတစ်ခုပင်။ ပေါင်းစပ်မှုကို အချော မသတ်ရသေးသော်လည်း အမြန်နှုန်းနှင့် စွမ်းအားမှာ မိုးကြိုးဆူးထက် အဆပေါင်းများစွာ လျှင်မြန်၍ ပိုပြင်းထန်သည်။

ဒါကို အသုံးပြုရသည့် အကြောင်းအရင်းမှာ ရိုးရှင်းသည်။ မွန်းစတားများကို တတ်နိုင်သမျှ အမြန်ဆုံး သတ်ပစ်ချင်နေသည်။

မွန်းစတားခြောက်ကောင်လုံးက အင်မော်တယ် အဆင့်ဖြစ်ပြီး ၎င်းတို့ထဲ၌ အား အနည်းဆုံးမှာ အင်မော်တယ်အဆင့် (၄)ပင် ။ ၎င်းတို့ထဲမှ တစ်ကောင်ကောင်က သူ၏ခံစစ်စည်းကို ချိုးဖျက်နိုင်ခဲ့သည်နှင့် ရီကျန်းနှင့် ကျန်သည့်လူများက ဤမွန်းစတားများကို ကိုင်တွယ်နိုင်စွမ်း မရှိကြပေ။

သွေးမြွေနှင့် အရိုးစု မွန်းစတားတို့က ရေတွင်း အပေါ်မှ ကြည့်နေကြသည်။ လင်းဟွမ်၏ တိုက်ခိုက်မှုကို မြင်လိုက်လျှင် အရိုးစုမွန်းစတား၏ အပြာရောင် မျက်လုံး သူငယ်အိမ်မှာ

သေးငယ်သွားပြီး သွေးမြွေကလည်း လူသားတစ်ယောက် ကဲ့သို့ ထိတ်လန့် တုန်လှုပ်နေသော အမူအရာကို ထုတ်ဖော် ပြသလာသည်။ မြေအောက်တွင် ပုန်းအောင်းနေသော လူသား၌ ဤကဲ့သို့ စွမ်းရည်မျိုး ရှိလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

လေထဲ၌ ရွှေရောင်အလင်း ဖျတ်ခနဲ လက်သွားသည့် အချိန်၌ အင်မော်တယ်အဆင့် (၇) မဟူရာကြွက် အပါအဝင် ကျန်သည့်မွန်းစတား ငါးကောင်လုံး ချက်ချင်း သေဆုံးသွားကြသည်။

သွေးများ ရုတ်တရုတ် ထွက်ကျလာသဖြင့် ရေတွင်းအောက်ခြေ မြေပြင်၌ အရောင်အသွေးစုံသော အရောင်များ ပေါ်လာသည်။

"နည်းနည်းလောက် နောက်ကျပြီးမှ သူတို့ဆီ ငါရောက်လာခဲ့ရင် အရမ်း ကောင်းမှာပဲ"

ရုပ်သေးနွယ်ပင်သည် အပိုင်းပိုင်း ပြတ်နေသော ၎င်း၏ခန္ဓာကိုယ်ကို ပြန်ကြည့်ပြီး နောင်တရစွာ ရေရွတ် လိုက်သည်။ ရှုံးသွပ်နေသော လူသတ်သမားကို မတော်တဆ ရန်စ မိခဲ့သည်။ ယခုမူ သူ၏အသက် အဆုံးသတ်ရတော့မည်။

အခြားမွန်းစတားများလည်း ဘာမှ မလုပ်ရသေးခင် အသတ်ခံရသည့်အတွက် ထိတ်လန့် တုန်လှုပ် နေကြသည်။

မဟူရာကြွက်မှာမူ လင်းဟွမ်ကို မော့ကြည့်နေပြီး သေမင်းကို မြင်နေရသကဲ့သို့ ခန္ဓာကိုယ်က တဆတ်ဆတ် တုန်နေသည်။ မသေ သေးသော်လည်း ဗိုက်မှသွေးများ တသွင်သွင် စီးကျနေခဲ့ပြီ။

ရီကျန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ်က အင်မော်တယ်အဆင့် (၄) နှင့် အဆင့် (၆) မွန်းစတားငါးကောင်ကို ခါးချက် တစ်ချက်ခုတ်ရုံဖြင့်

သတ်ခဲ့ပြီး ထိုအထဲတွင် အင်မော်တယ် အဆင့် (၇) မွန်းစတာပင် ပါနေသေးသဖြင့် အံ့အော တုန်လှုပ်နေကြသည်။

ပြိုင်ဘက်များ အားနည်း၍ မဟုတ်ဘဲ လင်းဟွမ်က အလွန် အစွမ်ထက်နေသောကြောင့်ပင် ။ သူသည် အမြဲတမ်း အစွမ်းအထက်ဆုံး ပုဂ္ဂိုလ် တစ်ယောက်ပင်။

“သူ့ရဲ့ လျှို့ဝှက်စွမ်းရည်ကို အသုံးပြုလိုက်လို့ ဒီလို အံ့မခန်း အကျိုးသက်ရောက်မှု ထွက်လာတာလား။ ဒါဆိုရင် နောင်တစ်ချိန်မှာ သူက

ရွှေရောင်မီးလျှံအဆင့် ရောက်သွားတာနဲ့ သူနဲ့ တိုက်ခိုက်နိုင်တဲ့ အင်မော်တယ်အဆင့် မွန်းစတားတွေ ရှိတော့မှာ မဟုတ်ဘူး မဟုတ်လား”

ရီကျန်းနှင့် ကျန်သည့်လူများသည် ထိုကဲ့သို့ စဉ်းစားနေကြသည်။ ရီရီယွှီသည် သူမကို လူတစ်ယောက်က ရွှေရောင် မီးလျှံအဆင့်လူက အင်မော်တယ်အဆင့် (၉) မွန်းစတားတစ်ကောင်ကို သတ်နိုင်သည်ဟု ပြောလာခဲ့လျှင် လာလိမ်နေသည်ဟု ထင်မိလိမ့်မည်။ သို့သော်လည်း ယခုအခါ၌

လင်းဟွမ်က သချောပေါက် လုပ်နိုင်လိမ့်မည်ဟု တွေးနေမိသည်။

လင်းဟွမ်သည် သူ၏ တိုက်ခိုက်မှုကို ခံရပြီးနောက် မဟူရာကြွက်က အသက်ရှင်နေသေးသည်ကို မြင်လျှင် မျက်မှောင်ကြုတ်သွားသည်။

"ကြည့်ရတာ ငါ့ရဲ့စွမ်းရည်ကို အရောင်တင်ဖို့ လိုနေတဲ့ပုံပဲ။ လုံလောက်အောင် မစွမ်းသေးဘူး.."

ရေတွင်း အပေါ်တွင် ရပ်ကြည့်နေသော သွေးမြွေသည် ၎င်း၏ အင်မော်တယ်အဆင့်

နောက်လိုက်များ အသတ်ခံရသည်ကို မြင်လျှင် စိတ်မရှည်နိုင်တော့ပေ။ အကယ်၍ သူသာ ခပ်မြန်မြန်မတိုက်ခိုက်ပါက မဟူရာကြွက် သေရတော့မည်ဖြစ်ပြီး သူ့တွင် တစ်ဦးတည်းသောအင်မော်တယ်အဆင့် နောက်လိုက် အရိုးစုမွန်းစတားသာ ကျန်တော့မည်။

ထိုကဲ့သို့ တွေးပြီးနောက် ၎င်း၏အမြီးနှင့် အရိုးစုမွန်းစတား၏ ဦးခေါင်းကို ပုတ်လိုက်သည်။ အရိုးစုမွန်းစတားက ၎င်း၏ ခန္ဓာကိုယ်ကို ကျုံ့ပြီး ရေတွင်းထဲ ဝင်သွားသည်။

လင်းဟွမ်သည် မဟူရာကြွက်နှင့် တိုက်ပွဲဝင်နေသဖြင့် သွေးရဲရဲလေး၏ စောင့်ကြည့်ရေးမျက်နှာပြင်ကို မမြင်ရသော်လည်း ရီကျန်းနှင့်ကျန်သည့်လူများက စောင့်ကြည့်နေကြသည်။

ရီရီယွီက နှစ်ခါပြန်မတွေးဘဲ ပြင်ဆင်ထားသောနတ်ဘုရားသတ် အမြောက်ကို ထုတ်ယူလိုက်သည်။

“လင်းဟွမ်.. ဖယ်..!!”

ရီကျန်းက အော်ဟစ်ပြီး ရီရီယွီနောက်တွင်ဝင်ရပ်ကာ နတ်ဘုရားသတ် အမြောက်

ထိပ်ပြောင်းဝကို ရေတွင်းအောက်ခြေသို့ ချိန်ရွယ်လိုက်သည်။

လင်းဟွမ်က ပိုင်နှင့် လန်စန်လော့တို့ကို ဆွဲခေါ်ပြီး နတ်ဘုရားသတ် အမြောက်နောက်သို့ နေရာ ကူးပြောင်းသွားသည်။ လင်းဟွမ် နေရာ ကူးပြောင်းသွားသည့် အချိန်မှာပင် အရိုးစုမွန်းစတား၏ ဦးခေါင်းပေါ်တွင် စီးနင်းလိုက်ပါလာသော သွေးမြွေသည် ရေတွင်း အောက်ခြေကို ရောက်လာသည်။

ရီကျန်းက အချိန်မဆိုင်းဘဲ နတ်ဘုရားသတ် အမြောက်ကို ပစ်ခတ်လိုက်သည်။ လေထဲတွင် မီးပွားများက ဥက္ကာခဲများ အလား ပေါ်လာပြီး သွေးမြွေ၊ အရိုးစု မွန်းစတားတို့နှင့်အတူ သေဆုံးနေသော ကြွက်ကို ဖုံးလွှမ်းသွားသည်။

ဘုန်း...!!

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ် လာပြီး မြေပြင်သည် လျှောင်လှုပ်သကဲ့သို့ တုန်ခါ သွားသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများမှာ သူတို့မတ်တပ်ရပ်နေသော မြေပြင်က အက်ကွဲလာပြီး အချိန်မရွေး ပြိုကျသွား နိုင်သလို ခံစားနေရသည်။ အမြောက် ပစ်ခတ်ခဲ့သည့် လမ်းကြောင်းကို စောင့်ကြည့်နေရသဖြင့် တွင်းကြီး ပြိုကျလာမည်ကို စိုးရိမ်ရန် အချိန်မရှိပေ။

အင်ပါယာအဆင့် သွေးမြွေက ဤအမြောက်ပစ်ခတ်မှုကို တောင့်ခံနိုင်ခြင်း ရှိ၊မရှိ သိချင်နေကြသည်။

မကြာခင် မီးပွားများကြား၌ အနီရောင်အလင်း ထွက်ပေါ်လာပြီး ထိုမီးပွားများ မမှေးမှိန်ခင် လင်းဟွမ်ထံ တိုက်ရိုက် ပျံသန်းသွားသည်။

သူတို့က ဘယ်လို ဖြစ်ပျက်ခဲ့သည်ကို မမြင်နိုင်သော်လည်း လင်းဟွမ်က သွေးမြေ့ အသက်ရှင်နေသေးကြောင်း မြင်လိုက်သည်။ တစ်ကိုယ်လုံးတွင် မီးလောင်နေပြီး သွေးများ စိုရွှဲနေသော်လည်း အသက် ရှင်နေသေးသည်မှာ အသေအချာပင်။

သွေးမြွေသည် မီးပွားများကို ခါထုတ်ပြီးနောက် လင်းဟွမ်နှင့် ကျန်သည့်လူများကို သေစေနိုင်သော အကြည့်နှင့် လှမ်းကြည့်နေသည်။ နောက်ဆုံးတွင် သွေးမြွေ၏အကြည့်က အမြောက်ပစ်သူ တရားခံ ရီကျန်းထံတွင် ရပ်တန့်သွားသည်။

"ငါတော့ ကံကြမ္မာဆိုး ဝင်ပြီ.."

လင်းဟွမ်သည် အင်မော်တယ်အဆင့် သွေးမြွေ အသက် ရှင်နေသေးကြောင်း သိလိုက်လျှင် နောက်ကျော၌ အေးစက်သောချွေးများ စိမ့်ထွက်လာသည်။

ရီကျန်းနှင့် ကျန်သည့်လူများက မြေကြီးကို မတိုက်ခိုက်နိုင်သဖြင့် ချက်ချင်း အသတ် ခံရတော့မည်ကို သူ သိနေသည်။ ထို့နောက် ရီကျန်းရှေ့တွင် ပိတ်ရပ်လိုက်ပြီး သွေးမြွေကို မိုးကြိုးအာဏာ ဓါးကွက်နှင့် လှမ်းခုတ်လိုက်သည်။

## အခန်း(၅၉၇) - တစ်ချက်တည်းနဲ့ ရှင်းလိုက်တာလား..

အနီရောင် တောက်ပနေသော အလင်းနှင့် မိုးကြိုးကဲ့သို့ ရွှေရောင် တောက်ပနေသော ရွှေခါးတို့ ထိပ်တိုက် တွေ့ဆုံသွားသည်။

မြေအောက် ပထမအထပ် တစ်ခုလုံး တုန်ခါနေပြီး အချိန်မရွေး ပြိုကျတော့မလို ဖြစ်နေကာ အက်ကြောင်းများ ပြည့်နှက် လာသည်။ ကျယ်လောင်သော ပေါက်ကွဲသံကြီးကို ကြားလိုက်

ရသည်နှင့် တစ်ပြိုင်နက် သွေးရောင်အလင်းက ရွှေရောင်အလင်းကို ဝါးမြိုသွားသည်။

ရွှေရောင်အလင်းသည် နောက်ဆုံး၌ နံရံနှင့် မထိခင် မြေအောက် ပထမထပ်ရှိ စကြံန် တစ်လျှောက် မီတာ တစ်ရာခန့်အထိ လွင့်ထွက်သွားသည်။ သက်ရောက်မှုကြောင့် နံရံပေါ်တွင် မီတာပေါင်းများစွာ ဝေးသည့်အထိ ပင့်ကူအိမ်ကဲ့သို့ အက်ကွဲကြောင်းများ ပေါ်လာပြီး ပြိုကျသွားသည်။

“လင်းဟွမ်..!!”

ရီကျန်းနှင့် ကျန်သည့်လူများ လှမ်းအော်လိုက်ကြသည်။

လွင့်ထွက်သွားသော အရိပ်မှာ လင်းဟွမ်ဖြစ်နေသည်။

လင်းဟွမ်သည် သွေးမြွေနှင့် ထိပ်တိုက်ရင်ဆိုင်မိသောအခါ အင်မော်တယ် အဆင့်နှင့် အင်ပါယာအဆင့် မွန်းစတားတို့ကြားက ကြီးမားသော ကွာခြားချက်ကို နားလည်သွားသည်။ သူ့ဓါးနှင့် သွေးမြွေကို ထိမိသော ခံစားချက်မှာ ရထားတစ်စင်းနှင့် ပစ်တိုက် ခံရသလိုပင်။

ခါးကိုင်နေသော သူ့လက်မှ သွေးများ တတောက်တောက် စီးကျနေပြီး ကိုယ်တွင်း အင်္ဂါများလည်း ထိခိုက်သွားကာ နှလုံးခုန် ရပ်လုမတတ် သွေးများ စီးထွက်နေသည်။ နံရံနှင့် ပစ်မဆောင့်ခင် ခန္ဓာကိုယ်တစ်ခုလုံးက မရပ်မနား တွန့်လိမ်နေခဲ့သည်။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲ၌ အရိုးမည်မျှ ကျိုးသွားကြောင်း မသိတော့ချေ။

ထိုတစ်ချက်တည်းနှင့် လင်းဟွမ် ရှုံးသွားခဲ့သည်။ အင်အားကွာခြားမှုကို နည်းဗျူဟာ သို့မဟုတ် စွမ်းရည်များ၊ ကျင့်စဉ်များနှင့် ဖြည့်ဆည်း၍ မရပေ။

သွေးမြွေသည် လင်းဟွမ်ကို တစ်ချက်တည်းဖြင့် အနိုင်ယူပြီးနောက် ၎င်း၏ ပတ္တမြားရောင် တောက်ပနေသော မျက်လုံးများနှင့် ရီကျန်းကို နောက်တစ်ကြိမ် စိုက်ကြည့်လာသည်။

သွေးမြွေ တိုက်ခိုက် လာတော့မည်ကို သိနေသဖြင့် သူတို့အားလုံး မလှုပ်ရဲကြပေ။

လင်းဟွမ်သည် ထိုတိုက်ခိုက်မှု တစ်ခုတည်းကြောင့် သေဆုံးလု နီးပါး ဖြစ်သွားခဲ့သဖြင့် ရီကျန်းနှင့် ကျန်သည့်လူများ စိတ်ပျက် အားငယ်နေကြသည်။

ဓါးတစ်ချက်တည်းနှင့် အင်မော်တယ်အဆင့် မွန်းစတား (၅) ကောင်ကို သတ်ဖြတ်ခဲ့၍ ဂုဏ်ယူ ခဲ့ရသော်လည်း ယခုအခါ သွေးမြွေကြောင့် လုံး၀ ပျောက်ကွယ်သွားခဲ့ပြီ။ ဒါသည် သွေးမြွေ၏ အစွမ်းကို သက်သေ ပြလိုက်ခြင်းပင်။ သူတို့ မတိုက်ခိုက်နိုင်သည်မှာ အသေအချာပင်။

ပိုင်နှင့် လန်စန်လေ့တို့ကမူ လင်းဟွမ် မသေသေးကြောင်း ကောင်းကောင်း သိနေကြပြီး သူတို့ မတ်တပ်ရပ်သည့် နေရာမှာပင် မတ်တပ် ရပ်နေကြသည်။ လင်းဟွမ်သေလျှင် သူတို့ နှစ်ယောက်လည်း ပျောက်ကွယ် သွားလိမ့်မည်။ သို့သော်လည်း တစ်ဖက်ရန်သူက အင်အား အလွန် ကောင်းနေသောကြောင့် သူတို့ဘက်မှ စတင် တိုက်ခိုက်ခြင်း မလုပ်နိုင်ကြပေ။ လှုပ်ရှားသည့်သူမှာ သေခြင်းတရား တောင်းဆိုသည့် သူသာ ဖြစ်သွားပေလိမ့်မည်။

ရီကျန်းသည် ကစားပွဲကို အလှည့်အပြောင်း လုပ်နိုင်သည့် တစ်ခုတည်းသောအရာမှာ သူ့ရှေ့က နတ်ဘုရားသတ် အမြောက် ဖြစ်ကြောင်း သိသော်လည်း နတ်ဘုရားသတ် အမြောက်က နောက်တစ်ကြိမ် ပစ်ခတ်နိုင်ဦးမလား ဆိုသည်မှာ မသေချာ မရေရာပေ။

ထိုအချိန်၌ သွေးမြွေက ၎င်းကို ပထမဦးဆုံး တိုက်ခဲ့သည့် ရီကျန်းကိုသာ စိုက်ကြည့်နေပြီး ကျန်သည့်လူများကို လျစ်လျူရှုထားသည်။

ထုံးစံအတိုင်း ပိုင်နှင့်လန်စန်လေ့တို့က သူတို့၏ အောင်ရာများကို ထိန်းချုပ်ထားသည်။ ထိုကဲ့သို့ မဟုတ်ပါက သွေးမြွေ၏ အစာအဖြစ် ပြောင်းလဲ သွားလိမ့်မည်။

ရီကျန်းသည် နတ်ဘုရားသတ် အမြှောက်ကို မကြည့်မိအောင် အတတ်နိုင်ဆုံး ကြိုးစား ခဲ့သော်လည်း သူ့မျက်လုံးများက သူ့ကို သစ္စာ ဖောက်ခဲ့သည်။

နတ်ဘုရားသတ် အမြှောက်ကို ကြည့်လိုက်လျှင် သွေးမြွေ အာရုံပြောင်းသွားသည်။

"ဒါဆိုရင် မင်းက ငါ့ကို ဒီပစ္စည်းသုံးပြီး တိုက်ခိုက်ခဲ့တာပေါ့"

မြေအောက် ပထမအထပ်တွင် သွေးမြွေ၏ အသံက ပွဲတင်ထပ်သွားသည်။ အသံလုံးကြီးပြီး ၎င်း၏အရွယ်အစားနှင့် လုံးဝ မလိုက်ဖက်ပေ။

ရီကျန်းနှင့် ကျန်သည့်လူများသည် ထိုစကားကို ကြားရလိမ့်မည်ဟု မမျှော်လင့် ထားကြသဖြင့် အံ့အောသွားကြသည်။ နတ်ဘုရားသတ် အမြောက်ကို ဆုံးရှုံးလိုက်သည်နှင့် သွေးမြွေက လင်းဟွမ်ကိုလည်း

သတ်ဖြတ်ထားသည့်အတွက် သူတို့ဘက်မှ လုံးဝ ရှုံးသွားလိမ့်မည်။

"ငါပြောတာ မှန်နေပြီ ထင်တယ်.."

သွေးမြွေက သူတို့၏ အမှုအရာမှတစ်ဆင့် ၎င်းစကားမှန်ကြောင်း ရှာတွေ့ခဲ့ပြီး အင်မတန် ဉာဏ်ကောင်းပုံ ရသည်။

သွေးမြွေက ၎င်း၏ပါးစပ်ကို ရုတ်တရက် ဖွင့်ဟလိုက်သည်။ အနီရောင် အလင်းတစ်ခု ထွက်ပေါ်လာပြီး နတ်ဘုရားသတ် အမြောက်ကို ဖုံးအုပ် သွားသည်။ အနီရောင်အလင်း

ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် နတ်ဘုရားသတ် အမြောက်လည်း အပိုင်းပိုင်းကွဲ၍ ပေါက်ကွဲသွားသည်။

သွေးမြွေသည် နတ်ဘုရားသတ် အမြောက်ကို အဝေးမှနေ၍ ထိန်းချုပ်နိုင်မလား ဆိုသည်ကို မသေချာသောကြောင့် ၎င်း၏ ကိုယ်ပိုင်ပစ္စည်းအဖြစ် သိမ်းယူမည့်အစား ဖျက်ဆီးပစ်လိုက်ခြင်းပင်။

"ကဲအခုတော့ စောစောက ငါ့ကို နာကျင်အောင် လုပ်ခဲ့တဲ့တန်ဖိုးအကြောင်း ပြောရအောင်.."

သွေးမြွေသည် နတ်ဘုရားသတ် အမြှောက်ကို ဖျက်ဆီးပြီးနောက် ရန်စသော အမူအရာဖြင့် ရီကျွန်းကို လှမ်းကြည့်လိုက်သည်။

ရီကျွန်းတို့မှာမူ နတ်ဘုရားသတ် အမြှောက် ဖျက်ဆီးခံလိုက်ရသည်ကို မြင်ပြီးနောက် စိတ်ပျက် အားငယ်နေကြသည်။

"နောက်ဆုံးတော့ သေခြင်းတရား လက်ထဲက မလွတ်မြောက် နိုင်တော့ဘူး။ ငါတို့က လူမသိ၊သူမသိနဲ့ ဒီအဆင့် (၅) ဟင်းလင်းပြင် အပျက်အစီးထဲမှာ သေရတော့မယ်.."

လီလန်က ဖျစ်ညစ်ပြီး ပြုံးလိုက်သည်။

ကျန်သည့် လူများလည်း ထိုအတိုင်း တွေးနေကြသည်။

"မင်းတို့ အားလုံးလည်း သိနေပြီဆိုတော့ ငါက မင်းတို့ကို လိုက်ပို့ပေးရမှာပေါ့"

သွေးမြွေက စကားပြောပြီးနောက် ပါးစပ်ကို ဖွင့်ဟရန် လုပ်လိုက်စဉ် နောက်ထပ် အသံတစ်ခုကို ကြားလိုက် ရသည်။

"ဟော့ ပိုးကောင်.. ငါတို့ရဲ့ တိုက်ပွဲ မပြီး သေးဘူးကွ"

မီတာတစ်ရာအကွာ နံရံထဲတွင် ကျွံဝင်နေသော လင်းဟွမ်သည် ထိုအထဲမှ ကုန်းထွက်လာပြီး ယခုအခါ ဒဏ်ရာရနေခဲ့သော သူ့ခန္ဓာကိုယ်မှာ အပြည့်အဝ ပြန်လည် ကောင်းမွန်လုနီးပါး ဖြစ်နေသည်။ ပေါက်ကွဲမှုကြောင့် ကျိုးပဲ့သွားသော သူ၏ လက်မောင်းပင် အသစ်တစ်ချောင်း ကဲ့သို့ အကောင်းပတိ နေပြီး သူ့အကျီလက်စက

ပြတ်နေသဖြင့် ညာဘက်လက်မောင်းရှိ ကြွက်သားများကို ထင်ရှားစွာ မြင်နေရသည်။

လင်းဟွမ်က လက်ကို ဆန့်ထုတ်လိုက်ရာ အနီးအနားက နံရံထဲတွင် စိုက်နေသော ဓါးသည် ပျံသန်း၍ သူ့လက်ထဲ ရောက်လာသည်။ အစောပိုင်း တိုက်ခိုက်မှုကြောင့် သူ့ဓါးပေါ်တွင် အက်ကွဲရာ သေးသေးလေး ထင်ကျန်ခဲ့သည်။

"အဆင့်မြင့် ပြန်လည် ကုသရေး စွမ်းရည်လား။ မဟုတ်ဘူး.. အဲ့ဒါထက်တောင် ပို အစွမ်း ထက်သေးတယ်"

သွေးမြွေသည် မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားပြီး လင်းဟွမ်ကို ပတ္တမြားရောင် မျက်လုံးများနှင့် အကဲခတ်နေသည်။

"ရွှေမီးလျှံအဆင့်သာ ရှိပေမယ့် မင်းရဲ့တိုက်ခိုက်မှုနဲ့ ခုခံကာကွယ်မှုက တကယ်ကောင်းတာပဲ။ မင်းက လူသားကမ္ဘာမှာ အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်ရမယ်။ မင်းကို ငါစားလိုက်ရင် ငါမရဖူးသေးတဲ့ အံ့သြစရာ အမှတ်တရတွေ ရမှာပဲ။ အရင်က အထွတ်အထိပ်

လူသား ပါရမီရှင်တစ်ယောက်ကို တစ်ခါမှ မစားဖူးသေးဘူး”

သွေးမြွေက လင်းဟွမ်ကို စိတ်ဝင်တစား အကဲခတ်နေသည်။

“မင်းက ငါ့ကိုစားဖို့လား။ မင်း လုပ်နိုင်လား၊ မလုပ်နိုင်လားဆိုတဲ့ အပေါ် မူတည်တယ်”

လင်းဟွမ်သည် စကား ပြောပြီးနောက် သူ့အောဲ်ရာက နောက်တစ်ကြိမ် မြင့်တက်လာပြန်သည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် သူ့တိုက်ခိုက်ရေးအဆင့်က ရွှေရောင် မီးလျှံအဆင့်မှ

အင်မော်တယ် အဆင့် (၃) အထိ မြင့်တက်လာခဲ့သည်။

ရှောင်ဖိန်နှင့် တိတ်တိတ်လေး ဆက်သွယ်ပြီး ယာယီ တိုက်ခိုက်ရေး အဆင့်မြှင့်တင်ရေး ကတ်ကို အသုံးပြုခဲ့ခြင်းပင်။ ဒါသည် တစ်ကြိမ်တည်း အများဆုံး အသုံးပြုနိုင်သော ကတ်အရေအတွက်ကို အသုံးပြုထားခြင်းပင် ။ သူ့တွင် ယာယီ တိုက်ခိုက်ရေး အဆင့်မြှင့်တင်ခြင်းကတ် ခြောက်ကတ် ရှိသည်။ ယခုအခါ၌ ပိုင်ဆိုင်မှု တစ်ဝက်ခန့်ကို အသုံးပြုထားသည်။

လင်းဟွမ်၏ အော်ရာကို မြင်လိုက်လျှင် ရီကျန်းနှင့် ကျန်သည့်လူများသည် တိုက်ခိုက်ရေး အဆင့် (၄) ဆင့် တိုးမြှင့်ပေးနိုင်သော လျှို့ဝှက်စွမ်းရည် တစ်ခုခုကို အသုံးပြုခဲ့ကြောင်း သိသော်လည်း ယခုမှု တိုက်ခိုက်ရေးအဆင့်ကို ဒုတိယအကြိမ် မြှင့်တင်လိုက်သဖြင့် လိုက်မမှီကျတော့ချေ။

သွေးမြွေသည် ၎င်းနှင့် တိုက်ခိုက်နေသော လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့် အစစ်အမှန်မှာ အဖြူရောင် မီးလျှံအဆင့်သာ ရှိကြောင်း မသိပေ။

လင်းပတ်မ်၏ အော်ရာ မြင့်တက်လာသော်လည်း တစ်ခုခု ထူးဆန်းနေကြောင်း ခံစားလိုက်ရသည်။

"မင်းရဲ့ တိုက်ခိုက်ရေးအဆင့် မြှင့်တင်ဖို့ လျှို့ဝှက်စွမ်းရည် အသုံးပြုခဲ့တာလား။ အင်မော်တယ် အဆင့် (၃) အထိ မြှင့်တင်ခဲ့ပေမယ့် အင်ပါယာ အဆင့်နဲ့တော့ အလှမ်းဝေးနေတုန်းပဲ.."

မကြာခင် သွေးမြွေက ၎င်း၏ သံသယစိတ်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"မင်းမှာ ပြောစရာ ရှိသေးလား"

လင်းဟွမ်သည် ဓါးကို ပြန်သိမ်းလိုက်ပြီး ရှေးဟောင်းဓါတ်ကြွင်း လေတိုးသံ (ဓါး) ကို ထုတ်ယူလိုက်သည်။ ဒါသည် အစောပိုင်းက အဖြူရောင် မြို့တော်ကို ကျူးကျော် တိုက်ခိုက်ခဲ့သည့် ဝတ်ရုံနက် ခေါင်းဆောင်ထံမှ ရရှိခဲ့ခြင်းပင် ။

သန့်ရှင်း မီးလျှံအဆင့် လူတစ်ယောက်၏ ကံကြမ္မာစွမ်းအားနှင့် ဤရှေးဟောင်း ဓါတ်ကြွင်းကို အသက် မသွင်းနိုင်ပေ။ ယခုမူ အင်မော်တယ်အဆင့်ကို ယာယီ ရောက်ရှိ နေသောကြောင့် အသုံးပြုနိုင်ပြီ။

လင်းဟွမ် လက်ထဲမှ ရှေးဟောင်းခါတ်ကြွင်းကို မြင်လိုက်လျှင် သွေးမြေ့၏ ပတ္တမြားရောင် မျက်လုံးများထဲတွင် ကြောက်ရွံ့သည့် အရိပ်အယောင်များ ပေါ်လာသည်။

## အခန်း(၅၉၈) - သူ နိုင်ကို နိုင်ရမယ်။

လင်းဟွမ်သည် ဤတိုက်ပွဲအတွက် သူ့တွင်ရှိသမျှအရာအားလုံးကို ထုတ်သုံး ခဲ့သည်။ အသွင်းပြောင်းကတ်နှင့် ယာယီ တိုက်ခိုက်ရေးအဆင့်မြှင့်တင်ခြင်းကတ် သုံးကတ်ကို အသက်သွင်းပြီးနောက် အဖြူရောင် မီးလျှံအဆင့်မှ အင်မော်တယ် အဆင့် (၃) အထိ ယာယီ မြှင့်တင်ခဲ့သည်။

ထို့အပြင် သူကိုင်ဆောင်ထားသော ရှေးဟောင်းဓာတ်ကြွင်း (လေတိုးသံ) ဓါးသည် သန္ဓေသုံးကြိမ်ပြောင်း အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကို သတ်ဖြတ်ခြင်းမှ ရရှိခဲ့သော အဆင့်မြင့်ဆုံးအဆင့် ဓါတ်ကြွင်းပင် ။

လင်းဟွမ်သည် လက်ထဲတွင် လေတိုးသံ(ဓါး)ကို ကိုင်ထားပြီး သွေးမြွေကို လေးနက်စွာ ကြည့်လိုက်သည်။

သွေးမြွေမှာ အရွယ်ရောက်ပြီး သူ၏ လက်ခလယ်အရွယ်မျှသာ ရှိသည်။ ၎င်း၏

အခြေခံအရောင်မှာ အနက်ရောင် ဖြစ်ပြီး တစ်ကိုယ်လုံးတွင် အနီရောင် အကွက်များနှင့် ပတ္တမြားကဲ့သို့ နီရဲနေသော မျက်လုံးတစ်စုံ ရှိသည်။ မလှုပ်မရှားဘဲ ရုံးခန်းစားပွဲပေါ် တင်ထားပါက အနုပညာ လက်ရာတစ်ခုဟု ထင်ကြပေလိမ့်မည်။

ကြည့်ပါက အန္တရာယ် ကင်းပုံပေါက်သော်လည်း လင်းဟွမ်က ဤမွန်းစတားက မည်မျှ အန္တရာယ် များကြောင်း သိနေသည်။ ဒါသည် လပေပုပ် စပါးအုံးမြွေ ဟုခေါ်သော ရှေးဦးသားရဲမှ

ပြောင်းလဲလာသော သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားပင် ။

မွေးဖွားလာသည့် အချိန်မှ သေဆုံးသည့်အချိန်ထိ အရွယ်အစား တစ်ခုတည်းသာ ရှိပြီး ခန္ဓာကိုယ်အရွယ်အစား ပြောင်းလဲခြင်း လုံးဝမရှိပေ။ အရွယ် ရောက်သောအခါ ၎င်း၏ တိုက်ခိုက်ရေးအဆင့်မှာ အင်ပါယာအဆင့်အထိ အလိုလို မြင့်တက်လာပြီး အစွမ်းထက်သော စွမ်းရည်များလည်း ရရှိလာသည်။ ၎င်းသည် အတုမဲ့နတ်ဘုရား အဆင့်အတွက် နတ်ဘုရား

ဦးခေါင်းကို ဖန်တီးပြီးနောက် နေမင်း စပါးအုံးမြွေ ဖြစ်လာပါက သန္ဓေလေးကြိမ် ပြောင်းလဲသွားလိမ့်မည်။

လင်းဟွမ် စိုက်ကြည့်နေသော လင်ပုပ် စပါးအုံးမြွေသည် မကြာသေးခင် အချိန်ကမှ အရွယ်ရောက်လာခဲ့ခြင်း ဖြစ်နိုင်သည်။ လင်ပုပ် စပါးအုံးမြွေ၏ ခန္ဓာကိုယ်မှာ အရွယ်ရောက်ပြီးသည့် အချိန်၌ တတိယအကြိမ် သန္ဓေပြောင်းသည်။

ပထမအကြိမ် သန္ဓေပြောင်းလျှင် အနက်ရောင် ခန္ဓာကိုယ်နှင့် အနီရောင်အကွက်များ ပေါ်လာမည်။

ဒုတိယအကြိမ် သန္ဓေပြောင်းသောအခါ အနီရောင် အစက်အပြောက်များ ပေါ်လာပြီး နောက်ဆုံး သန္ဓေပြောင်းသောအခါ ခန္ဓာကိုယ်အနှံ့တွင် အနီရောင်အကွက်များ ပေါ်လာပြီး အနီရောင် စပါးအုံးမြွေအဖြစ် ပြောင်းလဲသွားမည်။

လင်ပုပ်စပါးအုံးမြွေသည် ၎င်း၏ တတိယအကြိမ် သန္ဓေပြောင်းလဲမှု ပြီးဆုံးသွားသောအခါ အထွတ်အထိပ်ကို ရောက်ရှိ သွားသော်လည်း အရွယ်အစားကမူ နဂိုအရွယ်အစား အတိုင်းသာ ရှိနေသေးသည်။

အင်ပါယာ အဆင့်တွင် ရွှေနက်ရောင်၊ ရွှေကြက်သွေးရောင်၊ ရွှေဝါရောင်၊ ရွှေဖြူရောင်နှင့် ရွှေခရမ်းရောင် စသည့် အဆင့်ငါးဆင့် ရှိသည်။

ယခုအခါ၌ လင်ပုပ် စပါးအုံးမြွေသည် ရွှေကြက်သွေးရောင် အဆင့်တွင် ရှိနေသည်။ အစောပိုင်းတွင် နတ်ဘုရားသတ် အမြှောက်ကြောင့် ဒဏ်ရာရခဲ့သဖြင့် ယခုမူ ၎င်း၏စွမ်းရည်မှာ ရွှေနက်ရောင် အဆင့်လောက်သာ အစွမ်းထက်တော့သည်။

လင်းပျွမ်သည် အဖြစ်မှန်ကို ကောင်းကောင်း သိနေသောကြောင့် တိုက်ခိုက်ရန် ယုံကြည်ချက် ရှိနေသည်။ အဖြူရောင် မီးလျှံအဆင့်တွင် ရှိနေသည့်အချိန်က အားမနည်းသော အင်မော်တယ်အဆင့် (၄) မွန်းစတားတစ်ကောင်ကို သတ်ဖြတ်နိုင်ခဲ့သည်။

ယခုမူ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၃) ရောက်နေပြီ ဖြစ်သောကြောင့် အင်ပါယာအဆင့်

မွန်းစတားတစ်ကောင်ကို သေချာပေါက် သတ်လိုက်နိုင်ပေလိမ့်မည်။

လငပုပ် စပါးအုံးမြွေသည် လင်းဟွမ်ကိုင်ဆောင်ထားသော ရှေးဟောင်း ဓါတ်ကြွင်းကို မြင်လျှင် သတိထားပြီး စောင့်ကြည့်နေသည်။ လင်းဟွမ်၏ အစွမ်းအစကို ကြောက်နေခြင်း မဟုတ်ပေ။ အင်မော်တယ် အဆင့် (၃) က ၎င်းကို ဘာလုပ် နိုင်မည်နည်း။ အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်လင့်ကစား အင်မော်တယ် အဆင့် (၉) နှင့် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

အင်ပါယာအဆင့် ရွှေနက် အဆင့်သည် အင်မော်တယ် အဆင့် (၉) ထက် အဆင့်တစ်ဆင့် မြင့်ရုံသာမက အဆင့် တစ်ခုအစား အဆင့်နှစ်ခု ကွာခြားနေသည်နှင့် ပိုတူသည်။

အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်နေလျှင်ပင် လငပုပ်စပါးအုံးမြွကို တိုက်ခိုက်ရန် အနည်းဆုံး အင်ပါယာအဆင့် (၆) တွင် ရှိနေရန် လိုအပ်သည်ဖြစ်ရာ ယခုအခါ၌ လင်းဟွမ်က အင်မော်တယ်အဆင့် (၃) မှာသာ ရှိနေ သေးသောကြောင့် စိုးရိမ်စရာ မလိုပေ။

လင်ပုပ် စပါးအုံးမြွေသည် သတိထားရမည့် တစ်ခုတည်းသော အရာမှာ လင်းဟွမ်လက်ထဲတွင် ကိုင်ထားသော ရှေးဟောင်း ဓါတ်ကြွင်းသာ ဖြစ်သည်ဟု ထင်နေခဲ့သည်။

မွန်းစတားနှင့် လူသားတို့သည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြပြီး သူတို့၏ ခေါင်းထဲတွင် တစ်ယောက် အခြေအနေကို တစ်ယောက်က ခွဲခြမ်း စိတ်ဖြာနေသည်။

"မိုးကြိုးအာဏာ..."

လင်းဟွမ်က အော်ဟစ်လိုက်လျှင် ခရမ်းရောင်လျှပ်စီးကြောင်းများ တလက်လက် ထလာပြီး ဓါးကို ဖုံးလွှမ်းသွားသည်။

“မင်းမှာ ငါ့ကိုပြစရာ အသစ်အဆန်း ရှိမယ်လို့ ထင်နေတာ။ ဟားဟား...ငါကတော့ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ပြီးရင် စောက်ရမ်း ကြမ်းလာမယ်လို့ ထင်နေခဲ့တာ။ အရင်ကနဲ့ အတူတူပါပဲကွာ။ အချိန် ဖြုန်းနေစရာ မလိုတော့ဘူး ထင်တယ်။ ငရဲသွားလိုက်တော့...”

လင်ပုပ် စပါးအုံးမြွေကြီးက လှောင်ပြောင်လိုက်သည်။ ထို့နောက် လင်ပုပ် စပါးအုံးမြွေကြီးသည် အနီရောင် တလက်လက် တောက်ပလာပြီး လေးမှ ပစ်လွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ လင်းဟွမ်ထံ ပြေးဝင်သွားသည်။

ထိုအချိန်တွင် လင်းဟွမ်က ခရမ်းရောင် လျှပ်စီးလက်သကဲ့သို့ လှုပ်ရှားသွားသည်။ မီတာ (၁၀၀) ခန့်ရှိသော ခရမ်းရောင် အလင်းတန်းကြီးကို စကြဲန် တလျှောက်တွင် မြင်လိုက်ရသည်။

စကြံ့အလယ်တွင် အလင်းတန်းနှစ်ခု ထိပ်တိုက် ထိမိနေပြီး မည်သူဘက်ကမှ အနိုင်ရသည့်ပုံ မပေါ်ဘဲ အလင်းရောင်နှစ်ခု ဖြာထွက်နေသည်။

ပြင်းထန်သော ထိပ်တိုက် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသည့် လှိုင်းများကြောင့် မြေပြင်သည် တုန်ခါပြီး ပြိုကျလာသည်။ စကြံ့တစ်လျှောက်လုံးကို လှိုင်းလုံးများက ရိုက်ခတ်သွားသဖြင့် အစကတည်းက ကွဲအက်နေသော နံရံများသည် ယခုအခါ၌ ပိုမို ဆိုးရွားလာခဲ့သည်။

ပိုင်က တွေဝေခြင်း မရှိဘဲ ရီကျန်းတို့ လေးယောက်လုံးကို ဆွဲခေါ်ပြီး လန်စန်လော့က အမှောင်ထု ကြေးမုံနှင့် ဖုံးအုပ်ထားလိုက်သည်။ လှိုင်းဂယက်များ ရိုက်ခတ် လာသောအခါ လန်စန်လော့သည် ရေတွင်းနံရံအထိ လွင့်ထွက် သွားသည်။

အနက်ရောင် ကြေးမုံသည် တုန်ခါမှုလှိုင်းကို ခုခံနိုင်ရုံမျှသာ ဖြစ်ခဲ့ပြီး လီလန်နှင့်ရီရီယွီတို့သည် ဤမျှပြင်းထန်သော လှိုင်းဂယက် အောက်တွင်

အသက်ရှင်နိုင်မည် မဟုတ်သောကြောင့် လန်စန်လော့က အစားဝင်ခံရန် ဆုံးဖြတ်ခဲ့သည်။

ဤကဲ့သို့ လှိုင်းဂယက်များနှင့် တိုက်ရိုက် ထိမှန်သွားပါက သူတို့တွေ အမှန်တကယ် သေသွားနိုင်သည်။

ပိုင်ကလည်း ထိုအချက်ကို သတိထားမိပြီး သွေးစုပ်ဖုတ်ကောင် အမှုန်ကို အသက်သွင်းကာ အမှောင်ထုကြေးမုံ အတွင်းပိုင်း၌ ခံစစ်ဒိုင်း နောက်တစ်ခုကို ဖန်တီးလိုက်သည်။

ကနဦး ခံစစ်ဒိုင်းသည် ယခုအခါ၌ နှစ်ဆ တိုးလာသည်။ သို့သော်လည်း အခြေအနေက ပိုကောင်းလာသည့်ပုံ မပေါ်ပေ။

"အလုပ်မဖြစ်ဘူး... ငါတို့တွေ ကြာကြာတောင် မခံနိုင်တော့ဘူး"

ပိုင် မျက်မှောင်ကြုတ်သွားသည်။

ရီကျန်းနှင့် ကျန်သည့်လူများလည်း စိုးရိမ် နေကြသည်။

"ထွက်ကြစို့..."

လျှန်ယုရှင်းလည်း အခြေအနေကို မြင်နေရသည်။

“ဒါပေမယ့် အပြင်ဘက်မှာ...”

ရီရီယွီက တစ်ခုခုပြောရန် ကြိုးစားလိုက်သော်လည်း ရီကျန်းက စကားဖြတ်ပြီး ဝင်ပြောလိုက်သည်။

“မစ္စလျှန် စကားမှန်တယ်။ ငါတို့ ရေတွင်းထဲက ထွက်ဖို့ကလွဲရင် အခြားရွေးချယ်စရာ မရှိဘူး”

ရီရီယွီနှင့် လီလန်တို့သည် ရီကျန်းက ဤကဲ့သို့ ပြောပြီးနောက် နောက်ထပ် သဘောထားကွဲလွဲခြင်း မရှိတော့ပေ။

လန်စန်လော့၏ အမှောင်ထု ကြေးမုံသည် ရုတ်တရက် ပြိုကျသွားသည်။ နောက်တစ်ကြိမ် ခုန်ပြီး အမှောင်ထု ကြေးမုံကို နောက်တစ်ကြိမ် အသက် သွင်းလိုက်သော်လည်း ယခုတစ်ခေါက်တွင် ရေတွင်းအောက်ခြေကို ချိန်ရွယ်ထားသည်။

အမှောင်ထု ကြေးမုံကို လှိုင်းဂယက်များ ရိုက်ခတ်လာသည်နှင့်အမျှ လန်စန်လော့သည်

ပိုင်တွေ့ကြုံရသည်ထက် အဆပေါင်း အနည်းငယ် ပိုမြန်စွာ လွှင့်ထွက်သွားပြီး ရေတွင်းနံရံနှင့် ထိမှန်သွားသည်။

သူတို့သည် ပိုင်၊ လန်စန်လေ့ တို့နှင့်အတူ ရေတွင်း အထက်ကို တက်လာသောအခါ ထောင်နှင့်ချီသော မွန်းစတားများက သူတို့ကို ဝိုင်းကြည့်နေကြသည်။

လန်စန်လေ့က စက္ကန့်မဆိုင်းတော့ဘဲ သူတို့ ရှေ့တွင် အမှောင်ထုကြေးမုံကို ပိတ်ဆို့လိုက်သည်။

အနက်ရောင် အလုံးကြီးတစ်ခုသည် လေထဲတွင် လွင့်ဝဲနေပြီး မွန်းစတားများ မည်မျှတိုက်ခိုက်ပါစေ မထိခိုက်ချေ။ ထိုအစား မွန်းစတားများသည် သူတို့၏တိုက်ခိုက်မှုများကို ဒဏ်ပြန် သက်ရောက်ခြင်း ခံနေရသည်။

အချို့မွန်းစတားများသည် ဒဏ်ပြန် သက်ရောက်မှု၏ တိုက်ခိုက်ခြင်းကို လွတ်မြောက်အောင် မရှောင်နိုင်ဘဲ ချက်ချင်း အသတ်ခံလိုက်ရသည်။

"နောက်ဆုံးတော့ ငါတို့တွေ လုံခြုံသွားပြီ။ ကြောက်စရာ ကောင်းလိုက်တာ..."

ယခုအခါ၌ ရီရီယွီသည် လန်စန်လေ့၏ အမှောင်ထု ကြေးမုံအလုံးက မွန်စတားများ၏ တိုက်ခိုက်မှုများကို အပြည့်အဝ တားဆီး ကာကွယ်နိုင်ကြောင်း မြင်လိုက်လျှင် စိတ်အေး သွားသည်။

"အင်ပါယာအဆင့် မွန်းစတားတွေက အစွမ်း ထက်လွန်းတယ်။ ဒါ တိုက်ပွဲက ထွက်လာတဲ့

အဖျားခတ်လှိုင်းပဲ ရှိတယ်။ အဲ့ဒါတောင် ငါတို့ကို သတ်ဖို့ လုံလောက်နေပြီ”

လီလန်သည် ကြုံတွေ့ခဲ့ရသော အရာကို ပြန်တွေးရင်း ကျောရိုးများစိမ့်လာပြီး တုန်တက် သွားသည်။

ရီကျန်းနှင့် လျန်ယုရှင်းတို့ကမူ ရေတွင်းထဲ စိုက်ကြည့်ပြီး တိတ်ဆိတ်နေကြသည်။

“လင်းဟွမ် နိုင်ပါ့မလားလို့ တွေးနေမိတယ်”

ခဏအကြာ ရီကျန်း၏ စိုးရိမ်ပူပန်နေသော အသံ ထွက်ပေါ်လာသည်။

“သူ အနိုင် ရကိုရမှ ဖြစ်မယ်။ တကယ်လို့ သူအနိုင်မရရင် ငါတို့အားလုံးလည်း ဒီဟင်းလင်းပြင် အပျက်အစီးထဲမှာ သေရမှာ”

လျန်ယုရှင်က သူတို့ကိုကြည့်ပြီး ပြောလိုက်သည်။

## အခန်း(၅၉၉) - လငပုပ် စပါးအုံးမြွေကို သတ်ဖြတ်ခြင်း။

ရီကျန်းနှင့် ကျန်သည့်လူများ မြေအောက်မှ ထွက်သွားသည့်အချိန်တွင် လင်းဟွမ်နှင့် လငပုပ် စပါးအုံးမြွေတို့က ဆက်လက် တိုက်ခိုက်နေကြသည်။ မြေအောက်ထဲတွင် ပေါက်ကွဲသံများ ဆူညံနေသည်။

လင်းဟွမ် ကိုင်ဆောင်ထားသည့် ခရမ်းရောင် တောက်ပနေသော လေတိုးသံ (ဓါး)သည် လငပုပ် စပါးအုံးမြွေမှ အသွင်ပြောင်းထားသော

အနီရောင်အလင်းတန်းနှင့် ထိပ်တိုက် တွေ့ဆုံသွားသည်။ တိုက်ခိုက်မှုတိုင်းသည် ပြင်းထန်သော တုန်ခါခြင်းကို ဖြစ်ပေါ် လာစေသည်။ ငလျင်လှုပ်သကဲ့သို့ တုန်ခါမှုမျိုးကို ကီလိုမီတာ ဒါဇင်ပေါင်းများစွာ ဝေးကွာသော နေရာမှပင် သိရှိခံစားနိုင်ပြီး မီတာရာနှင့်ချီ ဝေးသော နေရာတွင်မူ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော အသံများကို ကြားနေရသည်။

နှစ်ယောက်သား တိုက်ခိုက်နေရင်း မြေအောက် ပထမထပ် ပြိုကျလာသည်။ နံရံများ ပြိုကျလာပြီး

စကြ်ံပေါ်မှ ကျောက်စရစ်ခဲများ တဖုန်းဖုန်း ပြုတ်ကျလာသည်။ မြေပြင်တွင် အက်ကြောင်းများ ပေါ်လာကာ စကြ်ံတစ်ခုလုံး ရှုပ်ပွနေပြီး မည်သည့်အစိတ်အပိုင်းမျှ ကောင်းတိုင်း ရှိမနေ တော့ချေ။

နောက်ထပ် အကြိမ်အနည်းငယ် ထပ်မံ တိုက်ခိုက်ပြီးနောက် နှစ်ယောက်လုံး နောက်ပြန် ဆုတ်သွားသည်။ ၎င်းနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသော လင်းဟွမ်ကို လင်ပုပ် စပါးအုံးမြွေက သေမင်းကဲ့သို့ စိုက်ကြည့်နေသည်။

လငပုပ် စပါးအုံးမြွေသည် လင်းဟွမ်က ၎င်း ထင်ထားသည်ထက် ပို၍ အစွမ်းထက်နေကြောင်း သိလိုက်ရသည်။ နတ်ဘုရားသတ် အမြောက်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး ၎င်း၏ တိုက်ခိုက်ရေးအဆင့်မှာ နိမ့်ကြသွားသည် ဆိုသော်လည်း ၎င်း၏စွမ်းရည်မှာ လင်းဟွမ် အဆင့်မြင့်ထားသည့် အခြေအနေထက် နိမ့်ကျခြင်း မရှိပေ။

"အင်ပါယာအဆင့် မွန်းစတားက တကယ့်ကို တစ်ခုခုပဲ။"

လင်းဟွမ်သည် အင်ပါယာအဆင့် မွန်းစတားတစ်ကောင်နှင့် ပထမဦးဆုံး အကြိမ် တိုက်ခိုက်ဖူးခြင်း ဖြစ်သောကြောင့် ထိုအဆင့် မွန်းစတားတစ်ကောင်က မည်မျှ အစွမ်းထက်ကြောင်း သိရှိ နားလည်သွားသည်။ သူ၏ မိုးကြိုးအာဏာ တိုက်ကွက်မှာလည်း တိုက်ပွဲအတွင်းတွင် အဆက်မပြတ် အဆင့်မြင့်တက် လာခဲ့သည်။ သို့သော်လည်း အစိတ်အပိုင်းအချို့ကိုမူ သူ မကျွမ်းကျင်သေးပေ။ ယခုအခါ အရှိန်နှင့် ခွန်အားသည် ပို၍ အားကောင်းလာခဲ့ပြီ။

လငပုပ် စပါးအုံးမြွေကမူ လင်းဟွမ်ကို ပို၍ ကြောက်သထက် ကြောက်လာသည်။ အင်မော်တယ် အဆင့် (၃) လူတစ်ယောက်က ၎င်းနှင့် လက်ရည်တူ တိုက်ခိုက်နိုင်လိမ့်မည်ဟု မထင်ထားခဲ့ပေ။ လင်းဟွမ်က အထွတ်အထိတ် ပါရမီရှင်တစ်ယောက်မျှသာ မဟုတ်ကြောင်း အထင်အရှားနေပင်။

ထို့အပြင် လင်းဟွမ်ဘက်မှ တိုက်ပွဲကို ဆက်လက်တိုက်ခိုက် နေသည်နှင့်အမျှ ယုံကြည်မှု ပိုမို အားကောင်း လာနေသည်။ လင်းဟွမ်က

အဆက်မပြတ် တိုက်ခိုက်နေသောကြောင့် လငပုပ် စပါးအုံးမြွေ၏ ဒဏ်ရာများသည် မပျောက်နိုင် ဖြစ်နေသည်။ အချိန် ကြာလာသည်နှင့်အမျှ ၎င်းက အရှုံးဘက် ရောက်လာနေသည်မှာ ထင်ရှားနေသည်။

သို့သော်လည်း လငပုပ် စပါးအုံးမြွေသည် အင်မော်တယ် အဆင့် (၃) ပြိုင်ဘက်ကို အနိုင်ရအောင် တိုက်ခိုက်မည့် မျှော်လင့်ချက်ကို လက်လွှတ် အဆုံးရှုံးမခံပေ။ လင်းဟွမ်၏ လျှို့ဝှက် စွမ်းရည်ကို တောင့်ခံနိုသရွေ့ ၎င်းကသာ

ဤတိုက်ပွဲကို အနိုင်ရမည် ဖြစ်ကြောင်း ကောင်းကောင်း သိထားသည်။

လငပုပ် စပါးအုံးမြွေသည် ထိုအချက်ကို တွေးတောပြီးနောက် ၎င်း၏ ပတ္တမြားကဲ့သို့ အနီရောင်မျက်လုံးထဲမှ အနီရောင် အလင်းတန်းတစ်ခု လင်းဟွမ်ထံ ပစ်လွှတ်လိုက်သည်။

ဤတိုက်ပွဲအတွင်း လင်းဟွမ်၏ မိုးကြိုး အာဏာက သိုင်းကွက်သည် မြင့်တက်လာ၍ ချို့ယွင်းချက် ကင်းစင်လုနီးပါး ဖြစ်လာခဲ့သည်။

ယခုအခါ၌ ခေးတာအိုနှင့် တစ်သားတည်း ဖြစ်တည်သော အဆင့်နှင့် ခြေလှမ်းတစ်လှမ်းသာ ကွာဝေးတော့သည်။

လင်းဟွမ်သည် ခရမ်းရောင် လျှပ်စီးအလား လင်ပုပ် စပါးအုံးမြွေထံ ပြေးဝင်သွားပြန်သည်။

"ဘုန်း....."

ယခုအကြိမ် ထိပ်တိုက်တွေ့ဆုံမှုသည် နံရံများ တောင့်ခံနိုင်သည့် ကန့်သတ်ချက်ထက် ကျော်လွန် သွားခဲ့ပြီး ကြောက်မက်ဖွယ်ရာ လှိုင်းဂယက်ကြီး တစ်ခု ဖြစ်ပေါ်လာ၍ မြေအောက် ပထမ

အထပ်တွင် မည်သည့်အရာမျှ မကျန်တော့အောင် ပြိုကျသွားခဲ့ပြီ။

မကြာခင် အနီရောင် နှင့် ခရမ်းရောင် အလင်းသည် ကောင်းကင်ပေါ် ပျံတက်လာပြီး ထိပ်တိုက် တွေ့ဆုံကြပြန်သည်။ သူတို့၏ လှုပ်ရှားမှုများက မြန်ဆန်လွန်း သဖြင့် သာမန်မျက်စိနှင့် မမြင်ရချေ။

ရီကျန်းနှင့် ကျန်သည့် လူများမှာ ကောင်းကင်ပေါ်တွင် ရွေ့လျားနေသော အရိပ်များကိုသာ မြင်နိုင်ကြသည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေသော အသံသည် မြေအောက် အတားအဆီး မရှိသောကြောင့် ပိုမို ကျယ်လောင်လာသည်။ ထိပ်တိုက် တိုက်မိတိုင်း မိုးကြိုး နတ်ဘုရား၏ ဟိန်းဟောက်သံကဲ့သို့ ကျယ်လောင်သော အသံများ ထွက်ပေါ်နေပြီး တိမ်များပင် တုန်ခါကာ မှေးမှိန်သွားသည်။

"ဒီမှာ မလုံခြုံတော့ဘူး။ မြေအောက် ဒုတိယ အထပ်မှာ ပုန်းရအောင်။"

ရီကျန်းသည် လန်စန်လော့၏ ဒိုင်းက တုန်ခါ လာသည်ကို သတိထားလိုက်မိသည်။ ပိုင်က

ခေါင်းညိတ် လိုက်ပြီး သွေးစုပ်ဖုတ်ကောင် အမှုန်များကို ကြီးမားသော လက်ကြီးအဖြစ် ပြောင်းလဲကာ လန်စန်လော့နှင့် ကျန်သည့်လူများကို ဆုပ်ကိုင်လိုက်သည်။

သူတို့နောက်ကို လိုက်လာသော မွန်းစတားများ ရှိသော်လည်း လန်စန်လော့၏ နယ်မြေပိုင်နက် အသိစားတာအို နယ်မြေက ချက်ချင်း သတ်ပစ် လိုက်သည်။

သူတို့ ခြောက်ယောက်သည် ပြိုကျသောနေရာကို ဖြတ်သန်းပြီးနောက် မြေအောက် ဒုတိယအထပ်၏

ဝင်ပေါက်ကို ဦးတည်သွားခဲ့ကြသည်။ နောက်ဆုံးတွင် ဘေးကင်းသော နေရာတစ်ခုကို နောက်တစ်ကြိမ် ပြန်ရောက်လာကြသည်။

ထိုအချိန်၌ လင်းဟွမ်နှင့် လငပုပ် စပါးအုံးမြွေတို့၏တိုက်ပွဲမှာ အထွတ်အထိပ် ရောက်ရှိသွားသည်။ အစောပိုင်းက စကြံ့ထဲတွင် သူတို့၏ လှုပ်ရှားမှုများကို ကန့်သတ် ထားသော်လည်း ကောင်းကင်ပေါ်တွင် ကန့်သတ်ချက် မရှိတော့ပေ။

သူတို့၏ ထိပ်တိုက် တွေ့ဆုံမှုများက မကြာခဏ ဖြစ်ပေါ်လာပြီး ပိုများလာသည်။

အနီရောင် အလင်းနှင့် ခရမ်းရောင် အလင်းများသည် မှောင်မိုက်နေသော ကောင်းကင်ပေါ်တွင် မီးပွားများအလား လင်းထိန်နေသည်။ ထိပ်တိုက် တွေ့ဆုံမှု တစ်ခုစီတိုင်းက မတူညီသော နေရာများတွင် ဖြစ်ပေါ်နေပြီး ကျယ်လောင်သော ပေါက်ကွဲသံများ အဆက်မပြတ် ဖြစ်ပေါ်နေသည်။ သူတို့တိုက်ပွဲ၏ လှိုင်းဂယက်များကြောင့် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများစွာ သေဆုံးသွားခဲ့ပြီး အချို့မှာ လွင့်ထွက်သွားကြသည်။ အချို့က သွေးရူးသွေးတန်း ထွက်ပြေးကြသည်။

"မိုးကြိုး အာဏာ....."

လင်းဟွမ်က ဓါးကို ခရမ်းရောင် လျှပ်စီးမိုးကြိုးနှင့် ပေါင်းစပ်လိုက်သောအခါ ယခင်ကထက် အဆပေါင်းများစွာ ပိုမြန်လာသည်။

နောက်ဆုံး၌ မိုးကြိုးအာဏာ သိုင်းကွက်သည် တိုက်ပွဲအတွင်း၌ ၎င်း၏ ပြီးပြည့်စုံသောအဆင့်ကို ရောက်ရှိလာခဲ့ပြီး အမြန်နှုန်းနှင့် ခွန်အားမှာ ယခင်ကထက် အဆများစွာ ပိုမို အားကောင်းလာခဲ့သည်။

ဤ၊တစ်ကြိမ် ထိပ်တိုက် တွေ့ဆုံမှုတွင် အနီရောင်အလင်းက မြေပြင်ပေါ် ပြုတ်ကျသွားသည်။ လင်းဟွမ်သည် ဤ၊တိုက်ပွဲအတွင်း လင်းဟွမ် အောင်နိုင်သူဘက်ခြမ်း ရောက်သည်မှာ ပထမဆုံး အကြိမ်ပင်။

လင်းဟွမ်သည် လင်ပုပ် စပါးအုံးမြွေကို အဝေးမှ လှမ်းကြည့်လိုက်သည်။ ၎င်း၏ အစွမ်းထက်သော စွမ်းရည်များကို မထုတ်ရသေးကြောင်း သူ သိသော်လည်း မကြောက်တော့ချေ။

လင်ပုပ် စပါးအုံးမြွေသည် မီတာရာနှင့်ချီ နက်သော တွင်းပေါက်ထဲမှ ဖြည်းဖြည်း ထွက်လာပြီး ပတ္တမြားရောင် မျက်လုံးများနှင့် လင်းဟွမ်ကို အသေ စိုက်ကြည့်နေသည်။

"မင်း ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် တွန်းပို့နိုင်မယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"မင်းမှာရှိတာ အကုန်ထုတ် ဒီလိုမှမဟုတ်ရင် နောက်ထပ် အခွင့်အရေး ဘယ်တော့မှ ရှိလာမှာ မဟုတ်တော့ဘူး။"

လင်းဟွမ်က လငပုပ် စပါးအုံးမြွေကို ဘုရင်တစ်ပါးက လယ်သမားတစ်ယောက်ကို နိမ့်ချသောသဘောနှင့် လှမ်းကြည့်သကဲ့သို့ ကြည့်ပြီး ပြောလိုက်သည်။

"မင်း သဘောအတိုင်းပဲ"

လငပုပ် စပါးအုံးမြွေ၏ ခေါင်းထက်တွင် ရောမအနီရောင် စပါးအုံး မြွေဦးခေါင်းကြီး ပေါ်လာသည်။

ဒါက လငပုပ် စပါးအုံးမြွေက ၎င်း၏ ကံကြမ္မာနန်းတော်ကို ဆင့်ခေါ်လိုက်ခြင်း ဖြစ်ကြောင်း

လင်းဟွမ် သိလိုက်သည်။ လင်ပုပ် စပါးအုံးမြွေ၏ ခန္ဓာကိုယ်သည် ခရမ်းရောင် လျှပ်စီးကြောင်းနှင့် မတူဘဲ ရွှေရောင် တောက်ပနေသော ဓားတစ်လက်ကဲ့သို့ လင်းဟွမ်ထံ ပြေးဝင်လာသည်။ မီတာ တစ်ထောင်မြင့်သော အနီရောင် စပါးအုံးမြွေကြီး၏ ဦးခေါင်းမှာ ဖွဲ့စည်းပြီးသွားသည်နှင့်အမျှ လင်းဟွမ်ဓါး၏ ပူလောင်သော အလင်းရောင်နှင့် မတူသော ရွှေရောင် အလင်းရောင်များ ဖုံးလွှမ်းလာသည်။ တောက်ပလွန်းသဖြင့် ပတ်ဝန်းကျင်သည် နေ့ခင်းဘက်နှင့် မခြား လင်းထိန်လာသည်။

"လကို ဝါးမြိုခြင်း"

"စီးဆင်းနေသော မီးခါး"

နှစ်ယောက်လုံး တပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

ကြီးမားသော မြွေဦးခေါင်းကြီးက ပါးစပ်ဟကာ တွင်းနက်ကြီး တစ်ခုကဲ့သို့ အရာအားလုံးကို စုပ်ယူလိုက်သည်။

ထိုအချိန်တွင် နေကဲ့သို့ တောက်ပနေသော လင်းပွှမ်း၏ခေါ်ဏာသည် ရောမ မြေဦးခေါင်းကြီးနှင့် ထိမိသွားသည်။

ထို့နောက် မီးတာရာနှင့်ချီသော နေရာအထိ လေပြင်းများ တိုက်ခတ်လာပြီး ကျောက်စရစ်ခဲများ လွင့်ပျံလာကာ အခြားမွန်းစတားများလည်း ရောမ စပါးအုံး မြေခေါင်းကြီး၏ ပါးစပ်အတွင်းထဲ စုပ်ယူခြင်းခံလိုက်ရသည်။

ထိုစဉ် ဓါးပေါ်မှ ရွှေရောင်အလင်းများ ဖြာထွက်လာကာ မီးတာရာနှင့်ချီ ဝေးကွာသော

နေရာအထိ လင်းထိန်လာသည်။ ခဏအကြာ လေပြင်းများလည်း ရပ်တန့်သွားသလို ရွှေရောင်အလင်းများလည်း မှိန်ဖျော့သွားသည်။ ဟင်းလင်းပြင်အပျက်အစီးနေရာသည် နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြီး မိုးခြိမ်းသံများလည်း မကြားရတော့ချေ။

"ပြီးသွားပြီလား"

မြေအောက် ဒုတိယအထပ်တွင် ရှိနေသော ရီကျန်းနှင့် ကျန်သည့်လူများသည် ဘာသံမှ မကြားဘဲ တိတ်ဆိတ်သွားသဖြင့် တိုက်ပွဲပြီးဆုံးသွားပြီးဟု တွေးလိုက်ကြသည်။ သို့သော်လည်း

သူတို့၏ နှလုံးများမှာ ဗုံများကဲ့သို့ပင် လျင်မြန်စွာ ခုန်ပေါက်နေကြသည်။

တိုက်ပွဲထဲတွင် မည်သူ အနိုင်ရသနည်း။

ပိုင်နှင့် လန်စန်လော့တို့က အနီးအနားတွင် ရှိနေသဖြင့် စိတ်သက်သာရာ ရသွားပြီး လင်းဟွမ်က သေချာပေါက် အသက် ရှင်နေသေးကြောင်း သိလိုက်ကြသည်။ သို့သော်လည်း မည်သူ အနိုင်ရလဲ ဆိုသည်ကို အတိအကျ မသိရသေးပေ။

"မင်းတို့ ဒီမှာနေခဲ့၊ ငါ သွားကြည့်လိုက်မယ်။"

ရီကျန်းက အကြံပြုလိုက်သည်။

"အတူတူ သွားရအောင်၊ တိုက်ပွဲမှာ လင်းဟွမ် ရှုံးသွားခဲ့ရင် ငါတို့လည်း အသက်မရှင်နိုင်တော့ဘူး။ တကယ်လို့ သူ အနိုင်ရသွားတယ်ဆိုရင် ငါတို့တွေ အပေါ်တက်သွားလည်း အန္တရာယ်ရှိမှာ မဟုတ်ဘူး။"

လန်ယုရှင်း၏ အကြံမှာ စေ့စပ်သေချာသဖြင့် ရီရီယွီနှင့် လီလန်တို့က ခေါင်းညိတ်လိုက်ကြသည်။

ထို့နောက် သူတို့သည် ပြိုကျနေသောနေရာမှ တွားသွား ထွက်လာပြီးနောက် နေရာတစ်ဝိုက်ကို လှည့်ပတ် ကြည့်လိုက်ကြသည်။

အနီးအနားတွင် လူတစ်ယောက် မတ်တပ်ရပ်နေသည်။

လင်းဟွမ်သည် မြေအောက်ထဲမှ သူတို့အဖွဲ့ထွက်လာသည်ကို သိသော်လည်း အင်ပါယာအဆင့်အလောင်းကောင်ကိုသာ အကြည့်မပြတ်ဆက်ကြည့်နေခဲ့သည်။

ဤတိုက်ပွဲတွင် လင်းဟွမ် အနိုင်ရခဲ့သည်။ ဤမွန်းစတားကို သတ်ဖြတ်နိုင်ရန်အတွက် သူ့ကံကြမ္မာစက်ဝိုင်းဆယ်ခုမှ ကိုးခုကို သုံးစွဲခဲ့ရသည်။

" ဂန္ဓဝင်အဆင့် မွန်းစတားကတ် အသစ် (လငပုပ် စပါးအုံးမြွေ) တစ်ကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မီးစာ ထုတ်ယူလိုချင်လား။"

ရှောင်ဖိန့်ထံမှ အကြောင်း ကြားချက် ထွက်ပေါ်လာသည်။

"ရှောင်ဖိန်၊ ဒီမွန်းစတားက ငါနဲ့ သင့်တော်ရဲ့လား"

လင်းပြွမ်က ပြီးပြည့်စုံသော မွန်းစတားကတ် ရရှိရန် မမျှော်လင့်ထားသည့်အပြင် မီးစာနှင့် ပတ်သတ်၍လည်း စိုးရိမ် ပူပန်နေမိသည်။

"အဲဒါက မင်းအပေါ်မှာပဲ မူတည်တယ်။ ငါပြောနိုင်တာက လငပုပ် စပါးအုံးမြွေက အားကောင်းတယ်။ အစွမ်းထက်တဲ့ မီးစာနဲ့ ဂန္ဓာဝင်အဆင့် မွန်းစတား တစ်ကောင်ပဲ။ အတိုင်းအတာ တစ်ခုအထိတော့ ရှေးဦးသားရဲရဲ့ ပြီးပြည့်စုံတဲ့ သွေးမျိုးဆက်ကို အမွေ

ဆက်ခံထားတယ်။ နောင်တစ်ချိန်မှာ နေမင်း စပါးအုံးမြေ ဖြစ်လာနိုင်တယ်"

"ကောင်းပြီ ဒါဆိုလည်း မီးစာထုတ်ယူမယ်"

လင်းဟွမ်သည် သင့်လျော်သော မီးစာကို ရှာမတွေ့သဖြင့် အဖြူရောင် မီးလျှံအဆင့်တွင် ကြာရှည်စွာ သောင်တင်နေခဲ့သည်။ ယခုလက်ရှိ သူကြည့်နေသည့်အရာမှာ ပစ္စည်းကောင်းလေးပင်။

သူ့လက်ဖဝါးကို မွန်းစတားပေါ် တင်လိုက်သည်နှင့် ရှောင်ဖိန်က မီးစာ ချက်ချင်း ထုတ်ယူလိုက်သည်။

"နေထွက်လာပြီ။ သွေးစတေးမှု ပြီးသွားပြီ။ မြေအောက်ထဲ ပြန်ရအောင်"

လင်းဟွမ်သည် မွန်းစတား အလောင်းကို သိမ်းပြီးနောက် သူတို့ထံ ပြေးသွားသည်။

မကြာခင် သူတို့သည် မြေအောက်ဒုတိယထပ်ကို ပြန်ရောက်သွားသော်လည်း လင်းဟွမ်က မည်သူမှ ဘာမှမမေးခင် နေရာတစ်ခုရှာပြီး ထိုင်လိုက်ကာ သူ့ခန္ဓာကိုယ်နှင့် မီးစာကို စတင် ပေါင်းစပ် လိုက်သည်။

နာရီဝက်ကြာအောင် သုံးစွဲခဲ့သည့် ယာယီ တိုက်ခိုက်ရေး အဆင့်မြှင့်တင်မှုကို ရှောင်ဖိန်က အတင်းအကြပ် အဆုံးသတ်လိုက်သည်။ သူ၏ အစွမ်းထက်သော အော်ရာက အဖြူရောင် မီးလျှံအဆင့်သို့ ပြန်လည် ကျဆင်းလာပြီးနောက် အဆင့်တက်လှမ်းမှုကို စတင်လိုက်သည်။

## အခန်း(၆၀၀) - ကြက်သွေးရောင် မီးလျှံအဆင့် တက်လှမ်းခြင်း။

မနက် (၅) နာရီ ကျော်သောအခါ ဟင်းလင်းပြင် အပျက်အစီး နေရာထဲတွင် နေထွက်လာသည်။

တစ်ညလုံး အပြင်းအထန် တိုက်ခိုက်ခဲ့ကြသော မွန်းစတားများသည် မြေပြင်ပေါ်တွင် အသေကောင်များ၊ သွေးများ၊ ချန်ထားရစ်ခဲ့ပြီး မြေအောက်ထဲ ပြန်ဝင်သွားကြသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများ ပြိုကျနေသော မြေအောက်ထဲသို့ ပြန်ဝင်လာပြီး ငါးမိနစ်မပြည့်ခင် ထိုနေရာ၏ ကောင်းကင်ယံတွင် သွေးရောင် အရိပ်တစ်ခု ပေါ်လာသည်။ အရိပ်သည် သွေးရောင် အခိုးအငွေ့များနှင့် ဖွဲ့စည်းထားသော်လည်း လူသားလား၊ မွန်းစတားလား ဆိုသည်ကို မည်သူမျှ မပြောနိုင်ပေ။

သွေးရောင်အရိပ်သည် ပျက်ဆီးနေသော မြေပြင်ကို ငုံ့ကြည့်ရင်း တစ်စုံတစ်ခု ရှာဖွေနေပုံ ရသည်။ ငါးစက္ကန့်မပြည့်ခင် ၎င်းနှင့် မီတာနှစ်ဆယ်

အကွာတွင် အခြားအရိပ်တစ်ခု ပေါ်လာသည်။ ၎င်းသည် လူသေ အလောင်းဖြစ်ပြီး အရိုးများ ဟိုနေရာတစ်ကွက်၊ ဒီနေရာတစ်ကွက် ထွက်ပေါ်နေသည်။ ခန္ဓာကိုယ်ပေါ်တွင် အရေပြား မကျန်တော့ဘဲ မဆွေးမြေ့ခင် ခြောက်ကပ်နေသော အသေကောင်တစ်ခုနှင့် တူသည်။ မြင်ရသည်မှာ ရွံစရာ ကောင်းလှ၏။

"မင်း စည်းကျော်တာလား။ ဒါ ငါ့နယ်မြေနော်”

အလောင်းကောင်ထံမှ အက်ကွဲကွဲ အသံ ထွက်ပေါ်လာသည် ။

သွေးရောင် အရိပ်က အလောင်းကောင်ကို တစ်ချက် ကြည့်ပြီးနောက် လျစ်လျူရှုထားပြီး ပတ်ဝန်းကျင်ကို ဆက်ကြည့်နေသည်။ ထိုစဉ် နောက်ထပ် မသေမျိုးနှစ်ကောင် ထပ်ပေါ်လာသည်။ တစ်ကောင်သည် နဂါးဖြစ်ပြီး နောက်တစ်ကောင်မှာ ငှက်တစ်ကောင် ဖြစ်သည်။ သူတို့ သုံးယောက်လုံးသည် အရိုးများ ဟိုတစ်ကွက်၊ ဒီတစ်ကွက် ထွက်ပေါ်နေသော ပုံစံများဖြစ်နေသဖြင့် မြင်ရ၊ တွေ့ရသည်မှာ ထူးဆန်းလှသည်။

"မင်း ဒီမှာ မနေသင့်ဘူး။"

ဌက်က အတောင်ပံများ ခတ်ရင်း အမွေးများ ပစ်လွှတ်ကာ သတိပေးလိုက်သည်။

"သွေးစတေးမှုက ပြီးတော့မယ် နေထွက်လာပြီ။ ငါတို့မှာ အချိန် သိပ်မကျန်တော့ဘူး၊ မင်း ဘာမှ မဖြစ်ချင်ရင် အခု ထွက်သွားတော့။”

မသေမျိုး နဂါးကြီးက သွေးရောင်အရိပ်ကို ကြည့်ပြီးပြောလိုက်သည်။

သွေးရောင် အရိပ်သည် ကောင်းကင်ပေါ် မော့ကြည့်ကာ စကားတစ်ခွန်းမှ မပြောဘဲ ပျောက်ကွယ်သွားသည်။

"ဒီလူက ငါတို့နယ်မြေကို ဘာလို့လာတာလဲ။"

ငှက်က အလောင်းကောင်ကို မေးလိုက်သည်။

"ငါလည်း မသိဘူး၊ ငါ နိုးလာတဲ့အချိန်မှာ သူ့အငွေ့အသက်ကို ခံစားမိတာပဲ။ အဲဒါနဲ့ စောစောက အင်ပါယာအဆင့်တွေ တိုက်ပွဲ ဖြစ်ခဲ့တဲ့ပုံပဲ"

အလောင်းကောင်က လှည့်ပတ်ကြည့်လိုက်သည်။

"ဒီအတွက် စိတ်ထဲထားမနေနဲ့။ ဟိုကောင်က ငါတို့ နယ်မြေထဲ ကျူးကျော်လာတာ ဒါ ပထမဆုံး

အကြိမ် မဟုတ်တော့ဘူး။ ကဲကဲ ငါတို့မှာလည်း အချိန်သိပ် မကျန်တော့ဘူး၊ စားလိုက်ရအောင်။"

နဂါးက တောက်ပနေသော ကောင်းကင်ကြီးကို မော့ကြည့်ပြီး ပြောလိုက်သည်။

နဂါးနှင့် ၄က်တို့ ပျောက်ကွယ်သွားပြီး လူသေအလောင်း တစ်လောင်းသာ ကျန်ရစ်ခဲ့သည်။ ထို့နောက် လေတွင် လွင့်ဝဲပြီး ပါးစပ် ဖွင့်လိုက်သည်။ မြေပြင်ပေါ်ရှိ မွန်းစတား အသေကောင်များ၏ ချီသွေးများသည် သွေးရောင် အခိုးအငွေ့များအဖြစ် ပြောင်းလဲသွားပြီး မကြာမီ

အလေောင်းကောင်က ဝါးမျိုသွားသည်။ အတော်လေး ကြီးကျယ်ခမ်းနားသည့် မြင်ကွင်းတစ်ခုပင်။

လင်းဟွမ်နှင့် ကျန်သည့်လူများ မြေပေါ်တွင် ရှိနေပါက မြေအောက် ခပ်နိမ့်နိမ့်တွင် ပုန်းအောင်းနေသော တိရစ္ဆာန်များ၏ အသားများကိုပင် ၎င်းတို့၏ ခန္ဓာကိုယ်မှ ဆွဲခွာထုတ်သွားသည်ကို မြင်တွေ့ရလိမ့်မည်။ ကျန်သည့် အရာအားလုံးမှာ အရိုးများပင်။

သို့သော်လည်း အကြွင်းအကျန် မကျန်ခဲ့ပေ။ စက္ကန့်ပိုင်းလေး အတွင်း၌ ထိုအရာများက

အဖြူရောင် အခိုးအငွေ့အဖြစ် ပြောင်းလဲသွားကာ လေထဲရှိ လူသေအလောင်းကို လွှမ်းခြုံထားသည်။ အနီးကပ် ကြည့်ပါက လူသေ အလောင်း၏ နံရိုးများပေါ်တွင် အသားများ ထွက်လာသည်ကို တွေ့နိုင်သည်။

ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးကွာသော ပတ်ပတ်လည် နေရာအတွင်းရှိ ချီသွေးများ အားလုံး ပျောက်ကွယ်သွားရန် သုံးမိနစ်မှ ငါးမိနစ်အထိသာ ကြာမြင့်ခဲ့သည်။ ထို့နောက် အခြားနေရာသို့

ကူးပြောင်းသွားကာ ချီသွေးများ စုပ်ယူခြင်းကို နောက်တစ်ကြိမ် စတင်လိုက်သည်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် မြေပြင်၌ မည်သည့်အရာများ ဖြစ်ပျက်နေလဲ ဆိုသည်ကို မသိကြပေ။ သေလုနီးပါး ခံစားခဲ့ရသော အတွေ့အကြုံအရ သူတို့ အားလုံးသည် အဆင့်တက်နေသည့် လင်းဟွမ်ကို စောင့်ဆိုင်းရင်း မြေအောက် ဒုတိယအထပ်တွင် တိတ်တဆိတ် ပုန်းအောင်းနေကြသည်။ အဆင့်တက်နေသော

လင်းဟွမ်ကို စောင့်ကြပ်ပေးရင်း စကားစမြည် ပြောဆိုနေကြသည်။

"လင်းဟွမ်ရဲ့ လျှို့ဝှက် စွမ်းရည်က ကြမ်းလွန်းတယ်၊ သူက တိုက်ခိုက်ရေးအဆင့်ကို နှစ်ကြိမ်တောင် မြှင့်နိုင်တယ်"

လီလန်က အားကျနေသည်။ ထိုလျှို့ဝှက် စွမ်းရည်ကို သူကိုယ်တိုင်သာ လေ့လာနိုင်ခဲ့လျှင် အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကို မတိုက်ခိုက် နိုင်စေကာမူ အင်မော်တယ်အဆင့်

မွန်းစတား အချို့ကို သေချာပေါက် တိုက်ခိုက်နိုင်လိမ့်မည်။

"အဓိကကတော့ သူကိုယ်တိုင်က အထွတ်အထိတ်ပါရမီရှင် တစ်ယောက် ဖြစ်နေပြီး အံ့မခန်းစွမ်းရည်တွေ ရှိနေတယ်။ ငါတို့က အင်မော်တယ်အဆင့် (၃) ရောက်သွားရင်တောင် စပါးအုံးမြွေရဲ့ တိုက်ခိုက်မှုတွေကို ထိန်းနိုင်မှာမဟုတ်ဘူး။ တကယ်လို့ အင်မော်တယ်အဆင့် (၃)နဲ့ အင်ပါယာအဆင့်ကို ကိုင်တွယ်နိုင်တဲ့ လူရှိရင်တောင် အဓိကဇုန်ကပဲ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အဖွဲ့ခွဲ (၇)

မှာ အဲဒီလို လုပ်နိုင်တဲ့လူရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး။"

ရီကျန်း ခေါင်းယမ်းလိုက်သည်။

"အဓိကဇုန်မှာ ဒီလို ပါရမီရှင်မျိုးတွေ ရှိတယ်။ အရင်က အဖွဲ့ခွဲ (၁) မှာ အင်ပါယာအဆင့် မွန်းစတားကို သတ်ခဲ့တဲ့ သန့်ရှင်းမီးလျှံအဆင့် လူတစ်ယောက် ရှိခဲ့တယ်လို့ ငါ့အဘိုးဆီက ကြားခဲ့ဖူးတယ်။ အဖွဲ့ခွဲ (၃) ကို ခရီးထွက်ခဲ့တဲ့ အချိန်တုန်းက တကယ့် အဖြစ်အပျက်ကို

မမြင်ခဲ့ရရင် ဒါက ဒဏ္ဍာရီတစ်ခုပဲလို့ ငါ အမြဲတမ်း ထင်နေခဲ့မိလိမ့်မယ်။”

“ သန့်ရှင်းမီးလျှံအဆင့် လူတစ်ယောက်က ငါတို့ ကံကြမ္မာအဆင့်နဲ့ မဆိုင်တဲ့ ပိုမြင့်မားတဲ့အစွမ်းကို ကျွမ်းကျင် ပိုင်နိုင်စွာ တတ်မြောက်တယ်လို့ ကြားခဲ့ရတယ်။ ဒီကမ္ဘာပေါ်မှာ ဒီလိုပါရမီရှင်မျိုး တစ်ယောက်ပဲ ရှိခဲ့ဖူးတယ်။ ထုံးစံအတိုင်းပဲ ငါတို့ မျိုးဆက်မှာ အဲဒီလို ပါရမီရှင် တစ်ယောက် ပေါ်လာရင် ဘယ်သူမှ အနိုင်ယူနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အင်ပါယာ အဆင့်ကို သေချာပေါက်

သတ်နိုင်တဲ့ အင်မော်တယ်အဆင့် ပါရမီရှင် နည်းနည်းလေးတော့ ရှိတယ်။"

"အဓိကဇုန်က လူတွေက ဒီလောက်တောင် အစွမ်းထက်တာလား"

လီလန်တစ်ယောက် မယုံကြည်နိုင် ဖြစ်နေသည်။

"အဓိကဇုန်တွေမှာ ရှိတဲ့ လူဦးရေက ငါတို့ဌာနခွဲမှာ ရှိတဲ့ လူဦးရေထက် ဆယ်ဆကျော်တယ်။ သူတို့မှာ ပိုကောင်းတဲ့ အရင်းအမြစ်တွေ ရှိတယ်။ ဒီလို အစွမ်းထက်တဲ့ လူတွေကို လေ့ကျင့်ပေးနိုင်တယ်"

ရီကျန်းက ရှင်းပြလိုက်သည်။

…

နောက်ဆုံး၌ မနက် (၈) နာရီကျော်သည့် အချိန်တွင် လင်းဟွမ်သည် ကြက်သွေးရောင် မီးလျှံအဆင့် တက်လှမ်းခဲ့ပြီး သူ၏ခန္ဓာကိုယ်ထဲ၌ ကြီးမားသော အပြောင်းအလဲ ဖြစ်ပေါ်လာသည်။ ထို့အပြင် ကံကြမ္မာစွမ်းအားများလည်း ပြောင်းလဲသွားသည်။ သူ၏ ကံကြမ္မာစက်ဝိုင်း ဆယ်ခုထဲရှိ ကံကြမ္မာစွမ်းအားများသည် အဖြူရောင်မှ ကြက်သွေးရောင် အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ။

ပထမ ကံကြမ္မာမီးလျှံက မူလအမြင့် မီတာ သုံးရာအထိ လောင်ကျွမ်းနေပြီး ဒုတိယမြောက် ကံကြမ္မာ မီးလျှံကမူ စင်တင်မီတာ အနည်းသာ လောင်ကျွမ်းနေသည်။ သို့သော်လည်း မီးလျှံနှစ်ခုသည် ပြိုင်ဆိုင်နေသည်နှင့် မတူဘဲ ယခုအခါ စွယ်တော်ရွက်ကဲ့သို့ ဖြစ်နေခြင်းပင်။

လင်ပုပ် စပါးအုံးမြွေ၏ စွမ်းရည်က အံ့မခန်းပင်။ လင်းဟွမ်သည် လ ဝါးမြို့ခြင်း စွမ်းရည် နှင့်ဆင်တူသည့် လျှို့ဝှက်စွမ်းရည်တစ်ခု ရရှိခဲ့သည်။ ထို့အပြင် လင်းဟွမ်ကလည်း သတင်းအသစ် တစ်ခု

သိလာခဲ့သည်။ ဤဟင်းလင်းပြင် အပျက်အစီးကို နတ်ဘုရားတစ်ပိုင်း သုံးကောင်နှင့် လျှို့ဝှက်ဆန်းကြယ် မွန်းစတားတို့က လေးပိုင်း ခွဲထားသည်။

လျှို့ဝှက်ဆန်းကြယ် မွန်းစတားက ဤဟင်းလင်းပြင် အပျက်အစီး၏ နောက်ဆုံး တစ်ဝက်ကို သိမ်းပိုက်ထားပြီး နတ်ဘုရားတစ်ပိုင်း သုံးကောင်က ကျန်သည့်နေရာကို ကိုယ်ပိုင် နေရာများအဖြစ် ပိုင်ခြားထားသည်။ သို့တိုင်အောင်

သူတို့၏ နယ်မြေများသည် ကမ္ဘာကြီး၏ ထက်ဝက် အရွယ်အစားခန့် ရှိနေသေးသည်။

သွေးစတေးခြင်း ပြီးဆုံးသွားသည့် အခါတိုင်း ထိုမွန်းစတား လေးကောင်က သူတို့၏နယ်မြေရှိ ချီသွေးများကို ဝါးမြိုလေ့ ရှိပြီး အခြားနယ်မြေ သုံးခုကို တစ်ခါမျှ ကျူးကျော်ဝင်ရောက်ခြင်း မရှိခဲ့ပေ။ နတ်ဘုရားတစ်ပိုင်း သုံးကောင်သည် သွေးစတေးခြင်းထဲမှ အစိတ်အပိုင်း အချို့ကို ပြန်ရပြီးနောက် သူတို့ခန္ဓာကိုယ် တစ်ဝက်ခန့်သည် အသားများ ပြန်ပြည့်လာကြသည်။

သို့သော်လည်း နတ်ဘုရားတစ်ပိုင်း သုံးကောင်ကို အနိုင်ပိုင်းခဲ့သော လျှို့ဝှက်ဆန်းကြယ် မွန်းစတားအား မည်သူမျှ မမြင်ဖူးကြပေ။ ထိုမွန်းစတား လေးကောင်သည် သွေးယဇ် ပူဇော်သည့် အချိန်အတွင်းမှာသာ နိုးထလာကြပြီး ကျန်သည့် အချိန်များတွင် ဆောင်းခိုနေကြခြင်းသာ

နောက်ထပ် အချက်အလက်တစ်ခုမှာ ဟာင်းလင်းပြင် အပျက်အစီး၏ အလယ်ဗဟိုတွင် ကြီးမားသော အပျက်အစီး နေရာတစ်ခု

ရှိသေးသည်။ ဂဝတ်စုံဖြူ ဝတ်ဆင်ထားသောလူများက ထိုနေရာကို ရံဖန်ရံခါ လာလည်တတ်ကြသည်။

လင်းဟွမ်သည် လငပုပ် စပါးအုံးမြွေ၏ မှတ်ဉာဏ်များကို ချေဖျက်ရင်း မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်လိုက်သည်။

ရီကျန်းနှင့် ကျန်သည့်လူများက မနက်စာ စားနေကြပြီး ပိုင်နှင့် လန်စန်လော့တို့လည်း ပူးပေါင်းပါဝင် နေကြသည်။ ပိုင်သည် အနီရောင် အချိုရည်ကို သောက်သုံးနေပြီး လန်စန်လော့က ထုံးစံအတိုင်း ဟင်းရွက်ကြော်ကို စားနေသည်။

သူတို့နှစ်ယောက်လုံးသည် ရွှေရောင် မီးလျှံအဆင့်ကို ကျော်ဖြတ်ကာ အင်မော်တယ် အဆင့် (၁) ကို အလိုလို အဆင့်တက်သွားသည်။

"အဟွတ်"

လင်းဟွမ်သည် သူ နိုးလာသည်ကို မည်သူမျှ သတိမထားမိကြသဖြင့် ချောင်းဟန့်လိုက်သည်။

ရီကျန်းနှင့် ကျန်သည့်လူများ လှည့်ကြည့် လာသည်။

"နောက်ဆုံးတော့ မင်း နိုးလာပြီလား"

သူတို့က ရယ်မောပြီး ပြောလိုက်သည်။

"သွား ရေမိုးချိုး၊ မနက်စာ စားပြီးရင် နောက်တစ်နေရာ သွားကြမယ်"

## အခန်း(၆၀၁) - အဆင့် (၄) ခါးတာအို။

"အဆင့်လေးဆင့်ကျော် သတ်ဖြတ်ခြင်း အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ဆုလာဒ် ကံစမ်းမဲကတ် (၅၀) ရရှိပါတယ်"

လင်းဟွမ်သည် အင်မော်တယ်အဆင့် (၅) မွန်းစတား၏နှလုံးကို ထိုးဖောက်လိုက်သည့် အချိန်၌ အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုလာဒ်များကို ရရှိလိုက်သည်။

သူ၏ တိုက်ခိုက်ရေးအဆင့်မှာ ကြက်သွေးရောင် မီးလျှံအဆင့်တွင်သာ ရှိသေးသော်လည်း အင်မော်တယ်အဆင့် (၅) မွန်းစတား တစ်ကောင်ကို သတ်ဖြတ်နိုင်ခဲ့သည်။ ယခုလက်ရှိ အချိန်၌ အဆင့်လေးဆင့်ကျော် သတ်ဖြတ်ခြင်းကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

သို့သော်လည်း သူ၏စွမ်းရည်နှင့် ပတ်သတ်၍ မကျေနပ်သေးပေ။

"ငါ အင်မော်တယ်အဆင့် (၁) ဆိုရင် အင်မော်တယ် အဆင့် (၉) ကို သတ်နိုင်မယ်။

ဒါပေမယ့် အင်မော်တယ်အဆင့်မှာ ရှိတဲ့လူတွေက အဆင့် တစ်ဆင့် တက်သွားတိုင်း သူတို့ရဲ့ စွမ်းရည်က နှစ်ဆနီးပါး တိုးလာတယ်။ နောင်တစ်ချိန်မှာ ငါက ရွှေနက်ရောင် အဆင့်မှာ ရှိရင် ငါ့ရဲ့ အခုလက်ရှိ အဆင့်ကျော် သတ်ဖြတ်မှုနှုန်းနဲ့ဆိုရင် အဆင့် (၄) ဆင့်ကျော်ပြီး ရွှေခရမ်းရောင် အဆင့်ကို သတ်နိုင်လိမ့်မယ်။ ဒါပေမယ့် နတ်ဘုရား တစ်ပိုင်းကိုတော့ နိုင်အောင် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး”

လင်းဟွမ်သည် လင်ပုပ် စပါးအုံးမြွေ၏ မှတ်ဉာဏ်ထဲမှ သိရှိခဲ့သည့် အချက်အလက်များအရ အဆင့်တစ်ခုစီတိုင်းတွင် စွမ်းရည် ကွာခြားချက် ကြီးမားကြောင်း သိရှိခဲ့သည်။ နတ်ဘုရားတစ်ပိုင်းကို သတ်ဖြတ်နိုင်သည့် အစွမ်း လိုချင်ပါက အင်ပါယာအဆင့် အထိ ထက်လှမ်းခြင်းက သူ့အတွက် မလုံလောက်သေးပေ။

အသွင်ပြောင်းလဲခြင်း ကတ်နှင့် ယာယီအဆင့်မြင့်တင်ခြင်း ကတ် ဆိုသည်မှာ ပြင်ပမှ အကူအညီများသာ ။ ထို့အပြင် ကံစမ်းမဲ ကတ်နိုင်၍

ကတ်ကောင်းများ ရရှိခြင်းက လူတစ်ယောက်၏ ကံတရားအပေါ် မူတည်နေသည်။ ထို့ကြောင့် စွမ်းရည်များကို မြှင့်တင်ရန် ကတ်များပေါ်တွင် အမြဲတမ်း အားကိုးနေပါက ဖြေရှင်းချက် မဟုတ်ပေ။ ကတ်ဆိုသည်မှာ အရေးပေါ် အခြေအနေအတွက်သာ ဖြစ်သင့်သည်။

သွေးယဇ်ပူဇော်ခြင်း ပြီးသည့်နောက် ပထမဦးဆုံးနေ့ နေဝင်ချိန်အထိ လင်းဟွမ်သည် တစ်ယောက် တစ်နာရီကြာအောင် နေခဲ့သည်။ ဆုလာဒ် နှစ်ဆကတ်ကို နောက်တစ်ကြိမ်

အသက်သွင်းပြီးနောက် အဆင့်ကျော် သတ်ဖြတ်မှု (၁၀) ကြိမ်ကို ဆက်တိုက် အောင်မြင်အောင် ပြုလုပ်ခဲ့ပြီး ကံစမ်းမဲ ကတ် (၅၀၀) ကျော် ရရှိခဲ့သည်။

သို့သော်လည်း လင်းဟွမ်သည် လက်ထဲတွင် အသုံးပြုရန် ကတ်အလုံအလောက် ရှိနေသဖြင့် ကံစမ်းမဲကတ်များကို မဲမနှိုက်ခဲ့ပေ။ လက်ကျန် ကံစမ်းမဲကတ် (၁၀၀) နှင့်အတူ ကံစမ်းမဲကတ် (၅၀၀) ကို သိမ်းထားလိုက်သည်။

အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုလာဒ်များ ရရှိပြီး ရက်အနည်းငယ်ကြသောအခါ လင်းဟွမ်၊ ရီကျန်းနှင့် ကျန်သည့်လူများသည် ဟင်းလင်းပြင် အပျက်အဆီးနေရာ၏ အလယ်ဗဟိုကို ချဉ်းကပ် လာခဲ့ကြသည်။

လင်းဟွမ်နှင့် ကျန်သည့် လူများသည် အသေးစားနှင့် အလတ်စား ဝပ်ကျင်းများရှိ မွန်းစတားများကို သုတ်သင် ရှင်းလင်းခဲ့ကြသည်။ ပစ္စည်းမျိုးစုံ ရရှိခဲ့ရုံသာမက လီလန်နှင့် ရီရီယွီတို့အတွက် သင့်တော်သော ကံကြမ္မာမီးစာ

မွန်းစတားများကို ရှာတွေ့ခဲ့သဖြင့် သူတို့နှစ်ယောက်သည် အပြာရောင်မီးလျှံအဆင့် တက်လှမ်းခဲ့ကြသည်။

ထုံးစံအတိုင်း သူတို့ နှစ်ယောက်သည် သန္ဓေသုံးကြိမ်ပြောင်း ကံကြမ္မာမီးစာ မွန်းစတား အစား သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားကိုသာ ရွေးချယ် ခဲ့ကြသည်။ အကြောင်းမှု သူတို့ နှစ်ယောက်က သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားများကို ကိုင်တွယ်နိုင်ခြင်း မရှိသောကြောင့်ပင် ။

သူတို့ နှစ်ယောက်သည် အပြာရောင်မီးလျှံအဆင့် တက်လှမ်းပြီးနောက် ကံကြမ္မာမီးလျှံကို ပျိုးထောင်ရန်အတွက် ကံကြမ္မာ သလင်းကျောက်အများအပြားကို အားကိုးခဲ့ရသည်။

လင်းဟွမ်ကမူ လန်စန်လော့က မွန်းစတားများကို တိုက်ခိုက် သတ်ဖြတ်နေသရွေ့ ကံကြမ္မာမီးလျှံများ ကြီးထွားလာခဲ့သည်။

ညအချိန်၌ အစွမ်းထက်သော မွန်းစတားများ မရှိသည့်နေရာတွင် လင်းဟွမ်က လန်စန်လော့ကို တိုက်ခိုက်ရန်အတွက် လွှတ်ပေးခဲ့သည်။

လင်းဟွမ်၏ ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာမီးလျှံနှစ်ခုရှိသည်။ ထိုအနက်မှ တစ်ခုမှာ မီတာ (၅၀) ရောက်သွားသောအခါ ကြီးထွားမှု ရပ်တန့်သွားပြီး ကျန်တစ်ခုမှာမူ မီတာ (၃၀၀) ရောက်သည့်အထိ ဆက်လက် ကြီးထွားနေဆဲပင် ။

အစပိုင်းတွင် မီးလျှံနှစ်ခုလုံးမှာ ပြိုင်တူဖြစ်နေကြသော်လည်း ယခုအချိန်၌ မီတာ (၅၀) ရှိသည့် ကံကြမ္မာမီးလျှံက အခြားမီးလျှံတစ်ခုကို မယှဉ်နိုင်တော့ချေ။

လင်းဟွမ်သည် မီးစာတစ်ခုမှာ ဂန္ဓဝင်အဆင့် သန္ဓေလေးကြိမ်ပြောင်း မွန်းစတားထံမှ ရရှိခဲ့သောကြောင့် ဘာမှမတတ်နိုင်ချေ။ ယခင်က သတ်ဖြတ်သူ ပုံမှန်ဓါးနှင့် တွေ့ကြုံခဲ့သည့် အချိန်တွင် သူ့ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။ သူ ရှာတွေနိုင်သော ကံကြမ္မာမီးစာ မွန်းစတားမှာ အများဆုံးမှ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားသာ ဖြစ်နိုင်သည်။

လျှန်ယုရှင်းနှင့် ရီကျန်းတို့ကမူ သင့်တော်သော ကံကြမ္မာမီးစာ မွန်းစတားကို ရှာမတွေ့သောကြောင့် မသေချာမရေရာ ဖြစ်နေကြသည်။

ကျယ်ဝန်းသော အပျက်အစီးနေရာ.......

တစ်ပတ်ခန့် ကြာသောအခါ လင်းဟွမ်နှင့် ကျန်သည့် လူများသည် ဟင်းလင်းပြင် အပျက်အဆီး၏ အလယ်ဗဟိုသို့ ရောက်ရှိလာကြသည်။ နေ့ခင်းဘက် နေရောင်က လင်းထိန်နေပြီး ခပ်လှမ်းလှမ်းမှ နေရာများကိုပင် မြင်တွေ့နေရသည်။

မကြာခင် လင်းဟွမ်နှင့် ကျန်သည့်လူများသည် အပျက်အစီးနယ်မြေ အစွန်းကို ရောက်ရှိလာသည်။

"လင်းဟွမ်၊ ဒီနေရာကို သူတော်စင်အဖွဲ့ဝင်တွေ အမြဲတမ်း လာနေကြလား"

လီလန်သည် မြေပေါ် ဆင်းသက်လာပြီးနောက် အဝေး လှမ်းကြည့်ရင်း မေးလိုက်သည်။ သို့သော်လည်း မည်သည့် ထူးခြားချက်ကိုမှ မတွေ့ပေ။

"ဟုတ်တယ်၊ လငပုပ် စပါးအုံးမြွေဆီက ရခဲ့တဲ့ မှတ်ဉာဏ်အရတော့ အဲ့ဒီအတိုင်းပဲ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"သူတော်စင် အဖွဲ့ဝင်တွေက အကြောင်းပြချက် မရှိဘဲနဲ့ ဒီကို လာမှာမဟုတ်ဘူး။ စိတ်ရှည်ရှည် ထားပြီး လှည့်ပတ်ရှာကြည့်ကွာ။ တစ်ခုခုတော့ တွေ့ကိုတွေ့ရမယ်"

လျန်ယုရှင်းက အကြံပြုလိုက်သည်။

ကျန်သည့် လူများကလည်း သဘောတူ ခေါင်းညိတ်လိုက်ကြသည်။

"ဘယ်က လာမှန်းမသိတဲ့ အန္တရာယ်တွေကို ရှောင်ရှားနိုင်အောင် အတူတူ သွားကြမယ်။ ဒီအပျက်အဆီး နေရာက ဘေးကင်းတယ်ဆိုပေမယ့် အခြေအနေ အတိအကျ မသိရသေးဘူး"

လင်းဟွမ်က သတိပေးလိုက်သည်။

နေရာသည် ကြီးမားပြီး ရောမနန်းတော်ကြီး တစ်ခုကဲ့သို့ ဖြစ်နေသည်။ သို့သော်လည်း ဤအပျက်အဆီး နန်းတော်ထဲတွင် ကြမ်းပြင် တစ်ဝက်ခန့်သာ ရှိတော့သည်။ ကျန်အထပ်ရှိ တံခါးများကို ကြည့်ခြင်းအားဖြင့် အမြင့် (၁၀)

မီတာခန့် ရှိသည်။ ထို့ကြောင့် နန်းတော်၏အမြင့်က မီတာ (၃၀) ကျော် လိမ့်မည်ဟု ခန့်မှန်းနိုင်သည်။

"အဆောက်အဦးက အရမ်း ကြီးတယ်။ မွန်းစတားတွေက ဒီအဆောက်အအုံထဲမှာ နေကြတာလား"

ရီရီယွီက ကြီးမားသော တံခါးနှင့် ပြတင်းပေါက်ကြီးကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

ရီကျန်းက နံရံရှေ့တွင် ရပ်တန့်လိုက်သည်။ နံရံပေါ်တွင် ထွင်းထုထားသော အစင်းရာတစ်ခု ရှိပြီး ဆေဘာနှင့် ပြုလုပ်ထားခြင်းပင် ။

လင်းဟွမ်နှင့် ကျန်သည့်လူများက ထွက်ခွာရန် လုပ်နေစဉ် ရီကျန်းက နံရံပေါ်တွင် အစင်းရာများနှင့် ထွင်းထုထားသော ပုံများကို တအံ့တသြ စိုက်ကြည့်နေသည်။

ရီရီယွီက သူမအစ်ကိုကို လှမ်းရိုက်ရန် လုပ်လိုက်သော်လည်း လင်းဟွမ်က သူမ၏

လက်ကောက်ဝတ်ကို ချက်ချင်း လှမ်းဖမ်းပြီး တိတ်တိတ်လေးနေရန် အမူအရာ ပြလိုက်သည်။

"သူ့ကို မနှောက်ယှက်နဲ့။ ဒီအစင်းကြောင်း ပုံတွေက သူ့ကို ဉာဏ်အလင်း တစ်ချို့ ပေးနေသလိုပဲ"

လင်းဟွမ်က အသံတိုးအောင် ထိန်းပြီး ကျန်သည့်လူများကို ပြောလိုက်သည်။

ရီရီယွီလည်း လက်ပြန်ရုတ်လိုက်သည်။

"နံရံပေါ်မှာ ထွင်းထုထားတဲ့ ရုပ်ပုံတွေက စစ်ပွဲ အကြွင်းအကျန်တွေ ဖြစ်နိုင်တယ်။ ဟိုဟိုဒီဒီ လျှောက်ကြည့်ရအောင် ငါတို့လဲ တစ်ခုခု ရကောင်းရနိုင်တယ်"

ရီကျန်းက နံရံပေါ်ရှိ ရုပ်ပုံများကိုကြည့်ရင်း မှင်သက်နေသည်ကို လင်းဟွမ် သတိထားမိသည်။

လျန်ယုရှင်းနှင့် ကျန်သည့် လူများကလည်း နံရံပေါ်ရှိ ရုပ်ပုံများကို စတင် လေ့လာကြသည်။

လင်းဟွမ်က အဝေးကြီး မသွားပေ၊ ထိုအစား တံခါးကို ကျော်အောင်ပျံသန်းပြီး တံခါးတွင်

ထွင်းထုထားသော ရုပ်ပုံများကို ကြည့်လိုက်သည်။ သေချာသည်မှာ ဓါးနှင့် ပြုလုပ်ထားသော အစင်းရာများပင် ။

တံခါးတွင် ထွင်းထုထားသော ပုံက ထွင်းထုထားသည့် ပုံ မပေါက်ဘဲ ဓါးတစ်ချောင်းတည်းနှင့် ပြုလုပ်ထားသလိုပင်။ လင်းပွမ်သည် တံခါး အပေါ်ရှိ ဓါးအစင်းရာကို ခဏမျှ စိုက်ကြည့်ခဲ့သော်လည်း မည့်သည့် ထူးခြားချက်မျှ မခံစားရပေ။

ထို့နောက် လင်းဟွမ်သည် ကျန်သည့်လူများကို စောင့်ရှောက်ရန် လန်စန်လေ့အား ပြောခဲ့ပြီး အစင်းရာ လမ်းကြောင်းအတိုင်း လိုက်ပါ ပျံသန်းသွားသည်။ မိနစ် အနည်းငယ်ကြာအောင် လှည့်ပတ် ပျံသန်းပြီးနောက် ပြန်လာနေရင်း တံခါးပေါ်ရှိ အစင်းရာများကို ပြန်ကြည့်လိုက်သည်။

ထိုအခိုက်အတန့်၌ လင်းဟွမ် စိတ်ထဲတွင် မြင်ကွင်းတစ်ခု ရုတ်တရက် ပေါ်လာသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက နန်းတော်ကြီး တစ်ခု တည်ရှိခဲ့ပြီး မီတာရာနှင့်ချီ မြင့်မားသည်။

နန်းတော်သည် အလင်းရောင်များ ထိန်ထိန်လင်းနေပြီး တီဆို၊ ကခုန်ခြင်း၊ အရက်သောက်ခြင်း စကားစမြည် ပြောနေသူများနှင့် စည်ကားနေသည်။

တစ်နေ့၌ နန်းတော်တံခါးဝတွင် လူငယ်လေး တစ်ယောက် ရုတ်တရက် ပေါ်လာသည်။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားကာ ခါးထိရှည်သော ဆံပင် ရှိသည်။ မျက်နှာကို ရှင်းရှင်းလင်းလင်း မမြင်ရသော်လည်း လင်းပွင့်သည် ချောမောသော လူတစ်ယောက်ဟု ယောင်ဝါးဝါး ခံစားရသည်။ ထိုလူက အနက်ရောင် ခါးတစ်ချောင်းကို

ကိုင်ထားသော်လည်း လင်းဟွမ်သည် သူ၏ တိုက်ခိုက်ရေး အဆင့်ကို မခံစားနိုင်ပေ။

မကြာခင် သူက ဓါးကို ရုတ်တရက် ခုတ်ချလိုက်သည်။ နောက်ထပ် အခိုက်အတန့်၌ နန်းတော်တစ်ခုလုံး နှစ်ခြမ်းကွဲသွားသည်။ ထို့အပြင် ထောင်နှင့်ချီသော လူများသည် ဓါးတစ်ဝက်မှ အဖြတ်ခံလိုက်ရသည်။

လင်းဟွမ်သည် ထိတ်လန့်ကြောက်ရွံ့စရာကောင်းသော မြင်ကွင်းကို မြင်လိုက်ရပြီး အံ့ဩသင့်သွားသည်။

ထိုလူက ခါးချက် တစ်ချက်သာ အသုံးပြုခဲ့ကြောင်း သေသေချာချာ သိနေပြီး မည်ကဲ့သို့ ဖြစ်နိုင်မလဲ ဆိုသည်ကို တွေးတောနေမိသည်။ ထိုလူက နယ်မြေပိုင်နက် အသိအစွမ်းကို လုံး၀ အသုံးမပြုခဲ့ကြောင်း သူ နားလည်သည်။ ဒါသည် သာမန် ခါးခုတ်ချက် တစ်ချက်သာဖြစ်ပြီး သူ့စိတ်ထဲတွင် နက်ရှိုင်းစွာ စွဲထင်နေသည်။ လင်းဟွမ်သည် အချိန်တစ်ခု ကြာမှသာ အတွေးထဲမှ ပြန်လည် ရုန်းထွက်နိုင်ခဲ့သည်။

"ဘာဖြစ်တာလဲ"

လင်းဟွမ်သည် သဲလွန်စ အရိပ်အယောင်မပြဘဲ ခါးတာအို နယ်ပယ် အဆင့်တက်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ အဆင့် (၄) ခါးတာအို နယ်ပယ် မေ့လျော့ခြင်း အဆင့်ကို ရောက်ရှိသွားသည်။

## အခန်း(၆၀၂) - မြေအောက် ရတနာ။

လင်းဟွမ်သည် ဓါးတာအို နယ်ပယ်အဆင့် (၃) ကို ရောက်နေခဲ့သည်မှာ ကြာမြင့်လှပြီ။ အခြေခံ ကောင်းမွန်သောကြောင့် ပြင်ပက လှုံ့ဆော်မှုတစ်ခု ထည့်ပေါင်းလိုက်ရုံဖြင့် အဆင့်တက်လှမ်းမှု တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။ ဓါးတာအို အဆင့် (၄) ကို မေ့လျော့ခြင်းဟု ခေါ်သည်။

ယခုအခါ၌ လင်းဟွမ်ကို ဓါးတာအိုနယ်ပယ်တွင် ကျွမ်းကျင်သူ တစ်ယောက်ဟု သတ်မှတ်၍ရနေပြီ။

အသုံးပြုသူသည် ခါးနှင့် ပေါင်းစပ်လိုက်သောအခါ လူက ခါးလား၊ ခါးက လူလား ဆိုသည့်အချက်ကို မေ့လျော့သွားလိမ့်မည်။ ခါးသည် လူ့ခန္ဓာကိုယ်၏ ခြေလက်အင်္ဂါများနှင့် မတူဘဲ ခွဲထုတ်၍မရသော အသက်၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ ဖြစ်လာလိမ့်မည်။

ယခင်က လုမင်သည် အင်ပါယာအဆင့် (၉) တွင် ခါးတာအို အဆင့် (၄) နယ်ပယ် ရောက်ရှိနေခဲ့ပြီး သူ၏ခါးတာအိုမှာ သူ့မျိုးဆက် လူများထဲတွင် အသန်မာဆုံးပင် ။ အဖွဲ့ခွဲ (၇) တွင် သူ၏

ခါးတာအိုထက် သာလွန်သောသူ အနည်းငယ်မျှသာ ရှိသည်။ ဒါသည် လုမင်က အင်မော်တယ်အဆင့်တွင် ရှိစဉ် အချိန်ကတည်းက အင်ပါယာအဆင့်ကို သတ်ဖြတ် နိုင်ခဲ့သည့် အကြောင်းအရင်းလည်း ဖြစ်သည်။

ယခုမူ လင်းဟွမ်သည် သူ၏ မျှော်လင့်ချက်ထက်ပင် ကျော်လွန်ပြီး အဆင့် တက်သွားကာ အသစ်တစ်ခု ရရှိခဲ့သည်။ အဆင့်တက်ရန် အနည်းဆုံး တစ်နှစ်ခန့် အချိန် ယူရလိမ့်မည်ဟု ထင်နေခဲ့သည်။

လင်းဟွမ်သည် ခါးတာအိုနယ်ပယ် အဆင့်တက်ပြီးနောက် မျက်လုံးများကို ဖြည်းညင်းစွာ မှိတ်လိုက်ပြီး ယခင်က သူ သင်ယူခဲ့သော ခါးကျင့်စဉ် အမျိုးမျိုးကို ပြန်လဲသုံးသပ်ကာ ခါးစွမ်းရည် အခြေခိုင်လာစေရန်၊ ပိုမို တည်ငြိမ်လာစေရန် စိတ်ထဲမှ လေ့ကျင့်နေခဲ့သည်။

လင်းဟွမ်သည် နာရီပေါင်းများစွာ ကြာအောင် မျက်လုံးပိတ်ထားပြီး မျက်လုံး ပြန်ဖွင့်သောအခါ ကောင်းကင်ကြီး မည်းမှောင်နေပြီ။ ရီကျန်းနှင့်

ကျန်သည့်လူများကလည်း လင်းဟွမ်ကို စောင့်ရင်း တစ်ခုခု သင်ယူနေကြသည်။

လင်းဟွမ်သည် မျက်လုံး ဖွင့်သည့်အချိန်၌ မည်းမှောင်လာသော ကောင်းကင်ကြီးကို မြင်လိုက်လျှင် နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။

သူတို့အားလုံးသည် ထိုအထဲ လမ်းလျှောက်ဝင်သွားပြီးနောက် အနီးအနားရှိ ဝပ်ကျင်းတစ်ခုထဲ ပြန်ရောက်လာကြသည်။ လူတိုင်းက တိတ်ဆိတ်စွာ ညစာ စားခဲ့ကြသည်။

"ဒီနေ့ မင်းတို့တွေ တစ်ခုခု သင်ယူခဲ့ရတဲ့ပုံပဲ"

လင်းဟွမ်က သူတို့ကို စိုက်ကြည့်ပြီးနောက် တစ်ခုခု ထူးခြားနေကြောင်း သတိထားလိုက်မိသည်။

"အဆောက်အဦးပေါ်မှာ ထွင်းထုထားတဲ့ အစင်းရာတွေက ငါတို့ရဲ့ တာအိုတိုးတက်မှုနဲ့ သက်ဆိုင်နေတယ်လို့ ငါ ထင်တယ်။ ငါ့ရဲ့ ဆေဘာ တာအိုအတွက် နည်းနည်း အမြတ်ထွက်ခဲ့တယ်။ နောက်ရက်တွေမှာ ငါ ဆေဘာတာအိုပဲ ခံစား ချင်တယ်။ မွန်းစတားတွေကို မသတ်တော့ဘူး။

ငါ့ဆေဘာတာအိုက အဆင့် (၃) ရောက်တော့မယ်လို့ ခံစားနေရတယ်”

လျှန်ယုရှင်းက ရှင်းပြလိုက်သည်။

“ငါလဲ အဲ့ဒီလိုပဲ ခံစားနေရတယ်။ အစင်းရာတွေကို ဆက်လက် လေ့လာပြီး နှစ်ရက်၊ သုံးရက်လောက်ကြာရင် ဆေဘာတာအို အဆင့် (၃) ရောက်နိုင်တယ်”

ရီကျန်းကလည်း ထောက်ခံလိုက်သည်။

“ငါလည်း မွန်းစတားတွေကို မသတ်ဘူး”

ရီရီယွီသည် ဆေဘာတာအို အဆင့် (၃) နယ်ပယ်ကို တက်လှမ်းရန် အလှမ်းဝေးကွာနေသော်လည်း သူမ၏ ဆေဘာတာအို တိုးတက်လာသည်ဟု ခံစားမိသည်။

"လခွမ်း ငါကတော နန်းတော်တစ်လျှောက် နာရီပေါင်းများစွာ လိုက်ရှာတာပဲ။ ဒါပေမယ့် လုံအတွက် ထွင်းထုထားတဲ့ အစင်းရာ မတွေ့ဘူး။ မနက်ဖြန်ကျမှ ထပ်စမ်းကြည့်ရဦးမယ်"

လီလန်သည် ကျန်သည့်လူများ တိုးတက်လာသည်ကို မြင်လျှင် ထိတ်လန့်သွားသည်။

"လင်းဟွမ်၊ မင်း မျက်လုံးမှိတ်ထားတာ အကြာကြီးပဲ။ တစ်ခုခု သင်ခဲ့ရတယ် မဟုတ်လား"

လီလန်က မေးလိုက်သည်။

"ဟုတ်တယ် ငါ ဓါးတာအို နယ်ပယ်က အဆင့် (၄) ရောက်သွားပြီ"

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"…"

နှိုင်းယှဉ်ပါက တုံးအ ရာကျလွန်းသဖြင့် ကျန်သည့်လူများ ဆွံ့အ သွားကြသည်။

"လာမယ့် ရက်အပိုင်းအတွင်းမှာတော့ ငါတို့ရဲ့ အရည်အချင်းတွေ မြှင့်တင်ဖို့အတွက် အဲ့ဒီနေရာမှာပဲ နေကြမယ်။ ငါ့ရဲ့ဓါးတာအိုက အောင်မြင်မှုတစ်ခု ရနိုင်ပြီ။ ဒါကြောင့် ငါ့ရဲ့ ကျွမ်းကျင်မှု တည်ငြိမ်သွားအောင် အချိန်နည်းနည်း ယူရမယ်။ အဲ့ဒါပြီးမှပဲ မွန်းစတားတွေကို အမဲလိုက်ကြမယ်"

လင်းဟွမ်ကလည်း သူတို့နှင့် အတွေးတူနေသည်။

နောက်တစ်နေ့ မနက်တွင် သူတို့အားလုံးသည် နေရာကူးပြောင်းခြင်း ဓါတ်ကွင်းကို ဖြတ်ကျော်ပြီး ထိုနေရာသို့ ပြန်လာခဲ့ကြသည်။

လင်းဟွမ်သည် မူလနေရာတွင် ပြန်ရပ်ပြီး သူ၏စွမ်းရည်များ ပိုမို အားကောင်း လာစေရန် အာရုံစိုက်ပြီး နောက်တစ်ကြိမ် မျက်လုံး ပြန်မှိတ်လိုက်သည်။ ထို့အချိန်တွင် ရီကျန်းနှင့် ကျန်သည့်လူများက နံရံပေါ်က ထွင်းထုထားသော အစင်းရာများရှေ့တွင် မှတ်တပ်ရပ်နေကြသည်။

နောက်ဆုံး၌ နေ့လည် တစ်နာရီကျော်သောအခါ လီလန်သည် လုံ့အတွက် ထွင်းထုထားသော အစင်းရာများကို တွေ့ရှိခဲ့ပြီး ထိုအစင်းရာများ ရှေ့တွင် မတ်တပ်ရပ်လိုက်သည်။ နောက်ပိုင်း

ရက်အနည်းငယ်အတွင်းတွင် လင်းဟွမ်နှင့် ကျန်သည့်လူများသည် နေ့ခင်းဘက်၌ ထိုနေရာကို သွားခဲ့ကြပြီး ညနေ နေမဝင်ခင်အထိ ရှိနေခဲ့ကြသည်။

စတုတ္ထမြောက်နေ့တွင် ရီကျန်းသည် ဆေဘာတာအို အဆင့် (၃) အလင်းဖော်ဆောင်ခြင်း အဆင့်ကို ရောက်ရှိခဲ့သည်။

ငါးရက်မြောက်နေ့တွင် လျန်ယုရှင်းက ဆေဘာတာအို အဆင့် (၃) ကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့သည်။

ရီရီယွီနှင့် လီလန်တို့က လိုက်ဖက်ညီခြင်း အဆင့်ကို ရောက်ရှိလာကြသည်။

ထို့နောက် သူတို့သည် ထိုနေရာတွင် နောက်ထပ် ရက်အနည်းငယ်ကြာအောင် ထပ်နေခဲ့ကြသည်။ ရီကျန်းနှင့် လျန်ယုရှင်းတို့က သူတို့၏အဆင့် (၃) ခါးနယ်ပယ် စွမ်းရည်များ အခြေခိုင်လာကြသလို လင်းဟွမ်၏ ခါးစွမ်းရည်လည်း လုံး၀ တည်ငြိမ် သွားခဲ့သည်။ လင်းဟွမ်သည် ယခင်ကထက် ပို၍ သန်မာလာခဲ့သည်။

ရီရီယွီနှင့် လီလန်တို့ နှစ်ယောက်လုံးက အတွေ့အကြုံ မရှိသေးသောကြောင့် အဆင့် (၃) အထိ မတက်လှမ်းနိုင်ခဲ့ကြပေ။ အကြောင်းမူ ဤမျှ အချိန်တိုလေးအတွင်း၌ အဆင့် (၃) အထိ တက်လှမ်းရန် ခက်ခဲသောကြောင့် ဖြစ်သည်။

"ဒီနေရာထဲမှာ မြေအောက် ဝင်ပေါက်တစ်ခု ရှိနိုင်တယ်လို့ မထင်ဘူးလား"

လင်းဟွမ်သည် သူ၏ အဆင့်လေး ဓါးတာအိုကို လုံးဝ တည်ငြိမ်သွားအောင် လုပ်ပြီးနောက် လွန်ခဲ့သော ရက်ပိုင်းအတွင်း စူးစမ်းလေ့လာ

ရှာဖွေနေခဲ့သည်။ သို့သော်လည်း မြေအောက် ဝင်ပေါက်ကို ရှာမတွေ့ခဲ့ပေ။

ဤနေရာ၏ တည်ဆောက်ပုံ အနေအထားအရ မြေအောက် အဆောက်အဦး တစ်ခု ရှိကိုရှိရမည်။

ရီကျန်းနှင့် လျန်ယုရှင်းတို့သည် သူတို့၏ ဆေဘာတာအိုများ တည်ငြိမ် သွားပြီးနောက် လင်းဟွမ်နှင့် ပူးပေါင်းခဲ့ကြသည်။

လျန်ယုရှင်းက ခန်းမ အလယ်တွင် လမ်းလျှောက်ရင်း ပတ်ဝန်းကျင်ကို စူးစမ်း အကဲခတ်နေစဉ် ကြီးမားနေသော ကျောက်တုံး

တစ်တုံးကို မတော်တဆ တက်နင်းမိပြီး ခြေကျင်းဝတ် လိမ်သွားသည်။ ထို့နောက် အနီးအနားက ကျောက်မျှော်စင် အနားတွင် ကပ်ထိုင်ချလိုက်သည်။

ထိုစဉ် ကျောက်မျှော်စင် အနည်းငယ် လှုပ်ရှား သွားသည်။

လျှန်ယုရှင်းသည် ကျောက်တုံးမျှော်စင်က ထူးခြားနေကြောင်း ချက်ချင်း သတိပြုမိပြီး လင်းဟွမ်နှင့် ကျန်သည့်လူများကို အကြောင်း ကြားလိုက်သည်။

"ဒီကျောက်မျှော်စင်ကြီး လှုပ်သွားတဲ့ပုံပဲ"

ကျန်သည့် လူများလည်း ချက်ချင်း ပြေးလာကြသည်။ ရီရီယွီနှင့် လီလန်တို့ပင် စစ်ပွဲလက်ကျန် အစင်းရာများကို လေ့လာနေခြင်းကို ရပ်တန့်လိုက်ကြသည်။

"စောစောက ကျောက်မျှော်စင်ကို မတော်တဆ ထိမိပြီး တကယ်ရွေ့နိုင်တယ်ဆိုတာ သိလိုက်ရတယ်"

လျန်ယုရှင်းက ပြောလိုက်သည်။

"ငါ စမ်းကြည့်မယ်"

လင်းဟွမ်က ရှေ့ကို ခြေတစ်လှမ်းတိုးပြီး အမြင့် တစ်မီတာ ကျော်ရှိသော အဖြူရောင် ကျောက်မျှော်စင်ကို တွန်းကြည့်လိုက်သည်။

မကြာခင် ဘယ်ဘက်သို့ စတင် ရွေ့လျားသွားပြီး (၁၈၀) ဒီဂရီ လှည့်ပြီးနောက် ရပ်တန့်သွားသည်။

ထိုအချိန်တွင် ကြမ်းပြင်က တုန်ခါလာသည်။

သူတို့ လေးယောက်က လေထဲ ပျံတက်လိုက်ကြသည်။

မကြာခင် ကျောက်မျှော်စင်ဘေးတွင် အချင်းဝက် (၅) မီတာရှိသော စက်ဝိုင်းပုံစံ အပေါက်တစ်ခု တွေ့လိုက်ရသည်။ ထိုဝင်ပေါက်၏ အနေအထားအရ ခန်းမ၏ အလယ်တည့်တည့်တွင် ရှိနေသည်။ ကျောက်မျှော်စင် အနီးတွင်လည်း လှေကားတစ်ခု ရှိသည်။

“ငါ ပြောတာ မှန်နေတာပဲ။ မြေအောက်အခန်း တကယ် ရှိနေတယ်”

လင်းဟွမ်သည် မြေအောက်အခန်း ဝင်ပေါက်ကို မြင်လိုက်လျှင် သူ့ခန့်မှန်းချက် မှန်ကန်ကြောင်း အတည်ပြုလိုက်သည်။

"ဒီနေရာက တော်တော်ကြီးတာပဲ။ ရတနာတွေ အများကြီး ရှိရမယ်။ ငါတို့တော့ ချမ်းသာပြီ"

လီလန်က စပ်ဖြဲဖြဲ ပြုံးပြီးပြောလိုက်သည်။ ထို့နောက် ကမူးရှူးထိုး ပြေးဝင်သွားရန် လုပ်စဉ် လင်းဟွမ်က လှမ်းတားလိုက်သည်။

"ခဏစောင့်၊ အခြေအနေတွေ အရင် စုံစမ်းဖို့ သွေးရဲရဲလေးကို ငါ အကူအညီ တောင်းလိုက်အုံးမယ်"

လင်းဟွမ်၏ အကျႌလက်စထဲတွင် ရှိနေသော သွေးရဲရဲလေးက ခရမ်းရောင် အမှုန်အမွှားများကို စေလွှတ်လိုက်သည်။ ထိုအမှုန်အမွှားများက မြေအောက်အခန်းထဲ ဝင်သွားကြသည်။ သိပ်မကြာခင် သွေးရဲရဲလေးက စောင်ကြည့်ရေး မျက်နှာပြင် ဖန်တီးပြီး လင်းဟွမ်ရှေ့တွင် ပြသ လိုက်သည်။

သူတို့သည် စောင့်ကြည့်ရေး မျက်နှာပြင်ကို ကြည့်နေကြသည်။

စောင့်ကြည့်ရေး မျက်နှာပြင်ထဲ၌ ခရုပတ်လှေကား အဆုံးသို့ ရောက်သွားသောအခါ မြေအောက် အဆောက်အဦးကြီး တစ်ခု ရှိနေသည်။ ထိုအဆောက်အဦးထဲတွင် ခေါင်းတလားများကို အစီအစဉ်တကျ သပ်ရပ်စွာ စီထားသည်။

မျှော့မျိုးစေ့များက လမ်းကြောင်းအမျိုးမျိုး ခွဲထွက်၍ ပျံသန်းသွားသည်။

အဆောက်အဦးထဲတွင် ခေါင်းတလားများ တစ်ထောင်နီးပါးခန့် ရှိသည်။ သို့သော် မွန်းစတား တစ်ကောင်မှ မတွေ့ရပေ။

မြေအောက်အဆောက်အဦး အပြင်ဘက်တွင် အခန်း လေးခန်းရှိပြီး ရတနာများ သိမ်းဆည်းထားသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများက ထိုနေရာကို လောဘကြီးစွာ စိုက်ကြည့်နေကြသည်။

ထို့အပြင် အဆောက်အဦးနှင့် အနီးဆုံး တစ်မီတာပင် မဝေးသောနေရာ၌ တစ်မီတာခန့် အရှည်ရှိသော အနီရောင် သေတ္တာကြီး တစ်ခု ရှိသည်။ အနက်ရောင် ချိန်းကြိုးများကဲ့သို့ ရုပ်ပုံများကို အနုစိတ် ထွင်းထုထားသည်။

"အန္တရာယ် မရှိဘူးထင်ရတယ်။ ဝင်ရအောင်"

လီလန်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

လင်းဟွမ်သည် အနီရောင် သစ်သားသေတ္တာကို မြင်လိုက်လျှင် မျက်မှောင် ကြုတ်သွားသည်။ ဤအရာက ဤမျှ မရိုးရှင်းမည်ကို သူ ကြောက်နေသည်။ သို့တိုင်အောင် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် ခေါင်းညိတ်လိုက်သည်။

“နန်းတော်ထဲက ပစ္စည်းတွေ စုဆောင်းပြီးတာနဲ့ ချက်ချင်း ပြန်ထွက်မယ်။ ခေါင်းတလားတွေကို မထိမိစေနဲ့”